www.burmeseclassic.com

ရွှေပဒေသာစာပေ



# မိုးစက်ပွင့်

## အလင်းတော်လမင်းရဲ့ချစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

ပုံနှိပ်ထုတ်ဝေခြင်း – ပထမအကြိမ်၊
၂၀၁၇၊ မတ်လ။
ထုတ်ဝေသူ – ဦးအေးလွင် (၀၀၄၀၅)
ရွှေပုဒ်သာစာပေတိုက်
အမှတ် (၃၃)၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် – ဦးအေးလွင် (၀၀၂၄၀)
အတွင်းပုံနှိပ်သူ ရွှေပုဒ်သာအော့ဖ်ဆက်
အမှတ် ၃၃၊ ကျိုက်တော်လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖြန့်ချေး – ၁၆၀၀ ကျပ်
အုပ်ရေ – ၅၀၀ အုပ်

ရ၉၅ ◦ ၈၃
မိုးစက်ပွင့်
အလင်းငတ်လမင်းရဲ့ချစ်ခြင်း/ မိုးစက်ပွင့် – ရန်ကုန်၊
ရွှေပုဒ်သာစာပေ ၊ ၂၀၁၇ ။
၂၈၀ – စာ ၊ ၁၂ ◦ ၃ × ၁၈ စင်တီ။
အလင်းငတ်လမင်းရဲ့ချစ်ခြင်း

# မိုးစက်ပွင့်

# အလင်းငတ်လမင်းရဲ့ချစ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁)

"တောက်"

"ခွမ်း"

"ဟင်"

ဖြူစင် ကိုယ်တွေရေ့တည့်တည့်ကိုမှ ဘီယာဘူးခွံဖြင့် ပစ်ပေါက်တာကို သိလိုက်ပြီး ခြေလှမ်းက ရပ်တန့်သွားလေသည်။ ဒါ တမင်လုပ်တာဆိုတာ အသိအသာကြီးပါပဲ။ ဒါကြောင့် ပစ်ပေါက်သူကို ကြည့်လိုက်တော့။

"ကုရွှေ"

မှန်တာပေါ့။ ဘီယာဘူးခွံနဲ့ ပစ်ပေါက်လိုက်တာ ကုရွှေထက်



www.burmeseclassic.com

www.burmeseclassic.com



သာပါ။ သူက ဖြူစင်ရဲ့အရိပ်လိုပါပဲ။ ဖြူစင် ဘယ်သွားသွား သူက အရိပ်လိုလိုက်နေတတ်သူပါ။ စိတ်ညစ်လို့ ဘီယာသောက်တာတောင် ဆိုင်မှာ ဇိမ်နဲ့ထိုင်မသောက်ဘဲ ဘီယာဘူးဝယ်လာပြီး လမ်းလျှောက်ရင်း ဖြစ်သလို သောက်ခဲ့တဲ့ကောင်ဟာ ကုဋ္ဌေထက်သာပဲပေါ့။

ကိုယ်သိပ်ချစ်ရသောမိန်းမတစ်ယောက်ကို ကိုယ်မဟုတ်တဲ့ အခြားယောက်ျားတစ်ယောက်နဲ့ တွဲပြီး ပြုံးပျော်ကြည်နူးနေတာ မြင်လိုက်ရတော့ ဒေါသကို မထိန်းချုပ်နိုင်ပေ။ နဂိုကတည်းက စိတ်ဆတ်သူမို့ ရင်ထဲမှာရှိတဲ့အတိုင်း လက်ထဲမှာ ကိုင်ထားတဲ့ ဘီယာဘူးနဲ့ ပစ်ပေါက်လိုက်တာပါ။

ဖြူစင် –

မျက်နှာပျက်စွာနှင့် ဝေယံစိုးကို မော့ကြည့်လိုက်တော့ ဝေယံစိုးက ဖြူစင်ကို နှစ်သိမ့်ပေးသောအပြုံးနှင့်ပါ။

“ကိုဝေယံကို အားနာလိုက်တာ”

မပွင့်တစ်ပွင့်ဆိုလေတော့ –

“အားနာစရာမလိုပါဘူး ဖြူစင်။ ကိုယ် နားလည်ပါတယ်။ အဆိုးအကောင်းအားလုံးကို ကိုယ် မျှဝေခံစားရမှာပေါ့”

“ဟုတ်တော့ ဟုတ်ပါတယ်။ ဒါပေမဲ့”





“မ”

“ဟင်”

ကုဋ္ဌေရဲ့ ‘မ’ လို့ခေါ်သံက အကျယ်ကြီးမို့ ဖြူစင်ကိုယ်လေး ဆတ်ခနဲတုန်သွားလေသည်။ သူ ဘယ်လောက်ဒေါသဖြစ်နေလဲ ဆိုတာ ဖြူစင်သိတာပေါ့။ ဖြူစင်တို့ကိုကြည့်နေတဲ့ ပုံက ကျားနာတစ်ကောင်လိုပါ။ အဲဒီလို ဒေါသကြီးတတ်တာတွေ၊ ဖွတ်တရွတ် လုပ်တတ်တာတွေကိုပဲ ဖြူစင်ကြောက်တာ။

သူ –

အေးစက်စက် ပေစောင်းစောင်းပုံစံဖြင့် လျှောက်လာလေတော့ ဖြူစင် ကိုဝေယံ လက်မောင်းကို ခပ်တင်းတင်း ဆုပ်ကိုင်ထားလိုက်မိသည်။

“အဲဒါ ဘာအထာလဲ ‘မ’။ ကျွန်တော့်အပေါ်မှာ ဘာ သောက်ချိုး ချိုးတာလဲ၊ ပြောစမ်းပါ။ ပြော”

“ကုဋ္ဌေ . . . မင်း မရိုင်းနဲ့နော်။ မင်းရိုင်းတိုင်း တို့က လိုက်မရိုင်းတတ်ဘူး။ ကိုယ့်လမ်းကိုယ်လျှောက်စမ်းပါ”

“ဘာ”

“——————”



www.burmeseclassic.com

www.burmeseclassic.com



"ရှိင်းတော့ ဘာဖြစ်လဲ 'မ'။ ကျွန်တော့်ကို သောက်ဂရုမစိုက်လို့ ရှိင်းနေရတာ။ ရှေ့ဆက်တိုးကြည့် ကျွန်တော် ဒီထက်ပိုရှိင်းပြဦးမှာ"

"ရှိင်းတာ ယဉ်တာတွေကို ဈေးကြီးကြီးပေးဝယ်ပြီး မွမ်းမံခြယ်သရတာမှ မဟုတ်ဘဲ ညီ။ ရှိင်းခွင့်တော့ရှိပါတယ်။ ဒါပေမဲ့ လူတစ်ယောက်ရဲ့ တန်ဖိုးကိုတော့ အဲဒီယဉ်တာ ရှိင်းတာတွေက ခွဲခြားသတ်မှတ်ပေးတာပါ"

"သတ်မှတ်ချင်တာနဲ့ သတ်မှတ်ဗျာ။ ကျွန်တော် ဂရုမစိုက်ဘူး။ တန်ဖိုးတွေနဲ့ ကျွန်တော့်ကိုလာပြီး ခြိမ်းခြောက်မနေနဲ့။ ကြောက်သွေးပါရင် ဖောက်ထုတ်ပစ်မယ်"

"ညီ"

"မခေါ်နဲ့။ ခင်ဗျား ကျွန်တော့်ကို အဲဒီလို ခေါ်စရာမလိုဘူး။ အပျော့ဆွဲနဲ့ လူယဉ်ကျေးဟန်ဆောင်ပြီး ကျွန်တော့်ချစ်သူကို မသိမ်းပိုက်နဲ့။ ကျွန်တော်ကတော့ ရှင်းရှင်းပဲ။ 'မ' ကို ကျွန်တော်အဆုံးရှုံးမခံနိုင်ဘူး။ အရမ်းချစ်တယ်။ ကျွန်တော့်ရင်ခွင်ကို ခြေစုံကန်ပြီး ထွက်သွားရဲ ထွက်သွားကြည့်"

စကားကို ဖြတ်ထားလိုက်ပေမယ့် မျက်ဝန်းက အရိပ်တို့သည်





နောက်ဆက်တွဲထွက်မလာတဲ့ စကားလုံးတို့၏ အဓိပ္ပာယ်ကို ဖော်ညွှန်းပြနေသည်။ ထို့ကြောင့် ဖြူစင် သူနဲ့ ပတ်သက်ခဲ့မိတဲ့ အချိန်ကာလအတွက် နောင်တရမိတာ အမှန်ပါ။

အစကတည်းက ...မပတ်သက်ခဲ့မိလျှင် အကောင်းသားပေါ့။

"ဒါကတော့ကွာ ...ဖြူစင်က သက်မဲ့အရုပ်တစ်ရုပ်မှ မဟုတ်တာ။ သူနှစ်သက်ရာ ရင်ခွင်ကို ရွေးပိုင်ခွင့်ရှိတာပဲ။ ဒီအိမ်ထောင်ရေးကို လွယ်လွယ်တွေးပြီး ရွေးချယ်လို့မရဘူးလေ"

"ခင်ဗျားပါးစပ်ကို ပိတ်ထား"

"ကုရွှေ"

ဖြူစင် ဒေါသကြီးစွာနှင့် အော်ပစ်လိုက်မိသည်။ လူကြီးကို လူကြီးမှန်းမသိ ရှိင်းရှိင်းပျပျ ဆက်ဆံတာ ကောင်းသလား။ ကိုယ့်ကို ဘယ်လောက်ချစ်တယ်၊ ချစ်လို့ ဒီလိုတွေပြောနေတယ်ဆိုတာကို သိပေမယ့် ရှိင်းတာကိုတော့ ခွင့်မလွှတ်ချင်ပေ။

သူ ခံစားပြီးပေါက်ကွဲနေသလို –

ကိုယ်ကရော အကောင်းပကတိအတိုင်း ရှိလို့လား။ မချင့်လို့မဟုတ်ပါဘဲ မဖြစ်နိုင်ခြင်းတွေကြောင့် ထားခဲ့ရမယ့် သူရင်ထဲမှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေ ပရွမ့်နှင့်ပါ။

"မင်းနဲ့ ငါ ဘာမှမပတ်သက်တော့ဘူး ကုဋ္ဌေ။ နောက်ထပ်လည်း ပတ်သက်စရာအကြောင်း မရှိဘူး။ မင်းကို တောင်းပန်ပါတယ်။ ကိုယ့်လမ်းကို ဆက်လျှောက်ပါရစေ"

"ဘာ"

ကုဋ္ဌေ ခေါင်းကိုငုံ့ပြီး ဖြူစင်မျက်နှာကို စူးစူးရဲရဲကြည့်ကာ–

" 'မ' မလျှောက်ရဘူး။ ကိုယ့်လမ်းကိုယ်မလျှောက်ရဘူး။ ကျွန်တော် လျှောက်ခွင့်မပေးနိုင်ဘူး 'မ'။ 'မ' လျှောက်ရမယ့်လမ်းက ကျွန်တော့်ရင်ခွင်ထဲ ဝင်လာဖို့ပဲ ဖြစ်ရမယ်။ လမ်းကြောင်းပြောင်းပြီး လျှောက်ရဲ လျှောက်ကြည့်"

"မင်း ဘာလုပ်မှာလဲ"

"အသက်ရှင်လျက် ကျွန်တော့်ရင်ခွင်ထဲကနေ ထွက်သွားခွင့် မပေးဘူး"

ပြောလိုက်တာ တစ်ခွန်းချင်း ပြတ်ပြတ်သားသားပါ။ ဝေယံ မျက်မှောင်ကြုတ်သွားပြီး –

"မင်းလုပ်ချင်တိုင်း လုပ်ရအောင် ဒါ မင်းမွဲတိုင်းပြည်မှ မဟုတ်တာကွ"





ကုဋ္ဌေ မဲ့ပြုံးပြုံးလိုက်ကာ –

" 'မ' ကို သတ်ပြီး ကျွန်တော်ရော လူ့လောကကြီးထဲမှာ အသက်ရှင်ကျန်ရစ်မယ်လို့ ခင်ဗျားထင်နေလား"

"ဟာ ကွာ"

"ကုဋ္ဌေ . . . မင်းကို မမ တောင်းပန်ပါတယ်။ မင်းသွားပါတော့။ မင်းနဲ့မမ ရှေ့ဆက်ဖို့ ဘယ်လိုမှ မဖြစ်နိုင်လို့ပါ"

"ဘာလို့ မဖြစ်နိုင်ရမှာလဲ။ ဖြစ်နိုင်ခြင်း မဖြစ်နိုင်ခြင်းဆိုတာ 'မ' အပေါ်မှာပဲ မူတည်တာပါ"

"ဟုတ်တယ်၊ မမအပေါ်မှာပဲ မူတည်တယ်။ မင်းကလည်း မင်းမာနနဲ့မင်း၊ ငါကလည်း ငါ့မာနနဲ့ငါပဲ ကုဋ္ဌေ။ ငါက လူတစ်မျိုးပဲ။ အချစ်အတွက်နဲ့ မာနကို ခဝါချမယ့်မိန်းမမျိုး မဟုတ်ဘူး။ ကိုယ့်ကို မကြည့်ဖြူတဲ့ အသိုင်းအဝိုင်းထဲကို ငါ ဘယ်တော့မှ ခေါင်းငုံ့မတိုးဘူး။ အဲဒါ ငါ့မာနပဲ"

"မ"

ကုဋ္ဌေ ဒေါသထွက်ပြီးရင်းထွက်ပါပဲ။ တကယ်ချစ်တဲ့သူတွေကြားမှာ မာနထားဖို့လိုသလား။ ချစ်ရင် သတ္တိရှိရမည်၊ စွန့်စားရဲရမည်။ ကုဋ္ဌေမမေက 'မ' နဲ့ကုဋ္ဌေကို သဘောမတူဘူးတဲ့။ ဒါကို 'မ' က



www.burmeseclassic.com

www.burmeseclassic.com



မာနလားနေတာ။ တကယ်ဆို ပေါင်းကြရမှာ ချစ်သူနှစ်ယောက်ပဲလေ။

အသိုင်းအဝိုင်းနဲ့ ပေါင်းရမှာမှ မဟုတ်တာ။ သူနဲ့ကိုယ် ချစ်နေကြရင် ပြီးတာပဲ မဟုတ်လား။ အသိုင်းအဝိုင်းဆိုတာကို ဘာမှ ထည့်တွက်နေစရာမလိုပေ။

" 'မ' ပေါင်းကြရမှာ 'မ' နဲ့ကျွန်တော်လေ။ ဘာလို့ အသိုင်းအဝိုင်းဆိုတာကို ထည့်တွက်နေတာလဲ။ 'မ' သတ္တိမရှိတာ၊ 'မ' သူရဲဘောကြောင်နေတာ"

"ဒီမှာ ကုဋ္ဌေ"

"ပြော"

"အိမ်ထောင်ပြုတယ်ဆိုတာ သူနဲ့ကိုယ် ပေါင်းရုံနဲ့ မပြီးဘူးကွ။ မိသားစုနှစ်စု ပေါင်းစည်းခြင်းပဲ၊ ကိုယ့်ကို အလိုမရှိဘဲ မိသားစုထဲကို ငါ ဘယ်တော့မှ မဝင်ဘူး။ အဲဒါ မင်း မြဲမြဲမှတ်ထား"

"မရဘူး 'မ'။ 'မ' မဝင်ချင်တဲ့ အသိုင်းအဝိုင်းထဲကိုလည်း မောင် ဆွဲမခေါ်ဘူး။ မောင်ဖြစ်ချင်တာ 'မ' နဲ့မောင် နှစ်ယောက်တစ်ဘဝ။ နှစ်ယောက်တစ်ကမ္ဘာ တည်ဆောက်ချင်တာ 'မ' ရဲ့။ 'မ' ကို မောင် ဘယ်လောက်ချစ်ခဲ့လဲ 'မ' သိပါတယ်"

"တော်စမ်း ကုဋ္ဌေ မင်း လျှာအရိုးမရှိတိုင်း လျှောက်ပြော





မနေနဲ့။ ငါ ငါနဲ့ လက်တွဲဖို့ သင့်တော်တဲ့သူကို ရွေးချယ်ပြီးပြီ။ မင်း ထပ်ပြီးမနှောင့်ယှက်ပါနဲ့။ ကိုဝေယံက ငါ့အပေါ် နားလည်ပေးတယ်။ မင်းလို နေရာတကာ လိုက်သဝန်တိုပြီး အတ္တနဲ့ ငါ့ကို ဘောင်ခတ်မထားဘူး။ အဲဒါကြောင့် သူ့ကိုငါချစ်တယ်။ သူ့ကိုပဲ လက်ထပ်မယ်။ မင်း မနှောင့်ယှက်ပါနဲ့"

"ဘာ"

ဖြူစင့်စကားက မြွေပွေးကို တုတ်နဲ့ထိုးပြီး စလိုက်သလိုပါပဲ၊ ကုဋ္ဌေ ရှူးရှူးရှဲရှဲ ဖြစ်သွားကာ –

" 'မ' အဲဒီလိုလုပ်လို့မရဘူး။ ကျွန်တော်က 'မ' ထားခဲ့တိုင်း နေခဲ့မယ့်ကောင် မဟုတ်ဘူး။ 'မ' အခု ကျွန်တော်နဲ့လိုက်ခဲ့"

"အို လွှတ်စမ်း"

ကုဋ္ဌေက ဖြူစင် လက်ကောက်ဝတ်ကို တင်းတင်းဆုပ်ပြီး ဆွဲခေါ်လေတော့ ဖြူစင် အတင်းပဲရုန်းလေသည်။ ဝေယံမှာလည်း မျက်လုံးပြူးလျက် –

"ဟေ့ကောင်"

"ကုဋ္ဌေ လွှတ်စမ်း"

"ချာတိတ်၊ မင်း အဲဒီလိုမလုပ်နဲ့လေကွာ။ သူ့ကိုလွှတ်လိုက်"



www.burmeseclassic.com

www.burmeseclassic.com



"ကုဋ္ဌေ ဖယ်နော်၊ လွှတ်"

ကုဋ္ဌေ ဘယ်သူ့ကိုမှ ဂရုမစိုက်ပေ။ ဖြူစင်ကိုသာ အမိအရ ဆွဲခေါ်နေတာမို့ –

"ကုဋ္ဌေ ... မင်းပြောနေတာ မရဘူးလား"

"ခင်ဗျား မရှုပ်နဲ့"

"ကုဋ္ဌေ လွှတ်နော်"

ဖြူစင့်လက်ကို ဆောင့်ရုန်းတာမရသဖြင့် ကျန်တဲ့လက် တစ်ဖက်က မြှောက်တက်သွားကာ –

"ကဲဟယ်"

"ဖြန်း"

ကုဋ္ဌေ ပါးတစ်ဖက်မှာ မီးပွင့်သွားလေသည်။ ပါးကို လက်နှင့်မပွတ်ဘဲ ပြန်လှည့်ကြည့်လာတဲ့ အကြည့်တွေက မီးကွင်းမီးတောက်များ ပမာနှယ်။

"မ ကျွန်တော့်ပါးကို ရိုက်တယ်"

"ရိုက်တယ် ... ဘာဖြစ်လဲ။ မင်း အခု ငါ့ရှေ့ကထွက်သွား"

"ရတယ်၊ ကျွန်တော်ကလည်း 'မ' လို သစ္စာမရှိတဲ့သူနဲ့ တန်တာ ပြန်ပေးရမှာပေါ့"





"ဖြန်း"

"အား"

ကုဋ္ဌေက ဖြူစင့်ကို ပါးပြန်ရိုက်တော့ ဝေယံမျက်စိပြာသွားလေသည်။ ဒေါသကလည်း ထိန်းလို့မရတော့ပေ။

"ကုဋ္ဌေ ... မင်းအချစ်က ဒါလားကွ။ တောက်"

"ခွပ်"

"ကိုဝေယံ"

"ခွပ်"

"အ"

"ကုဋ္ဌေ မလုပ်ပါနဲ့"

"ဖြူ မလာနဲ့"

ဝေယံက ဖြူစင်ကိုမလာဖို့တားပြီး ကုဋ္ဌေနဲ့ သူတို့ ကိုယ်တိုင်သူနာကိုယ်နာပါ။ ဖြူစင် ဘယ်သူ့ကိုမှ မနာကျင်စေချင်တာမို့ ဘယ်သူ့ကိုဆွဲပြီး ဘယ်သူ့ကို တားရမှန်းမသိပေ။ ဘေးကလူတွေကို အော်ဟစ်အကူအညီတောင်းလေတော့ ဘေးကလူတွေ ဆွဲကြ လွဲကြလေသည်။

"မ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မောင် 'မ' ကို ရအောင်ယူမှာနော်။ အဲဒီလူကို လက်ထပ်ရဲ လက်ထပ်ကြည့်။ နှစ်ယောက်စလုံး အသေပဲ၊ မယုံမရှိနဲ့"

"ဟာကွာ . . . ဒီကောင်။ တော်တော်ဆိုးဆိုးပါလား။ သွားကွာ"

"ဖယ်စမ်းပါ"

သူများတွေ ဆွဲတာကို အဆွဲမခံဘဲ ကုန္ဓေထွက်သွားလေတော့သည်။ သူ့ကျောပြင်မှာ အတ္တတွေ မာနတွေ ကပ်ငြိနေလို့ပေါ့။

※



## အခန်း (၂)

သားမျက်နှာက ညိုညိုကွက်ကိုမြင်တော့ ဒေါ်ခင်မာညို ဒေါသူပုန်ထလေတော့သည်။ ကိုယ့်မှာတော့ ကိုယ့်သားကို မထိရက် မတို့ရက်။ အခု မိန်းမတစ်ယောက်အတွက်နဲ့ သူများထိုးတာခံလာရတယ်ဆိုတော့ ဒီအတိုင်းပဲ မျက်ရည်ကျပြီး ဆေးလိမ်းပေးရမလား။

ခင်မာညိုက –

အဲဒီလို မျက်ရည်ကို အလွဲသုံးစားလုပ်ပြီး ပျော့ညံ့တဲ့မိန်းမ မဟုတ်ပေ။ ဒါကြောင့် –

"တောက်၊ မိန်းမတစ်ယောက်အတွက်နဲ့ သူများထိုးတာ ခံလာရတယ်လို့။ ရာဇဝင်ရိုင်းလိုက်တာ ကုန္ဓေရယ်။ ငါ မွေးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သား အဲဒီလောက်အထိ ပျော့ညံ့လိမ့်မယ်လို့ ငါ လုံးဝ ထင်မထားခဲ့ဘူး သိလား"

"သူများထိုးတာခံလာရတယ်လို့ မပြောပါနဲ့ပါ။ သူထိုးကိုယ်ထိုးပဲ။ မေမေထင်သလို သားမပျော့ညံ့ဘူး။ ကုဋ္ဌေထက်သာဆိုတဲ့ ကောင်က မျက်နှာချင်းဆိုင်ပြီး ဓားတစ်ချက်ချင်းယှဉ်ထိုးမယ်ဆိုရင်တောင် ကိုယ့်ဓားချက်က သူများဓားချက်ထက် လက်တစ်ဆစ် ပိုနစ်ဝင်အောင် ထိုးမဲ့ကောင်"

"ငါက လက်တစ်ဆစ် ဓားချက်ပိုနစ်အောင် ထိုးနိုင်တာကို မလိုချင်ဘူး ကုဋ္ဌေ၊ သူများနဲ့ယှဉ်ရင် ကိုယ့်သားအပြတ်အသတ်နိုင်တာကိုပဲ မြင်ချင်တာ။ ဖြစ်လာသမျှ ပြဿနာရှင်းမယ်လို့ပြောထားပြီးသား"

သူတို့စကားသံတွေကို နားစွင့်ရင်း ကြက်မွေးတံနဲ့ စားပွဲကို ဖုန်သုတ်နေတဲ့ ထမင်းချက်ဒေါ်စီစီ သက်ပြင်းချပြီး ခေါင်းခါလိုက်မိသည်။ ညီ့သားကို ချစ်ပုံက ချစ်နည်းမှားနေသည်လေ။ လိမ္မာအောင် သွန်သင်ဆုံးမရမယ့်အစား မိုက်ရိုင်းဖို့ တွန်းအားပေးသလို ဖြစ်မနေဘူးလား။

သားသမီးကို ချစ်နည်းမှန်ဖို့လိုသည်လေ။ အခု ညီ့က ချစ်နည်းလွဲနေတာ။





"ဒါဆိုရင် အခုကိစ္စကို မေမေ ဘယ့်လိုရှင်းပေးမလဲ"

"ဘယ်လိုရှင်းရမလဲ။ တိုင်ရမှာပေါ့။ သက်ဆိုင်ရာကို တိုင်ပြီး ဥပဒေအရ အရေးယူခိုင်းမယ်"

"အဟွန်း"

ကုဋ္ဌေ မဲ့ပြုံးပြုံးလိုက်မိကာ –

"ယောက်ျားချင်း သူထိုးကိုယ်ထိုး ထိုးကြတာ တိုင်စရာမလိုပါဘူး။ တိုင်လိုက်ရင် သား သိက္ခာကျမှာပေါ့"

"ဘာ"

"သားလိုချင်တာ အဲဒါမဟုတ်ဘူး မေမေ။ မနဲ့သားကိစ္စကို ရှင်းပေးဖို့ပြောတာ"

"မေမေ သဘောမတူဘူးလို့ ပြောထားပြီးသားလေ"

ဒေါ်ခင်မာညီ့အသံက ပိုကျယ်သွားလေသည်။

"မင်းအတွက် မိန်းမ ဒီလောက်တောင်ပဲ ရှားသလား သား"

"မိန်းမကပေါတယ်လေ။ နှလုံးသားက တကယ်ချစ်နိုင်တဲ့သူရှားတာ၊ သား ဖြူစင်ကြယ်ကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်နိုင်တာအစားထိုးလို့လည်း မရဘူး။ ဤမှန်သောသစ္စာစကားကြောင့် မနဲ့ကျွန်တော် ပေါင်းစည်းခွင့်ရပါစေသား"



www.burmeseclassic.com

www.burmeseclassic.com



"ကုဋ္ဌေ"

မေမေ ဘာဆက်ပြောမလဲ ပြောစမ်းဆိုသည့်သဘောနှင့် ကုဋ္ဌေ ငြိမ်သက်စွာထိုင်နေမိသည်။ ကုဋ္ဌေလိုလူမျိုးအတွက် မိန်းမ မရှားတာတော့ သိတာပေါ့။ ဒါပေမဲ့ အချစ်ဆိုတာ လုပ်ကြံဖန်တီးယူလို့မှ မရပဲလေ။ ကုဋ္ဌေချစ်တာ 'မ' တစ်ယောက်တည်းပါ။

'မ' ကိုမှ စွဲစွဲလမ်းလမ်း ချစ်မိတဲ့နှလုံးသားက မပြောင်းမလဲ မဖောက်မပြန် 'မ' မှ 'မ' ပါ။ 'မ' ကို အကြောင်းပြချက်မရှိ ချစ်ခဲ့တာ။ လှလို့ချစ်တာမဟုတ်၊ ချစ်လို့လှတဲ့မျက်နှာလေးက ကိုယ့်မျက်လုံးထဲမှာ အဓိကကျတဲ့ အစိတ်အပိုင်းတစ်ခုလိုပါပဲ။

"မင်းကို သက်ထားချိုနဲ့ပဲ လက်ထပ်ရမယ်လို့ မေမေ ပြောထားပြီးသားနော်"

"သားလည်း အပြတ်ပြောပြီးသားပါ။ ဖြူစင်ကြယ်ကလွဲပြီး ကျန်တဲ့မိန်းမဆို လက်လည်းမထပ်ဘူး၊ ခြေလည်းမထပ်ဘူး"

"အေး . . . ငါကလည်း အပြတ်ပြောမယ်။ ဖြူစင်ကြယ်နဲ့ဆို လုံးဝ သဘောမတူဘူး။ ငါ့ချွေးမအဖြစ်လည်း မသတ်မှတ်နိုင်ဘူး"

"မေမေ့ချွေးမအဖြစ် သတ်မှတ်ဖို့က အဓိကမကျပါဘူး။ သား 'မ' ကို ပိုင်ဆိုင်ရဖို့ပဲ အရေးကြီးတာ"





"မင်းက ငါ လက်နဲ့ရေးတာကို ခြေနဲ့ဖျက်မလို့လား ကုဋ္ဌေ"

"မေမေရေးတဲ့စာက ဆွဲဆောင်မှုမှ မရှိတော့ ဖျက်ရတော့မှာပဲ မေမေ။ သားက စိတ်မဝင်စားရင် မျက်စောင်းတောင်ထိုးကြည့်တတ်တဲ့ကောင် မဟုတ်ဘူး"

"ထောက်"

မာနနဲ့ထုဆစ်ထားတဲ့ သားအမိ အခြားသူနဲ့ မဟုတ်ဘဲ သားအမိချင်း မာနချင်းပြိုင်နေကြပါပြီ။ ကုဋ္ဌေကအစကတည်းက သားလိမ္မာတစ်ယောက်မှ မဟုတ်တာ။ မိဘစကား မနာခံတတ်ခဲ့တာ မိခင်ရဲ့ ဟာကွက်တွေကြောင့်လို့တော့ မပြောချင်ပေ။

ကုဋ္ဌေငယ်ငယ်ကတည်းက –

မိဘနှစ်ပါးအိမ်ထောင်ရေး အဆင်မပြေလို့ ကွာရှင်းလိုက်ကြပြီး ဖခင်ဖြစ်သူက နောက်အိမ်ထောင်ပြုသည်လေ။ အဲဒီအချိန်ကတည်းက ဒေါ်ခင်မာညိုတစ်ယောက် မခံချင်စိတ်နဲ့ ကြိုးစားခဲ့တာ။ အစစအရာအရာမှာ ဒင်းတို့ထက်သာစေရမယ်ဆိုပြီး စီးပွားရေးပြိုင်းရင်း စီးပွားရေးပဲ ခေါင်းထဲထည့်ခဲ့တာပါ။ စီးပွားရေးကိုပဲ လုံးပန်းပြီး ကုဋ္ဌေကိုကျ ဂရုမစိုက်၊ နွေးထွေးမှု မပေးနိုင်ခဲ့ပါဘူး။ ငွေကို ရေလိုသုံးနိုင်ရပြီး –



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာတရားကျ

ကုဋ္ဌေအတွက် ရှားပါးလွန်းသည်လေ။ ကြာတော့ အထီးကျန် ဆန်ခြင်းတွေ လွှမ်းမိုးလာပြီး မေမေက ကုဋ္ဌေကို မချစ်ဘူးဆိုတဲ့ အတွေးနဲ့ လုပ်ချင်ရာလုပ်၊ ပြောချင်ရာပြောရင်း ဒီပုံစံ ဖြစ်လာခဲ့တာပါ။

"ငါသိတယ် ကုဋ္ဌေ။ မင်း အဲဒီကောင်မရဲ့ ဘာမဟုတ်တဲ့ ကဗျာတွေ၊ ဝတ္ထုတွေဖတ်ပြီး စွဲလန်းနေတာ မဟုတ်လား။ ကဗျာလေး ဝတ္ထုတိုလေး ရေးတတ်ရုံလောက်နဲ့ ဘာမှ အထင်ကြီးစရာမရှိဘူး။ မင်း ထမင်းငတ်သေမယ် နားလည်လား"

"လောကမှာ ထမင်းငတ်သေတဲ့ မသာက အရှင်းရှားပါတယ် မေမေရာ။ မေမေ သူ့မှာ အခြားအပြစ်ရှာလို့ရရင် ပြောပါ။ သူချစ်တဲ့ သူ့အနုပညာကိုတော့ မစော်ကားပါနဲ့။ ပြီးတော့"

"ဘာဖြစ်လဲ ဆက်ပြော"

" 'မ' ရဲ့ဝင်ငွေကို တွက်ချက်နေရအောင် သားက မိန်းမ ထဘီနား ခိုစားမယ့်ကောင်မှ မဟုတ်တာ။ သားက ယောက်ျားပါ။ အိမ်ထောင်ဦးစီးပီသစေရမယ်"

ပြောပြီး ကုဋ္ဌေ ထသွားလေလျှင် –

"အမလေးတော် . . . ပြောသွားလိုက်တာ ကြက်ခေါင်းဆိတ်





မခံပါလား။ အေး . . . ငါကလည်း မှရ ရတဲ့နည်းနဲ့ တားမှာပဲ ကုဋ္ဌေ။ အဲဒီမိန်းမနဲ့တော့ နင့်ကို လုံးဝမပေးစားနိုင်ဘူး သိလား"

ကြားရတာ နားဝမှာ မချမ်းသာတာမို့ ဒေါ်စီစီ သက်ပြင်းသာ ခဏခဏ ချနေမိတော့သည်။ ငှက်ပျောပင်စိုက်ရင် ငှက်ပျောသီးစားရမှာပေါ့။ ကြက်ဟင်းခါးပင်စိုက်ရင် ကြက်ဟင်းခါးသီးပဲ စားရမှာပေါ့လေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဖြူစင် လုံးချင်းဝတ္ထုရေးနေတာ အခုဆိုရင် လုံးချင်း ငါးအုပ်ပြီးသွားပါပြီ။ ကိုဝေယံနဲ့ စတွေ့တာ ဒီစာအုပ်ကိစ္စတွေကြောင့်ပဲလေ။ ကိုဝေယံက ဖြူစင်ရေးတဲ့ ဝတ္ထုတိုတွေကို ဖတ်ဖူးသည်တဲ့။ သူက ထုတ်ဝေသူတစ်ယောက်မို့ –

ဖြူစင့်ကို လုံးချင်းရေးဖို့ တိုက်တွန်းခဲ့သည်လေ။ ရေးပြီး ငါးအုပ်ပြည့်ရင် ထုတ်မယ်လို့ပြောထားသည်။ စာအုပ်ကိစ္စက သပ်သပ်ပါ။ ကိုဝေယံနဲ့ဖြူစင် စာအုပ်အကြောင်းတွေပြောရင်း ရင်းနှီးသွားကြပြီးနောက်တော့ ကိုဝေယံက ဖြူစင့်ကို လက်ထပ်ပါရစေတဲ့။

"မမ"





"ဟင်"

"စာအုပ်တွေက တကယ်ထုတ်မှာလားဟင်"

"တကယ်ထုတ်မှာပေါ့ ပန်းရဲ့။ ဒီနေ့ စာမူတွေအပ်မှာလေ"

"ဟိဟိ . . . ဝမ်းသာစရာကြီး။ ဒါနဲ့မမ"

"ဘာလဲ ပန်း"

ဖြူစင် စာမူတွေကိုထပ်ရင်းမှ ပန်း ဖြူစင်ကို ငဲ့ကြည့်လေသည်။

"ကိုဝေယံက သဘောကောင်းတယ်နော်။ မမကိုလည်း တော်တော်ချစ်ပုံရတယ်။ မမ အရမ်းကံကောင်းတာပဲ သိလား"

ဖြူစင် သက်ပြင်းလေးချလိုက်မိသည်။ ရင်ထဲမှာလည်း စူးခနဲ နင့်ခနဲဖြစ်သွားရသည်သာ။ ကိုဝေယံက ဖြူစင်ကို ချစ်တာမှန်ပါတယ်။ ဖြူစင်ကတော့ နှလုံးသားရဲ့ တောင်းဆိုမှုကို မာနနဲ့ ဖုံးကွယ်ထားသူပါ။

"တီ တီ"

"ဟင်"

အိမ်ရှေ့ကကားဟွန်းတီးသံကြောင့် ညီအစ်မနှစ်ယောက် လည်ပင်းလေးတွေ ရှည်သွားကြသည်။ ပြီး ထလာခဲ့ကြပြီး –

"သြော် . . . ကိုဝေယံ"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံက အိမ်ထဲသို့ ဝင်ရင်း –

"ဒီနေ့ ဖြူစင်စာမူတွေပြီးမယ်ဆိုလို့ လာယူတာ။ ထုတ်ပေးမယ့်သူက ထုတ်ပေးချင်နေပြီလေ။ ဖြူစင်က အတွေးအခေါ်ကောင်း အရေးအသားကောင်းတော့ အောင်မြင်မယ်လို့ ကိုယ်ယုံကြည်တယ်"

"သိပ်မမြှောက်နဲ့ ကိုဝေယံ။ ဖြူစင်က မြှောက်တတ်တယ်နော်"

"ဖြူစင်ကလည်း သူစိမ်းဆန်လိုက်တာ"

"ရှင်"

"ကိုယ်က မြှောက်ပြောနေတာမှ မဟုတ်တာ။ တကယ်ယုံကြည်လို့ ပြောတာပါ"

"ဟုတ်ပါပြီ"

ဝေယံ ဆိုဖာပေါ်မှာ ဝင်ထိုင်လေတော့ ဖြူစင် စာမူတွေယူလိုက်ကာ –

"ဖြူစင် လာပို့မလို့ ကိုဝေယံရဲ့။ အခု ကိုဝေယံလာယူတော့ ပိုပြီးအဆင်ပြေသွားတာပေ့ါ။ ရော့ ကိုဝေယံ၊ စာမြည်းလေး ဖတ်ကြည့်ပါဦး"

ဝေယံက စာမူတွေကိုယူလိုက်ကာ ခေါင်းစဉ်တွေကို အရင်





ကြည့်ပြီး –

"ဟား ခေါင်းစဉ်နဲ့တင် ဆွဲဆောင်မှုက ရှိနေပြီ။ ခေါင်းစဉ်ဖတ်ကြည့်လိုက်တာနဲ့ ဖတ်ချင်စိတ်ပြင်းပြလာတော့ မြည်းကြည့်လိုက်ဦးမယ်"

ပြောပြီး ဝေယံက စာမူတစ်ခုကို ဖတ်ကြည့်လေသည်။ စာဖတ်နေရင် အနားလာပြီးစကားပြောတာမကြိုက်တဲ့ ဖြူစင် သူများစာဖတ်ရင်လည်း အနှောင့်အယှက်မပေးချင်ပေ။ ပြီးတော့ သူဖတ်နေတာ ကိုယ်ရေးတဲ့စာမူပဲလေ။ သူက ထုတ်ဝေသူ။

ထို့ကြောင့် –

ပန်းကို ကော်ဖီဖျော်ပေးဖို့ ခပ်တိုးတိုးပြောပြီး သူမက ငြိမ်သက်စွာ ထိုင်နေလိုက်သည်။ စာမူငါးအုပ်ရဖို့ သူမ ကြိုးစားပြီးရေးခဲ့ရတာ အချိန်အကြာကြီးပါ။ အရင်က ကဗျာနဲ့ဝတ္ထုတိုသာ ရေးပြီး လုံးချင်းရေးရမယ်ဆိုတော့ ရင်ခုန်ဝမ်းသာစွာနှင့် လေ့လာသင့်တာ လေ့လာရတာပေ့ါ။

ပြီးတော့ –

လုံးချင်းစရေးစဆိုတော့ အဆင်မှ ပြေပါ့မလားလို့ စိတ်ညစ်ခဲ့ရသေးတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်"

"ရှင် ကိုဝေယံ"

"ဖြူစင် တကယ်တော်တယ်ကွာ။ ဝတ္ထုတစ်အုပ်လုံး ထိုင်မဖတ်နိုင်ပေမယ့် ဒီလောက်ဆို ကိုယ်သိပါတယ်။ အရေးအသားက ဆွဲဆောင်မှုရှိတယ်။ ဒါကြောင့် အောင်မြင်မယ်လို့လည်း ယုံကြည်တယ်"

"ဖြူစင် ကြိုးစားမှာပါ ကိုဝေယံ။ ကိုယ် ဝါသနာပါတဲ့အလုပ်ကို လုပ်ခွင့်ရလို့ ကျေနပ်တယ်။ ကိုယ့်ကလောင် ထာဝရရပ်တည်အသက်ရှင်နိုင်ဖို့အတွက် ဖြူစင် အစွမ်းကုန် ကြိုးစားမှာပါ"

ဝေယံ ခေါင်းညိတ်လိုက်ပြီး –

"ကောင်းပါတယ် ဖြူစင်။ ဝါသနာကိုအရင်းခံပြီး ဖြစ်ချင်တဲ့ စိတ်ဆန္ဒကလည်းပြင်းပြတယ်၊ ပရိသတ်အပေါ်လည်း စေတနာထားတယ်ဆိုရင် အောင်မြင်မှာပါ"

သူ့ရဲ့အားပေးနှစ်သိမ့်မှုကြောင့် ဖြူစင် ကျေနပ်ပီတိဖြစ်ရသည်သာ။ ကိုဝေယံက ဘာမဆို အတတ်နိုင်ဆုံး စိတ်ရှည်သည်းခံတတ်သူပါ။ ပြဿနာဖြစ်လာရင် စိတ်အေးအေးထားပြီး ဖြေရှင်းတတ်သူ။ လူမှုဆက်ဆံရေးလည်း ကောင်းပြီး သူတစ်ပါးကို သနားငဲ့ညှာတတ်သူ။





ဒါကြောင့် –

ကိုဝေယံက မိန်းမတစ်ယောက်အတွက် လက်တွဲဖို့ ရွေးချယ်သင့်တဲ့ ယောက်ျားကောင်းတစ်ယောက်ပါ။

"ဖြူစင် စာအုပ်တွေထွက်ဖို့ကိစ္စမှာ အစစအရာရာ ကူညီပေးခဲ့တဲ့ ကိုဝေယံကို ဖြူစင် အများကြီးကျေးဇူးတင်ပါတယ် ကိုဝေယံ"

"ဖြူစင်"

"ရှင်"

"ကျေးဇူးတင်စကားပြောတာကို ကိုယ်မကြိုက်ဘူးနော်။ ဖြူစင်နဲ့ကိုယ့်ကြားမှာ ပြောစရာမှမလိုတာ။ ဖြူစင်အလုပ်က ကိုယ့်အလုပ်ပဲပေါ့။ မကြာခင် လက်ထပ်ကြတော့မှာပဲဟာ"

"ညီအစ်ကိုမောင်နှမကအစ မိဘပဲဖြစ်ဖြစ် ကျေးဇူးတင်ထိုက်သူကို ကျေးဇူးတင်ရမှာပဲလေ ကိုဝေယံ။ တကယ်လိုအပ်လို့ ကျေးဇူးတင်စကားပြောတာပါ"

"ဟား ... စာရေးဆရာမကတော့ကွာ စကားပြောရတာ တော်တော်ခက်တယ်။ ခင်ဗျားလေး စကားတတ်တိုင်း ကျွန်တော်ကမတတ်ဘူးဗျ။ တကယ်ကို မနိုင်တော့ဘူး"

"ကိုဝေယံနော်"



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင် နှုတ်ခမ်းလေးစူတော့ ဝေယံက ရယ်လေသည်။ ပြီးမှ စာမူတွေကို စားပွဲပေါ် ချထားလိုက်ပြီး –

"အခုထိ အခေါ်ပြောင်းဖို့ မစဉ်းစားသေးဘူးလား ဖြူ"

"ရှင်"

"တကယ်ပဲ၊ ကိုယ့်ချစ်သူက သူစိမ်းဆန်ဆန်ကြီး နာမည်ပဲ ခေါ်နေတာ အခေါ်ခံရတိုင်း အောင့်သက်သက်နဲ့"

"ကိုဝေယံကလည်း"

ဖြူစင် ခေါင်းလေးငုံ့ထားမိတော့သည်။ ကိုဝေယံက ချစ်သူ ဆိုတဲ့ အသုံးအနှုန်းကို သုံးလိုက်တော့ ဖြူစင် ကိုယ့်မှာ အပြစ်ရှိသလို ခံစားရတာအမှန်ပါ။ ဘာဖြစ်လို့လဲဆိုရင် ဖြူစင်နှလုံးသားက မောင့်ကို ချစ်နေသေးလို့ပေါ့။ ဖြူစင် မောင့်ကို အသည်းနင့်အောင် ချစ်တယ် လေ။

ဒါပေမဲ့ –

အဲဒီအချစ်ဆိုတာကို မာနနဲ့ ဖုံးအုပ်ပြီး လျှို့ဝှက်စွာ သိမ်းထား ခဲ့တာပါ။ ဖြူစင်နဲ့ သဘောမတူတဲ့ အသိုင်းအဝိုင်းထဲကို ဖြူစင် ဘယ် တော့မှ အောက်ကျို့ခံပြီး တိုးမဝင်ပါဘူး။ ဖြူစင်မှာ လက်ညှိုးထိုးကဲ့ရဲ့ စရာ အပြစ်မှမရှိပဲလေ။ သူတို့လို မချမ်းသာတာကလွဲရင်ပေါ့။





"အစ်ကိုဝေယံ သောက်လိုက်ပါဦး"

ပန်း ရောက်လာပြီး ဝေယံအတွက် ကော်ဖီနှင့်မုန့်တွေ ချပေး လေသည်။

"ပန်းရော ဖြူ့လို စာရေးတာ ဝါသနာမပါဘူးလား"

"အဟဲ . . . ပန်းက သူများရေးပြီးသားဖတ်တာပဲ ဝါသနာပါ တာ အစ်ကိုရေ့။ ရေးဖို့ကျတော့ အဖြစ်မကြီးဘူး။ မမလို ကြံကြံဖန်ဖန် တွေလည်း မတွေးတတ်ဘူး။ သူများရေးတာဖတ်ပြီးရင်တော့ ကြိုက်တာလေးတွေ မှတ်ထားတယ်"

"ဪ"

"အစ်ကိုကရော ဝါသနာမပါဘူးလား။ ထုတ်ဝေသူဆိုတော့ စာဖတ်အားတော့ကောင်းမှာ သေချာတယ်။ ဟုတ်လား အစ်ကို"

ပန်းက သွက်လက်ချက်ချာသူပီပီ စကားပြောရင် မနားတမ်း ပါပဲ။ ဖြူစင်က အေးချမ်းပြီး စကားပြောရင် စဉ်းစားချင့်ချိန်သူပါ။ အစ်မဖြစ်သူကို ဘယ်သူနဲ့ သဘောမတူဘူး၊ ဘယ်သူနဲ့ သဘောတူ တယ် မပြောပေမယ့် ပန်းပုံစံက ကိုဝေယံဘက်ကို မဲသာနေသလိုပါပဲ။

မောင်

မောင့်ကို 'မ' သိပ်ချစ်ပါတယ်ကွယ်။ ဒါပေမဲ့အချို့နေရာ



www.burmeseclassic.com

www.burmeseclassic.com



တွေမှာ အသွင်တူရင် အိမ်သူဖြစ်ပေမယ့် မာနချင်းတူတဲ့အခါကျတော့ သံလိုက်လို တွန်းကန်အား ဖြစ်သွားတာပေါ့။

"စာဖတ်အားကတော့ ကောင်းသလားမမေးနဲ့။ စာဂျပိုးလေ။ ဒါပေမဲ့ စာရေးဆရာဖြစ်ဖို့ ပါရမီကံက ပါမလာဘူးထင်ပါတယ်။ ကိုယ်တိုင် ရေးဖို့ကျ ဘယ်လိုစပြီး ဘယ်လိုအဆုံးသတ်ရမှန်းမသိတာ။ ရေးတော့ ရေးကြည့်ဖူးတယ်။ အစ်ကို့ခေါင်းက အတိုအထွာလောက်ပဲ ထွက်တာ။ ဖေဖေက ယူဖတ်ကြည့်ပြီး မရေးပါနဲ့တော့ သားရယ်။ မင်း ရေးတာကို စာအုပ်ထုတ်ရင် ဖေဖေ့စာအုပ်တိုက်လေး ပြုတ်နေပါ့မယ်တဲ့။ ဟား ဟား ဟား"

"ခစ် ခစ်"

ကိုဝေယံနဲ့ ပန်း ရယ်ကြပေမယ့် ဖြူစင်ကတော့ ပြုံးရုံမျှသာ။ သြော် ဖြူစင်အတွက် အချစ်က လိုတာမရ ရတာမလို ဖြစ်နေပါရောလား။

❋



## အခန်း (၄)

"ဖြောက် ဖြောက်"

"ဟင်"

"ဖြောက် ဖြောက် ဖြောက်"

စာအုပ်တိုက်ကနေ ထွက်လာမှ မိုးဖွဲကကျလာသဖြင့် မိုးဖွဲမှန်း သိသိနဲ့ ဖြူစင် ကောင်းကင်ကို မော့ကြည့်မိကာ –

"မိုးဖွဲတွေကျနေပါလား"

"ဟုတ်တယ်၊ မိုးရွာမယ် ထင်တယ်"

"ဖြောက် ဖြောက်၊ ဖြောက် ဖြောက်"

"ဟော"



www.burmeseclassic.com

www.burmeseclassic.com



ဝေယံပါ ကောင်းကင်ကို မော့ကြည့်လိုက်မိသည်။ မိုးဖွဲကျသံက ခပ်ကျဲကျဲကနေ စိတ်လာသည်။ ကောင်းကင်က ကြည်လင်မှုမရှိ ညို့လာတာကြောင့် –

"ဖြူစင်မှာ ထီးပါလား"

"ဟုတ်ကဲ့၊ ပါတယ် ကိုဝေယံ"

"တော်ပါသေးရဲ့၊ အဲဒါဆို ထီးဖွင့်ဆောင်းလေ"

"ဟုတ်ကဲ့"

ဖြူစင် ထီးဖွင့်ဆောင်းလိုက်တော့ မိုးကပိုသည်းသည်။

"ကိုဝေယံပါ ထီးအောက်ဝင်လေ"

"ဒါဆို ကိုယ်ကိုင်မယ်လေ ပေး"

ပြောရင်း ဝေယံက ဖြူစင်လက်ထဲမှာကိုင်ထားတဲ့ ထီးကိုယူလိုက်ကာ နှစ်ယောက်အတူထွက်လာခဲ့သည်။ ထီးက ဖြူစင်ဘက်မှာ မိုးပေးတာများနေပြီး ဝေယံဘက်မှာက ခေါင်းလေးလုံရုံသာ။ ဒါတောင် မိုးစက် မိုးပေါက်တွေက သူ့ခေါင်းကိုထိမှန်ပြီး စိုနေတာမြင်ရတော့ –

"ကိုဝေယံ"

"ဟင်"





"ကိုဝေယံလည်း လုံအောင်ဆောင်းလေ။ ခေါင်းတွေ စိုကုန်ပြီ"

"ရပါတယ်၊ ကိုယ်က ယောကျ်ားလေးပဲဟာ။ မိုးဒဏ် လေဒဏ် ခံနိုင်ပါတယ်"

"ယောကျ်ားလေးလည်း လူပဲလေ ကိုဝေယံရဲ့"

"နောက်က ဝေယံဆိုတာ ထည့်မခေါ်ရင် သိပ်ကောင်းမှာပဲ"

ဖြူစင် ပြုံးလိုက်မိသည်။ ဒါ 'ကို' လို့ခေါ်စေချင်တဲ့ သဘောပေါ့။ ဖြူစင်လည်း ခေါ်ဖို့ကြိုးစားကြည့်ပါတယ်ရှေ့။ ဒါပေမဲ့ စိတ်ထဲကနေ ခေါ်ကြည့်မိရုံနဲ့တင် မောင့်အပေါ် သစ္စာဖောက်သလို လိပ်ပြာမလုံ ကိုဝေယံနဲ့ လက်ထပ်ဖို့ ခေါင်းညိတ်ထားပေမယ့် –

သူမရင်ထဲကအချစ်တွေအားလုံးကတော့ –

မောင့်အတွက် ဖြစ်နေခဲ့သည်လေ။ ကိုဝေယံကိုလည်း သူမညာသလို ဖြစ်နေပြီလား။ မာယာနဲ့ လှည့်စားလိုစိတ်မရှိပေမယ့် သူ့ကိုချစ်လို့မရတာကလည်း အမှန်ပါ။ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တာကသင့်တော်ခြင်းအကြောင်းတရားကြောင့်ပဲပေါ့။

"ဖြူစင်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



“ကိုယ့်ကို ဘာလို့ ‘ကို’ လို့ခေါ်ရမှာ ကြောက်နေတာလဲ”

“ဟို မဟုတ်ပါဘူး ကိုဝေယံရယ်။ အခု လောလောဆယ် ဖြူစင် ရှက်နေလို့ပါ။ နောက်တော့ ခေါ်မှာပါ”

“တကယ်နော်”

“တကယ်ပါ”

ဝေယံ ဝမ်းသာသွားပုံက ကလေးတစ်ယောက်လိုပါ။ ဖြူစင် ကိုဝေယံကို သနားမိတာတော့ အမှန်ပါပဲ။ သူတို့ ထီးတစ်လက်ကို နှစ်ယောက်အတူ ဆောင်းသွားချိန်မှာ ထီးမပါဘဲ မိုးရေထဲမှာ တစ် ယောက်တည်း လျှောက်နေသူက ကုဋ္ဌေပါ။

သူတို့နှစ်ယောက်နောက်ကနေ ကုဋ္ဌေလိုက်လာတာကို သူတို့ ကတော့မသိပေ။ မိုးရေတွေက အေးချမ်းပေမယ့် ကုဋ္ဌေ ရင်ထဲမှာ မအေးနိုင်ပေ။ ရင်ထဲမီးလောင်နေသလိုပါပဲ။

“ကိုယ်တို့ အမြန်ဆုံးလက်ထပ်ကြမယ်နော် ဖြူ”

“ဟင်”

“ကိုယ် ဖြူ့ကို စိတ်မချဘူး သိလား”

“ကိုဝေယံကလည်း ဖြူစင်က စိတ်မချရလောက်အောင် လုပ်တာလည်း မဟုတ်ဘဲနဲ့”





“စိတ်ထားလေးလှတော့ လူလည်းလှတာပေါ့ ဖြူရဲ့။ အပေါ် ယံအလှဆိုတာ တည်မြဲတာမှ မဟုတ်တာ။ အပေါ်ယံမလှတာကို လှအောင်ပြုပြင်လို့ရတယ်လေ။ စိတ်ထားလှဖို့က ကာယကံရှင် ကိုယ်တိုင် မွေးမြူရတာမဟုတ်လား”

“ဟုတ်ပါပြီ”

“ဒါပဲလား”

“ဟင် . . . ဘာလဲ”

“ကိုယ်ကသာ စကားတွေ တတွတ်တွတ်ပြောနေရတာ။ ဖြူက ထွေထွေထူးထူး ဘာမှမပြောလို့လေ”

ဖြူစင် ရယ်လိုက်ကာ –

“စကားဆိုတာ များများပြောတိုင်း မကောင်းဘူး ကိုဝေယံရဲ့။ စကားများများပြောရင် အမှားပါမှာစိုးလို့ပါ”

“ကိုယ်နဲ့ပြောတာပဲဟာ ဖြူစင်ရဲ့။ မှားတော့ရော ဘာဖြစ်လဲ”

“တောက်”

ကုဋ္ဌေ မခံမရပ်နိုင်စွာ တက်ခေါက်ပြီး ခြေလှမ်းက သွက် သွားလေသည်။ ထီးတစ်လက်ကို နှစ်ယောက်အတူဆောင်းနေတဲ့ မြင်ကွင်းက ကိုယ့်ရင်ဘတ်ကို ဓားနဲ့အချက်ပေါင်းများစွာ ထိုးနေသလို



www.burmeseclassic.com

www.burmeseclassic.com



ပါပဲ။ သူတို့ကတော့ ရယ်လို့မောလို့။

ကိုယ့်မှာတော့ –

ရင်ဘတ်တစ်ခုလုံး ပွင့်ထွက်မတတ် ပူလောင်နေတာလေ။ ကုဋ္ဌေဆိုတဲ့ကောင်က ဘယ်အရာမဆို လွယ်လွယ်အရှုံးပေးတတ်သူ မဟုတ်လေတော့။

"မ"

"—————"

"မ"

"ဟင်"

ခေါ်လည်းခေါ်ကာ နောက်ကနေ ဖြူစင် လက်ကို လှမ်းဆွဲလိုက်သည်။ ဖြူစင် ထီးအောက်ကနေ သူ့ရင်ခွင်ထဲ ရောက်သွားတော့ မိုးရေတွေ မိုးရေတွေ ရွှဲကုန်ပြီပေါ့။ မိုးရေထိမှန်တာကို လန့်တာထက် ကုဋ္ဌေကို ပိုကြောက်တာမို့ သူ့ရင်ခွင်ထဲကနေ ရုန်းထွက်သည်။

ဒါပေမဲ့ –

ရုန်းလို့မရအောင် သူက ဖြူစင်ကို ခပ်တင်းတင်းဖက်ထားလေတော့ –

"မင်း ဘာလုပ်တာလဲ ဖယ်၊ လွှတ်နော်"





"ဖြူ"

"ခင်ဗျား လူရှေ့သူရှေ့မှာ အရှက်မကွဲချင်ရင် ရှေ့မတိုးနဲ့"

"ကုဋ္ဌေ"

ဖြူစင် ရုန်းရင်းကန်ရင်း သူ့ရင်ဘတ်ကိုထုပေမယ့် ကုဋ္ဌေက ဂရုမစိုက်ပေ။

ဝေယံ ထီးကိုကိုင်ထားလျက်မှ ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပေ။ ဘေးဘီကို ဝေ့ကြည့်လိုက်တော့ ဖြတ်သွားဖြတ်လာလူတွေက အများကြီးပါပဲ။ လှည့်ကြည့်ရုံသာ ကြည့်ကြပြီး ကိုယ်နှင့်မဆိုင်တာမို့ ကိုယ့်လမ်းကိုယ်သွားကြသည်သာ။

"ကုဋ္ဌေ နင် ငါ့ကိုလွှတ်နော်"

"ဘာလို့ လွှတ်ရမှာလဲ၊ 'မ' ကျွန်တော်နဲ့လိုက်ခဲ့"

"မလိုက်ဘူး လွှတ်"

"ကုဋ္ဌေ . . . မင်း အဲဒီလိုမလုပ်ပါနဲ့။ အစ်ကိုတောင်းပန်ပါတယ်ကွာ။ ဖြူ့ကို လွှတ်ပေးလိုက်ပါ"

"မစဉ်းစားနဲ့"

"လွှတ်"

"ကုဋ္ဌေ မသွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေ ဘယ်သူ့တားဆီးမှုကိုမှ ဂရုမစိုက်ပေ။ သူသိတာ 'မ ကို ချစ်တယ်။ အဆုံးရှုံးမခံနိုင်ဘူး။ သူများရင်ခွင်ထဲ ထည့်မပေးနိုင်ဘူးလေ။ ဒါကို အတ္တကြီးတယ်လို့ ခေါ်ရင် ကုဋ္ဌေက အချစ်အတ္တသမားပေါ့။

"ကျွန်တော်က ကျွန်တော့်ချစ်သူနဲ့ အသက်ရှင်လျက်တော့ အဝေးမခံဘူး။ နှစ်ယောက်အတူတူ သေလိုက်မယ် နားလည်လား"

"ဟာ"

"နင့်ဘာသာနင် သေပါလား။ ငါကတော့ မသေနိုင်သေးဘူး။ အဓိပ္ပာယ်မရှိတာတွေ၊ ဖယ်စမ်း"

"ကျွန်တော့်အတွက်ကတော့ အရမ်းအဓိပ္ပာယ်ရှိတယ် 'မ'။ 'မ' က ကျွန်တော့်ဘဝ၊ ကျွန်တော့်အသက်ဗျ"

"ခေါက်ရိုးကျိုးနေတဲ့စကားလုံးတွေ ငါ့ကို လာရွတ်မပြနဲ့ ကုဋ္ဌေ။ မင်းနဲ့ငါ ဇာတ်လမ်းက ပြီးဆုံးသွားပြီ။ မင်းအမေနဲ့ ငါ့ရဲ့ မာနပြိုင်ပွဲမှာ မင်း မြေဇာပင် ဖြစ်သွားတာတော့ စိတ်မကောင်းပါဘူး။ ကံစီမံရာလို့ သတ်မှတ်လိုက်ပါ"

"မသတ်မှတ်နိုင်ဘူးဗျာ။ ကံကိုပုံမချဘူး။ ကျွန်တော်က လက်တွေ့သမား"





"မင်း"

"လာစမ်းပါ"

"ကုဋ္ဌေ အဲဒီလိုမလုပ်နဲ့လေကွာ"

ကုဋ္ဌေ ဖြူစင်ကို ဆွဲခေါ်သွားလေတော့ ဝေယံ ထီးကို လွှင့်ပစ်လိုက်ပြီး ကုဋ္ဌေနောက်သို့လိုက်သွားကာ –

"ကုဋ္ဌေ"

"ခင်ဗျား လိုက်မလာနဲ့နော်"

ကုဋ္ဌေပုံစံက ကျားနာတစ်ကောင်လို ဖြစ်နေတာမို့ ဝေယံ ဆက်မလိုက်တော့ပေ။ ယောကျ်ားချင်းပဲ။ ကြောက်လို့မဟုတ်ဘူးလေ၊ ကုဋ္ဌေရဲ့အချစ်ကြီးတတ်မှုကို နားလည်ပေးလိုက်တာပါ။ ကိုယ့်ကို ခွင့်လွှတ်ပါ ဖြူစင်။ အခုလို မင်းကို လွှတ်ပေးပြီး ရပ်ကျန်ခဲ့တာ မချစ်လို့ မဟုတ်ပါဘူး။ အချစ်ကြီးလွန်းတဲ့ ကုဋ္ဌေကို ကိုယ်ချင်းစာပေးလိုက်တာပါ။

ဖြူစင်လည်း ကုဋ္ဌေဆွဲခေါ်တာကို ဆက်မရုန်းတော့ဘဲ လိုက်လာခဲ့တော့သည်။ ဘာကြောင့်လဲဆိုရင် ကုဋ္ဌေကို သူမ ချစ်သည်လေ။ ပြဿနာ တစ်ခုခုဖြစ်ရင် ကုဋ္ဌေ ဒုက္ခရောက်မှာစိုးလို့ပါ။

※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

"တောက်"

"ဒုတ်"

ကုဋ္ဌေ ဖုန်းကို စာကြည့်စားပွဲပေါ်သို့ ပစ်တင်လိုက်တာ 'ဒုတ်' ခနဲ အသံမြည်သွားလေသည်။ သူ့အိပ်ခန်းထဲမှာ စာကြည့်စားပွဲ ရှိနေတာ မဆန်းပါဘူး။ ကုဋ္ဌေက စာဖတ်သည်လေ။ စာဖတ်လို့ စဉ်းစားတွေးခေါ်ချင့်ချိန်တတ်တာက သပ်သပ်၊ ကိုယ့်တဝကိုယ် အလိုမကျလို့ ဂျစ်ကန်ကန် မိုက်ကန်းကန်းပုံ ပေါက်နေတာက သပ်သပ်ပါ။

"ငို ငို ရောက်ကတည်းက ငိုနေတာ မပြီးနိုင် မစီးနိုင်ပဲ။ ငိုစရာ မျက်ရည်မရှိတော့ရင်ပြော၊ ရေခပ်ပေးမယ်။ မျက်လုံးကို





ရေစွတ်လိုက် ငိုလိုက်သာငို"

ဖြူစင် နှဲ့နေရင်းမှ ဖျတ်ခနဲ မော့ကြည့်ပြီး –

"ငိုမှာပဲ"

"ငိုဗျာ"

"မင်း ဘာလို့ ငါ့ကို အတင်းဆွဲခေါ်လာသေးလဲ"

"အဖြေက အရှင်းကြီးပဲ။ 'မ' ကို ကျွန်တော်ချစ်လို့ အဆုံးရှုံးမခံနိုင်လို့။ သူများရင်ခွင်ထဲ အရောက်မခံနိုင်လို့ အခုလို မရမက ခေါ်လာတာ။ ဒါတောင် နားမလည်ဘူးလား"

"မင်း တော်တော် အတ္တကြီးတာပဲ"

"ဟုတ်တယ်၊ ကျွန်တော်က အတ္တကြီးတဲ့ကောင်။ ခင်ဗျားကို ချစ်လွန်းလို့ အတ္တကြီးတာ ဘာဖြစ်လဲ"

"မင်းဘာသာမင်း ကြီးချင်တာကြီး၊ ငါ ဂရုမစိုက်ဘူး။ ငါ့ကိုတော့ မင်း အတ္တတွေနဲ့ ဘောင်မခတ်နဲ့။ လူတစ်ယောက်ရဲ့ဘဝကို ဘောင်ခတ်တာ ငါ အမုန်းဆုံးပဲ"

"ဘာ"

"_____"

"မ"



www.burmeseclassic.com

www.burmeseclassic.com



ပထမတော့ ကုဋ္ဌေ ဖြူစင်ရဲ့ မင်းဘာသာ ကြီးချင်တာကြီး ဆိုတဲ့ စကားကြောင့် ရယ်ချင်သလို ဖြစ်သွားပြီးမှ နောက်ဆက်တွဲ စကားတွေကြောင့် ဖြူစင် ပခုံးကို ဆုပ်ကိုင်လိုက်မိကာ –

"မ ဘာပြောလိုက်တယ်၊ ပြန်ပြောစမ်းပါ။ 'မ' ကျွန်တော့်ကို မချစ်ဘူးလား။ 'မ' ကျွန်တော့်ကို မချစ်ဘူးလား ပြော"

"မချစ်ဘူး"

"ဘာ"

"မင်းကို ငါ မချစ်ဘူး၊ ရှင်းလား"

"မ"

သူ့အော်ကိုယ်အော် အော်ပြီး တစ်ယောက်ကို တစ်ယောက် ခပ်စူးစူးကြည့်လိုက်မိကြခြင်းမှာ ဦးစွာအကြည့်လွှဲလိုက်သူက ဖြူစင်ပဲ လေ။ ပထမတော့ သူ့အကြည့်တွေက ဒေါသကြောင့် စူးရဲနေပြီး နောက်တော့ သက်ပြင်းချလိုက်သည်။

သက်ပြင်းသံနှင့်အတူ စိတ်ကိုလျှော့ချလိုက်သည်ထင်ပါ့။ ဒေါသရောင်တောက်နေတဲ့ မျက်ဝန်းတွေက အရောင်မှိန်သွားခြင်းနှင့် အတူ အခြားအရိပ်တွေကိုပါ ဖြူစင် မြင်လိုက်ရသည်လေ။ ဖြူစင် သူ့အကြည့်ကို ရင်မဆိုင်ရဲတော့ပါဘူး။





"မ"

"______"

" 'မ' မောင့်ကို တကယ်ပဲ မချစ်ခဲ့ဘူးလားဟင်"

ဖြူစင်က မဖြေ။

"မ"

"_____"

"ပြောပါဦး 'မ' ရယ်။ 'မ' မောင့်ကို တကယ်ပဲ မချစ်ခဲ့ဘူး လား။ ချစ်တယ်လို့ပြောခဲ့ဖူးတာတွေက ဟန်ဆောင်လိမ်ညာခဲ့တာ လား။ အရင်က ညာခဲ့တာလား။ အခု ညာနေတာလား 'မ'။ ပြောပါ မောင့်ကို ရှင်းရှင်းလင်းလင်း ပြောပြပါဗျာ"

သူ့အသံက တုန်နေသည်။ ဖြူစင် မျက်ရည်တွေကို လက်ခုံ နှင့်ပွတ်ကာ သုတ်ပစ်လိုက်၏။ မောင့်ကို ဝမ်းနည်းတာ၊ ဒေါသထွက် တာ ဘာမှ မဖြစ်စေချင်ဘူးလေ။ သူ မျက်ရည်ဝေ့နေတာ မြင်ရတော့ ဖြူစင် စိတ်တင်းမထားနိုင်တော့ပါဘူး။

ဖြူစင် –

မောင့်ကိုချစ်တာပေါ့။ မောင့်ကို တကယ်ချစ်ခဲ့တာပါ။ ရင်ထဲ မှာ နင့်နေအောင်ကို ချစ်ခဲ့တာလေ။ ရှိသမျှအချစ်အားလုံး မောင့်ဆီမှာ



www.burmeseclassic.com

www.burmeseclassic.com



ပုံအပ်ထားခဲ့တာမို့ နောက်တစ်ယောက်ကို ပြောင်းချစ်ဖို့ ဖြူစင်ရင်ထဲမှာ အချစ်ဆိုတာ မရှိတော့ပေ။

ဒါပေမဲ့မောင်ရယ် –

ကိုယ့်ကို အလိုမရှိတဲ့ မိသားစုထဲကို 'မ' ခေါင်းငုံ့ပြီး တိုးမဝင်ချင်လို့ပါ။ အဲဒါ မိန်းမသားတစ်ယောက်၊ ဖြူစင်ရိုးသားတဲ့ မိန်းမတစ်ယောက်ရဲ့ မာနပဲပေါ့။ ကိုယ့်မှာ လက်ညှိုးထိုး အပုပ်ချစရာ အပြစ်မရှိဘဲနဲ့ အောက်ကျို့မခံချင်တာ 'မ' မှားလား။

"မ"

"ဟင်"

" 'မ' မောင့်ကို တကယ်မချစ်ခဲ့ဘူးဆိုရင် မေတ္တာငတ်နေတဲ့ မောင့်ကို ဘာလို့နွေးထွေးမှုတွေ ပေးခဲ့တာလဲ။ ဘာလို့ ကြင်နာပြခဲ့တာလဲ၊ ဘာလို့ ယုယပြခဲ့တာလဲဗျာ။ 'မ' ကိုမောင် အရမ်းချစ်တယ်။ 'မ' ဆီက ကျွန်တော်လိုချင်တဲ့ နွေးထွေးမှု၊ ကြင်နာမှု၊ ယုယမှုတွေ ရခဲ့လို့ ကျွန်တော် အရမ်းပျော်ခဲ့တာ။ ကိုယ့်ကိုယ်ကိုယ် ကမ္ဘာပေါ်မှာ ကံအကောင်းဆုံးလူတစ်ယောက်လို့ သတ်မှတ်ခဲ့တာ။ အခုတော့ဗျာ"

ပြောပြီး ကုဋေ ကြက်ကြီးလည်လိမ်ထားသလို ခေါင်းငိုက်စိုက်ချနေလေလျှင် ဖြူစင် သူ့လက်ဖဝါးကို ဆုပ်ကိုင်လိုက်ပြီး –





"မောင်"

မောင်ဆိုတဲ့ အခေါ်ကြောင့် ကုဋေ ခေါင်းပြန်မော့လိုက်ကာ–

"မ"

"မောင်ရယ်"

"မ"

ကုဋေ ဖြူစင့်ကိုယ်လေးကို သိမ်းဖက်လေတော့ ဖြူစင် မရုန်းတော့ပေ။ အခုမှ ရုန်းနေတော့ရော ဘာထူးမှာတဲ့လဲ။ ကိုဝေယံ ရှေ့မှာခေါ်လာခဲ့တာဆိုတော့ အခုလောက်ဆို ပန်းနဲ့ကိုကြီး သိပြီးရောပေါ့။ ကိုကြီးက ဖြူစင့်ကို စိတ်ချမ်းသာစေချင်လို့ အိမ်ထောင်ရေးမှာ လွတ်လပ်စွာ ရွေးချယ်ခွင့်ပေးထားလေသည်။

ဒါပေမဲ့ –

ကုဋေနဲ့ဝေယံ ယှဉ်လိုက်ရင် ဝေယံနဲ့သာ လက်ထပ်စေချင်သူပါ။ ကိုကြီးသိရင် ဒေါသဖြစ်နေမလား။ ကိုဝေယံအတွက် စိတ်မကောင်းဖြစ်မှာတော့ မလွဲမသွေပါ။

" 'မ' မောင့်ကို တစ်ကယ်ချစ်ခဲ့တာ မဟုတ်လားဟင်"

"တကယ်ပေါ့ မောင်ရယ်။ 'မ' မောင့်ကို တကယ်ချစ်ခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့များ 'မ' ရယ်။ မျက်ရည်တွေ ကုန်၊ လူပင်ပန်း စိတ်ပင်ပန်းခံပြီး ငိုနေလိုက်တာ။ မချစ်တဲ့သူကို ယူလိုက်ရတဲ့အတိုင်းပဲ။ မောင် 'မ' ကို မောင့်အသက်နဲ့ ထပ်တူ ချစ်တယ်ဆိုတာ 'မ' မသိဘူးလား"

"သိပါတယ်"

"သိလျက်နဲ့ မောင့်အပေါ် ရက်စက်ဖို့ ကြိုးစားသေးတယ်။ အဲဒီအတွက် အပြစ်ရှိသူကို အပြစ်ပေးရမယ်"

"ဟင် ဘယ်လိုအပြစ်ပေးမှာလဲ"

"ဟောဒီလို"

ဖြူစင် လန့်ဖျပ်ပြီး သူ့ရင်ဘတ်ကိုတွန်းမိပေမယ့် မရပေ။ အနမ်းပန်းတွေက တစ်ပွင့်ပြီးတစ်ပွင့် ဆင့်ကာကြွေလို့ အချစ်တွေ ဗွီအားမြင့်လာသောအခါ။

❋



## အခန်း (၆)

ဖြူစင် အိပ်ရာကနေ နိုးတော့ အနားမှာ မောင်မရှိတော့ပေ။ ရှာကြည့်တော့လည်း မတွေ့။ ဖြူစင့်ကို မနိုးဘဲနဲ့ ဘယ်တွေလျှောက်သွားနေပါလိမ့်။ ဖြူစင် သူ့ကို မတွေ့တဲ့အတူတူ ရှာမနေတော့ပဲ တစ်ကိုယ်ရေသန့်ရှင်းရေးလုပ်ပြီး သနပ်ခါးလိမ်းလိုက်သည်။

သနပ်ခါးလိမ်းပြီးတာနှင့် –

မီးဖိုချောင်ထဲသို့ ဝင်ခဲ့တော့၏။ ဘာများရှိမလဲ ရှာကြည့်တော့ ဘာမှလည်း မတွေ့ပါဘူး။

"ဟူး ဘာမှလည်း ဝယ်မထားဘူး"

ရေခဲသေတ္တာကို ပြန်ပိတ်ပြီး ဖြူစင် ပြန်ထွက်လာကာ ညည့်



www.burmeseclassic.com

www.burmeseclassic.com



ခန်းထဲမှာ ငုပ်တုပ်ထိုင်နေမိတော့၏။

"မ"

"ဟင်"

ကုဋေ ပြန်လာတော့ လက်ထဲမှာ စားစရာတွေပါလာသည်။

"နိုးနေတာကြာပြီလား"

"ကြာပြီပေါ့"

"မောင် စားစရာတွေသွားဝယ်တာ။ နောက်ထပ် အပြင်ပြန်မထွက်ချင်လို့ နေ့လယ်စာအတွက်ပါ တစ်ခါတည်း ဝယ်လာခဲ့တယ်"

"ဘာတွေဝယ်လာလဲ"

"ဒံပေါက်၊ ကော်ဖီဖျော်သောက်ဖို့ လိုအပ်တာတွေနဲ့ မုန့်တွေ ဝယ်လာတာ။ နေ့လယ်စာအတွက်ကတော့ ထမင်းနဲ့ဟင်းတွေပဲ ဝယ်လာခဲ့တယ်။ 'မ' ဘာစားချင်မှန်းမသိတော့ အဆင်ပြေပါ့မလား မသိဘူး"

"နေ့လယ်စာအတွက် အခုကတည်းက ဝယ်လာတော့ စားကာနီးကျ အေးစက်စက် ဖြစ်နေမှာပေါ့ မောင်ရဲ့"

ကုဋေ တွေခနဲဖြစ်သွားပြီး –

"ဟုတ်သားပဲ ... အဲဒါကို မောင်မေ့သွားတာ။ ဒါဆို





ထားလိုက်လေ။ နေ့လယ်စာ အပြင်ထွက်စားကြတာပေါ့"

"ပိုက်ဆံဆိုတာ သုံးတာသာလွယ်တာ၊ ရှာရတာ ခက်တယ်မောင်ရဲ့။ ဝယ်လာရတာ ထားလို့ဖြစ်မလား။ စားကာနီးကျ 'မ' နွေးလိုက်မယ်လေ"

"ဟာ ... ဒီတိုက်ခန်းမှာ လူနေတာမဟုတ်တော့ ဘာမှမရှိဘူး 'မ' ရဲ့။ မောင်က ခဏပဲလာပြီးပြန်တာ၊ စိတ်ညစ်လို့အကြာကြီး လာနေဖြစ်လည်း အပြင်ထွက်စားတာဆိုတော့ အိုးတွေ ဘာတွေ ဘယ်ရှိမှာလဲ"

"မရှိတာကို ရှိအောင်ဝယ်ရတော့မယ် မောင်။ အခု 'မ' ရှိနေပြီပဲ။ အပြင်ထွက်စားစရာ မလိုဘူး။ 'မ' ဘာသာ ချက်မှာပေါ့။

ကုဋေ ပြုံးတော်မူလေသည်။ သူ့အပြုံးကို ရှားရှားပါးပါး မြင်ရခဲသည်မို့ ဖြူစင် ငေးခနဲ ဖြစ်သွားရ၏။

ကုဋေ ကိုယ့်မိန်းမကိုယ်တိုင်ချက်ကျွေးတာကို မစားချင်ပဲနေပါ့မလား။ ဒါပေမဲ့ 'မ' ကို ပင်ပန်းမှာလည်း စိုးမိသည်လေ။ ကုဋေက ကိုယ်ချစ်ရသူကို ပန်းကလေးတစ်ပွင့်လို အလှထိုင်ကြည့်နေချင်သူပါ။ ပြီးတော့ နှစ်ယောက်သား ကြည်နူးရမည့်အချိန်လေးတွေကို ချက်ရေးပြုတ်ရေး၊ လျှော်ရေးဖွပ်ရေးအတွက် ဖဲ့မပေးချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



"လောလောဆယ်တော့ 'မ' ချက်လေ။ အမြဲတမ်းတော့ မချက်ပါနဲ့။ 'မ' လည်း အိမ်မှာ မောင်မရှိရင် ပျင်းနေမှာစိုးလို့ အဖော်ရအောင် ထမင်းချက်တစ်ယောက် ငှားပေးမယ်"

"ဟင် ... မောင်က ဘယ်တွေသွားမှာမို့လို့လဲ"

ကုဋ္ဌေ ဖြူစင်ပခုံးကို ဖက်လိုက်ပြီး ဆံနွယ်စလေးတွေကို နမ်းရှိုက်ကာ –

"မောင်က အရင်လို လူပျိုလူလွတ် မဟုတ်တော့ဘူးလေ 'မ' ရဲ့။ အိမ်ထောင်ရှင်ဖြစ်လာပြီဆိုတော့ အိမ်ထောင်ဦးစီးပီသရမှာပေါ့။ အလုပ် လုပ်ရမယ်လေ"

သြော် ... မောင်ရယ်လို့ စိတ်ထဲမှသာ ခေါ်လိုက်မိသည်။ မသိတာ မတတ်တာမဟုတ်ဘဲ ဂျစ်ကန်ကန်နိုင်တာက ဆိုးတာ။ အဲဒါကလွဲရင် ကုဋ္ဌေက ထက်မြက်သွက်လက်သော ယောကျ်ားပါ။ အားကိုးထိုက်သော ယောကျ်ားကောင်းပါပဲ။ ချစ်တတ်တဲ့နေရာမှာလည်း သူလောက်ချစ်တာ သူပဲရှိတယ် မဟုတ်လား။

"အလုပ်လုပ်ရင် မောင်ပင်ပန်းတော့မှာပဲ"

"ပင်ပန်းစမ်းပါစေ 'မ' ရယ်။ အိမ်ထောင်ပြုပြီးရင် သားကျွေးမှု၊ မယားကျွေးမှုလုပ်ရတာ ဓမ္မတာပဲဟာ"



"ဟုတ်ပါပြီ"

ဖြူစင့်ဖုန်းက Ringtone သံလေး မြည်လာသဖြင့် ဖြူစင် ဖုန်းကိုကောက်ကိုင်လိုက်သည်။ အိမ်ကဆက်တာများလားလို့ နံပါတ်ကို ကြည့်လိုက်တော့ ကိုဝေယံ ဖုန်းနံပါတ်ပါ။ ဒါကြောင့် ကုဋ္ဌေမျက်နှာကို ကြည့်လိုက်မိတော့ –

"ဘယ်သူဆက်တာလဲ"

ဖြူစင်က မဖြေပေ။ Ringtone သံလေးပျောက်ပြီး ဖုန်းကျသွားသည်အထိ ဒီအတိုင်းပဲ ကိုင်ထားပြီး ကြည့်နေမိတာပါ"

"မ"

"ဟင်"

"မောင်မေးနေတယ်လေ။ ဘယ်သူဆက်တာလဲလို့"

"ကိုဝေယံပါ"

"ဘာ"

ကုဋ္ဌေ ဖြူစင်ပခုံးကို တွန်းပစ်လိုက်ကာ –

"တောက် သူများမိန်းမဖြစ်နေတာတောင် အခုထိ ဖုန်းဆက်တုန်း။ ဒီလောက် ကြာကူလီလုပ် ပြဲတဲ့ကောင် တွေ့မယ်"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"သူများကို အဲဒီလိုမစွပ်စွဲပါနဲ့။ ကိုဝေယံက အဲဒီလိုလူစားမျိုး မဟုတ်ဘူး။ 'မ' သူ့ဆီမှာ စာမူအပ်ထားတယ်။ အဲဒီကိစ္စကြောင့် ဆက်တာပဲ ဖြစ်မှာပေါ့"

"မ"

ခေါ်လိုက်တာ လေသံက မာမာပါပဲ။ စောစောက အချစ်ရည်တို့နှင့် ရွှန်းလဲ့နေသော မျက်ဝန်းက အခုတော့ ဒေါသရောင်သို့ ကူးပြောင်းသွားပြီလေ။

"ဘာလဲ 'မ' က သူ့ကိုထိလို့ နာနေတာလား"

"မောင်နော်၊ မောင့်စကားက ဘာလဲ။ 'မ' သိက္ခာကို တိုက်ရိုက်ကိုစော်ကားလိုက်တာ 'မ' ရန်မဖြစ်ချင်ဘူး သိလား"

"ဘယ်သူက ဖြစ်ချင်နေလို့လဲ။ ဖြစ်စရာအကြောင်း ဖန်တီးလာရင်တော့ ဖြစ်ရမှာပဲ"

"ဟင်"

ဟင်ဆိုတဲ့အသံက ကုဋေစကားကြောင့် ထွက်သွားတာ မဟုတ်ပေ။ ဖုန်းက ထပ်မြည်လာလို့လေ။ ဒီတစ်ခါတော့ ဖြူစင် ဖုန်းလေးကို ဆွဲလိုက်ပြီး –





"ဟယ်လို"

"––––––"

"ဟုတ်ကဲ့ ပြောပါကိုဝေယံ"

"––––––"

"အားလုံးအဆင်ပြေပါတယ်"

"–––––"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ကိုဝေယံ။ ဘာမှ မလိုအပ်ပါဘူး"

"တောက်"

ကုဋေ ဒေါသပိုထွက်လာသည်။ ကိုယ်ရှိနေပါလျက်နဲ့ အခြားယောက်ျားတစ်ယောက်က ဂရုစိုက်သလို လုပ်ပြနေတာ။ အဆင်ပြေလားလို့မေးတာ ဖြစ်မှာပေါ့။ ဒါကို ကိုယ်က ကျေနပ်နေရမှာလား။

"မ"

"––––––"

"အခု စပီကာ ဖွင့်လိုက်စမ်း"

"ဟုတ်ကဲ့ပါ ကိုဝေယံ၊ ကျေးဇူးပါနော်"

ဖြူစင်က တစ်ဖက်လူကို အားနာတာကြောင့် စကားဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောနေသည်။ ကုဗ္ဗေကို ဂရုမစိုက်သလို ဖြစ်နေတာမို့ –

"'မ' ကျွန်တော်ပြောနေတယ်နော်။ စပီကာဖွင့်လိုက်"

"ကုဗ္ဗေ"

ဖြူစင်က ပြန်အော်လေသည်။

"မင်း ဘယ်လိုဖြစ်နေတာလဲ"

"ဘယ်လိုခေါ်လိုက်တယ် မ"

ကိုဝေယံ ဒီအသံတွေကြားရင် စိတ်မကောင်းဖြစ်မှာစိုးတာနှင့် ဖြူစင် ဖုန်းချပစ်လိုက်တော့သည်။

"ကုဗ္ဗေ ဟုတ်လား မ"

"-----"

"ဘာလဲ ဟိုကောင်က ကျွန်တော့်ကို မောင်လို့မခေါ်ရဘူး ပြောထားလို့လား။ ကျွန်တော့်ကို 'မ' မောင်လို့ခေါ်တာ ဟိုလူကြားပြီး သဝန်တိုမှာစိုးလို့လား။ ပြောစမ်း 'မ' "

"မင်း မဆိုင်တာတွေ မပြောနဲ့ ကုဗ္ဗေ တကယ်တမ်း သဝန်တိုတာက မင်း။ အတ္တကြီးတာကမင်း"

"ဘာ"

"ဟွန့်"





"ငါ နားရှင်းအုပ်လိုက်ရ သေတော့မှာပဲ"

"လုပ်ပေ ။ သေတော့လည်း အေးတာပဲ"

"တောက်"

ဖြူစင် သူ့မျက်နှာကို လုံးဝမကြည့်တော့ပေ။ လင်မယားပဲ ဖြစ်နေပြီ နားလည်မပေးနိုင်ဘူးလား။ အခုမှ ညားကာစပဲရှိသေးတာကို ဘယ်သူက ချက်ချင်းဖောက်ပြန်မှာတဲ့လဲ။ ပြီးတော့ သူ အတင်းခေါ်လာခဲ့တာပေမယ့် ဖြူစင် သူ့ကိုချစ်တာပဲလေ။

သူ့ကို ဖြူစင် ဘယ်လောက်ချစ်ခဲ့လဲဆိုတာ သူ မသိတာမှ မဟုတ်တာ။ ကိုဝေယံနဲ့ ဖြူစင် မရှိသားရင် ဖုန်းပြောတာ သူ့ရှေ့မှာ ပြောပုံမလား။ ဖြူစင် ကိုယ့်ကို မယုံသလို စွပ်စွဲခံရတော့ ဝမ်းနည်းမိပါသည်။

"ပေးစမ်း မင်း ဖုန်း"

"ဘာလုပ်မလို့လဲ"

"ပြန်မမေးနဲ့၊ ပေးဆိုရင်ပေး"

ပေးလို့တောင်းပြီး သူဘာသာသူပဲ ဆွဲယူကာ ဖုန်းထဲက ဆင်းကတ်ကို ထုတ်လေလျှင် –

"မလုပ်နဲ့နော် ကုဗ္ဗေ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်မယ် ဘာဖြစ်လဲ"

ပြောရင်း ဆင်းကတ်ကိုထုတ်ရုံတင်မက ချိုးပစ်လိုက်လေတော့ ဖြူစင် မျက်ရည်ကျရပြန်သည်သာ။ အိမ်ကများ ဖုန်းဆက်မလားလို့ စောင့်နေတာ။

အခုတော့ သွားပြီပေါ့။"

ကိုယ်ကစဆက်ရတော့မည်သာ။

❋



## အခန်း (၇)

သဘောမတူပါဘူးလို့ အတန်တန်တားနေတဲ့ကြားက ဖွတ်လုပ်သွားတော့ ဒေါ်ခင်မာညို ဒေါသူပုန်ထတော့သည်သာ။ ဒီလိုမတောင့်မတ မကြောင့်မကျ နေရတဲ့ဘဝမျိုးနဲ့ ရေရှည်ရပ်တည်နိုင်အောင် သူမ ဘယ်လောက်ကြိုးစားခဲ့ရလဲ။ ကိုယ်ကတော့ ကိုယ့်သားလေးဘဝ နိမ့်ကျမှာစိုးလို့ ကြိုးစားလိုက်ရတာ။ အပင်ပန်းခံလိုက်ရတာ။

ဒင်းက လုပ်ချင်ရာလုပ်၊ နေချင်ရာနေ။ ကိုယ်ကတော့ ကိုယ့်သားကို ကိုယ့်ထက်အဆင့်အတန်းမြင့်တဲ့ အသိုင်းအဝိုင်းထဲက မိန်းကလေးနဲ့ပဲ လက်ထပ်စေချင်တာပါ။ ဒါမှ သားစဉ်မြေးဆက် ချမ်းသာသုခကြေမှာ မဟုတ်လား။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ –

မအေကို ဂရုမစိုက်လုပ်ချင်ရာလုပ်သွားတာ ရင်နာလို့မဆုံး တော့ပါဘူး။

"တီး တောင် တီးတောင်"

"ဟင်"

"တီး တောင် တီး တောင်"

"ဘယ်သူပါလိမ့်"

"မောင်"

လူခေါ်ဘဲလ်နှိပ်သံကြောင့် ဖြူစင် ဆံနွယ်တွေကို ဘီးနှင့် ဖြီးပေးနေတဲ့ကုဋ္ဌေ၊ တံခါးရှိရာသို့ လှည့်ကြည့်လိုက်မိသည်။ ဖြီးတော့ ဘီးကိုချပြီး သွားမည်လုပ်တော့ ဖြူစင်က သူ့လက်ကိုဆွဲထားလေသည်။ ဖြူစင်ပုံစံက တစ်ခုခုကို စိုးရိမ်နေပုံပါပဲ။

"ဘာလဲ 'မ' "

"ဘယ်သူလဲမသိဘူးနော်။ မောင့်အိမ်က လိုက်လာသလား။ ဖြူစင့်အိမ်က လိုက်လာသလားပဲ"

"ဘယ်သူပဲလိုက်လာလာ ဘာဖြစ်လဲ 'မ' ရယ်။ မောင်တို့က လင်မယားဖြစ်နေပြီပဲဟာ။ ဘယ်သူမှ ခွဲလို့မရတော့ဘူးလေ"





"ဟင်း"

ဖြူစင်က သက်ပြင်းချလေလျှင် –

"ကဲပါ 'မ' ရယ်၊ သက်ပြင်းတွေ ချမနေစမ်းပါနဲ့။ မောင်က 'မ' ကို ဒီလောက်ချစ်တာ ဘာကို စိုးရိမ်နေတာလဲ။ ဘာမှ စိတ်မပူနဲ့ နော်"

"တီး တောင် တီးတောင်"

"မောင် သွားလိုက်ဦးမယ်"

ကုဋ္ဌေ တံခါးဆီသို့ လျှောက်လာခဲ့တော့သည်။ ပြီး တံခါးကို ဖွင့်လိုက်တော့ ပေါ်လာတဲ့မျက်နှာက တင်းမာနေလို့ပါ။

"မေမေ"

"ဟုတ်တယ်၊ ငါ မင်းအမေလေ။ နေစမ်းပါဦး၊ ဒီလောက် လူခေါ်ခေါင်းလောင်းသံ ကြားနေတာတောင် တံခါးလာဖွင့်မပေးနိုင်ရ လောက်အောင် ဘာတွေ အလုပ်ရှုပ်နေလို့လဲ ကုဋ္ဌေထက်သာ"

" 'မ' နဲ့စကားပြောနေလို့ပါ မေမေ"

"ဘာ"

"လာ ဝင်လေ မေမေ"

ဒေါ်ခင်မာညိုက ချက်ချင်းမဝင်သေးဘဲ –



www.burmeseclassic.com

www.burmeseclassic.com



"သူက မအေထက် ပိုအရေးကြီးတယ်ပေါ့လေ ဟုတ်လား"

"မေမေမှန်း မသိလို့ပါ"

"အဟွန်း"

ဒေါ်ခင်မာညို နှုတ်ခမ်းကိုမဲ့ပစ်ပြီးမှ အထဲသို့ဝင်သေလည်း။ ဆိုဖာပေါ်မှာဝင်ထိုင်ပြီး မျက်လုံးက ဟိုဒီဝေ့ကြည့်ကာ –

"ဘယ်မှာလဲ မင်းမိန်းမ"

"မေမေ ဘာပြောမလို့လဲ"

"ငါ့ဘာသာငါ ဘာပဲပြောပြော မင်း ဝင်စွက်ဖက်စရာ မလိုဘူး"

"ဟာ မစွက်ဖက်လို့တော့ရမလား မေမေရဲ့။ 'မ' နဲ့ကျွန်တော်က လင်မယားဖြစ်နေပြီ။ သူ့ကိုထိခိုက်နစ်နာစေမယ့်အရာမှန်သမျှ ကျွန်တော် ကာကွယ်ပေးရမှာပဲ။ မေမေပြောစရာရှိရင် ကျွန်တော့်ကိုပဲ ပြောပါ"

နှုတ်ခမ်းကို တင်းတင်းစေ့ပြီးကြည့်တဲ့ မိခင်၏အကြည့်ကို ကုမွေ့ ရဲရဲရင်ဆိုင်လိုက်သည်။ အိမ်ထောင်ပြုရမယ့်အရွယ်ရောက်လို့ အိမ်ထောင်ပြုခြင်းမှာ ကိုယ်ချစ်တဲ့သူ ကိုယ်ရွေးချယ်တာ အပြစ်မှမရှိဘဲ။





"ဒါဆို မင်း ငါနဲ့ပြန်လိုက်ခဲ့။ မေမေပြောချင်တာ အဲဒါပဲ"

"အသေသတ်သွား"

"ဘာ"

ကုမွေ့ ပြောလိုက်တဲ့စကားက တစ်ခွန်းချင်းပါ။ စကားကို သာမန်အတိုင်း ဆက်ပြီးပြောလိုက်ရင် မလေးနက်မှာစိုးသည့်အတိုင်း ပါပဲ။

"ကျွန်တော် 'မ' ကို လွယ်လွယ်နဲ့ ရခဲ့တာမဟုတ်ဘူး မေမေ။ သူ့ဆန္ဒမပါဘဲ အတင်းခေါ်လာခဲ့တာ"

"အမယ် သူက"

"ဟုတ်တယ် မေမေ၊ ကျွန်တော် 'မ' ကို အဆုံးရှုံးမခံနိုင်လို့ အတင်းခေါ်လာခဲ့တာ။ မေမေ စဉ်းစားကြည့်ပါ။ သူ့ဘက်ကနေပေါ့"

"ငါက ဘာကိုစဉ်းစားရမှာလဲ"

"မေမေ့ကို ဖေဖေထားခဲ့တုန်းက မေမေ ဘယ်လိုခံစားရလဲ"

"ဟင်"

ဒေါ်ခင်မာညို ကိုယ်ကြီးတောင့်ခနဲ ဖြစ်သွားလေသည်။ သားက အတိတ်ကိုတူးဆွပေးလိုက်တော့ ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားရ၏။ ဒီအကြောင်းတွေကို သူမ မေ့ထားနိုင်အောင် ဘယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားခဲ့ရလဲ။ ပြန်တွေးမိတိုင်း ရင်ထဲမှာ နာကျင်ခံစားရသည်လေ။

"မင်း မဆိုင်တာတွေ မပြောစမ်းပါနဲ့ သား"

"ဆိုင်တာပေါ့ မေမေ၊ သားက မေမေပြန်ခေါ်လို့ လိုက်ရင် 'မ' ကိုပစ်ထားခဲ့သလိုဖြစ်မှာ။ ပစ်ထားခံခဲ့ရတဲ့သူ ဘယ်လိုခံစားရမလဲ။ မေမေ ကိုယ်ချင်းစာပေးပါ။ ပြီးတော့ ကျွန်တော် 'မ' ကို အသက်ရှင်လျက်နဲ့တော့မခွဲနိုင်ဘူး။ အဝေးမခံနိုင်ဘူး။ ရအောင်ခွဲမယ့်ဆန္ဒရှိရင် ကျွန်တော့်ကိုသာ သတ်လိုက်။ အဲဒါ အရှင်းဆုံးပြောတာ"

သားရဲ့ ပြတ်သားတဲ့စကားကြောင့် ဒေါ်ခင်မာညို တွေခနဲဖြစ်ပြီး ငေးငိုင်သွားလေတော့သည်။ ကိုယ့်သားစိတ်ဓာတ်ကို သိနေပါလျက်နဲ့ သားအမိချင်း မာနာပြိုင်သလို ဖြစ်နေပြီလား။ သားက သူမှန်တယ်ထင်ရင် ဘယ်တော့မှ နောက်ဆုတ်တတ်သူ မဟုတ်ပေ။

ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ။

ကိုယ့်သားနဲ့ ပတ်သက်နေမှတော့ မကြည့်ချင် မြင်လျက်သား ဖြစ်နေမှာပဲလေ။

"ကောင်းပြီလေ၊ ဖြစ်ပြီးမှတော့ ဘာတတ်နိုင်မှာလဲ။ မင်း လုပ်ချင်တာလုပ်၊ နေချင်သလိုနေပါ"

"မေမေကရော ဘာဆက်လုပ်မှာလဲ"





"မိဘဝတ္တရားရှိတဲ့အတိုင်း လုပ်သင့်တာ လုပ်ပေးမှာပါ"

ချောင်းနားထောင်နေတဲ့ ဖြူစင် အခုမှပဲ မျက်လုံးလေးမှိတ်ပြီး သက်ပြင်းချလိုက်မိသည်။ အရင်က ဘယ်လိုပဲ ဖြစ်ခဲ့ ဖြစ်ခဲ့ ကတောက်ကဆတွေရှိခဲ့ဖူးပေမယ့် အခုက မောင်နဲ့ပတ်သက်ပြီး ကိုယ့်မိဘဖြစ်နေပြီဆိုတော့၊ တတ်နိုင်သလောက် သည်းခံရတော့မှာပဲပေါ့။

"ဒါဆို မေမေက"

"မနက်ဖြန် မင်းတို့လင်မယား အိမ်ပြန်လာခဲ့ပါ"

"ဟာ"

"မေမေ ပြန်တော့မယ်"

※



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

ဖြူစင့် မင်္ဂလာဆောင်မှာ ကိုကြီးက အစ်ကိုကြီး အဖအရာ အနေနဲ့ ညီမဖြစ်သူ မျက်နှာမငယ်ရအောင် အစစအရာရာမှာ လိုအပ်သမျှ လုပ်ကိုင်ပေးရှာသည်။ ဖြူစင်ဝတ်ထားတဲ့ လက်ဝတ်လက်စားတွေကို လက်ဖွဲ့အဖြစ် ပေးသည်လေ။ ဒီထက်ပိုပြီး လက်ဖွဲ့အဖြစ် မပေးနိုင်တာက –

ပန်းရဲ့ရှေ့ရေး၊ ကိုကြီးရဲ့ရှေ့ရေးရှိသေးသည် မဟုတ်လား။ သူတို့က ချမ်းသာတဲ့သူတွေမှ မဟုတ်ဘဲလေ။ မိဘတွေမရှိကြကတည်းက ဒီအစ်ကိုကြီးပဲ အုပ်ထိန်းသူအဖြစ်နဲ့ ညီမနှစ်ယောက်အတွက် ရှန်းကန်လှုပ်ရှားခဲ့တာပါ။





"အကြီးမ"

"ရှင် ကိုကြီး"

"လိမ်လိမ်မာမာနေနော်။ ယောက်ျားမဆိုတာ မိဘပဲ။ ကိုယ့်မိဘ စိတ်ချမ်းသာအောင်နေ။ ဘာပဲဖြစ်ဖြစ် တစ်ဖက်သတ်အမြင်နဲ့ မကြည့်နဲ့။ နှစ်ဖက်မျှတွေးတတ်ပါစေ"

"ဟုတ်ကဲ့ပါ ကိုကြီး"

"ကိုယ်က အိမ်ထောင်သည်ဖြစ်သွားပြီ။ အရင်လို ကိုယ်လုပ်ချင်ရာလုပ်၊ ကိုယ်သွားချင်ရာ မသွားနဲ့။ အစစအရာရာ ကုဋ္ဌေနဲ့တိုင်ပင်။ သူခွင့်ပြုမှလုပ် ကြားလား"

"ဟုတ်ကဲ့ ကိုကြီး"

ကိုကြီးက မပြီးနိုင်မစီးနိုင် မှာတမ်းတွေ ခြွေနေလေတော့ ဖြူစင် မျက်ရည်ဝဲရသည်သာ။ ပန်းကတော့ ဖြူစင်နဲ့ခွဲရတော့မည်ဆိုတော့ ငိုနေလေပြီ။ တကယ်ဆို ကိုကြီးက သနားဖို့ကောင်းသည်လေ။ ချစ်သူရှိခဲ့ပြီး ချစ်သူကို လက်မထပ်ခဲ့ပေ။

ညီမနှစ်ယောက်ကိုငဲ့ပြီး ချစ်သူကို စွန့်လွှတ်ခဲ့သူပါ။

"ကုဋ္ဌေ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်နဲ့ပတ်သက်ပြီး သဘောမကျစရာပဲရှိရှိ မကျေနပ်တာပဲရှိရှိ ကိုကြီးကိုပြော ကြားလား"

"ဟုတ်ကဲ့"

"ကဲ ... ကိုကြီးတို့ပြန်တော့မယ်"

"မမ"

"ပန်း"

ပြန်တော့မယ်ဆိုတာနှင့် ပန်းက ဖြူစင်လက်ကို ဆုပ်ကိုင်ပြီး ငိုလေတော့သည်။

"အိမ်ကို မကြာခဏ အလည်ပြန်လာခဲ့ပါနော် မမ။ မမ မရှိတော့ ပန်းတစ်ယောက်တည်း အားငယ်နေရမှာ"

"မမ မကြာခဏ ပြန်လာမှာပေါ့ ပန်းရယ်။ ပြီးတော့ ဖုန်းဆက်လို့ရနေတာပဲ။ တိုင်ပင်စရာရှိရင် မမကို ဖုန်းဆက်ပြောလေနော်"

"အဟင့်"

"ပန်း"

"-------"

"သူများတွေ မင်္ဂလာယူနေတဲ့အချိန်မှာ နင်က ဘာလို့





စိတ်မကောင်းစရာတွေ ပြောပြီး ငိုနေတာလဲ။ မငိုနဲ့ တိတ်တော့"

ကိုကြီးပြောတော့ ပန်း မျက်ရည်သုတ်လေသည်။

"ကဲ ... လာ တို့ မောင်နှမပြန်ကြမယ်"

"မမ"

"ပန်း"

"ပန်း သွားတော့မယ်နော်"

ဖြူစင် ခေါင်းညိတ်ပြတော့ ပန်း ထွက်သွားတာ လှည့်ကြည့် လှည့်ကြည့်နှင့်ပါ။ ဖြူစင်လည်း မျက်ရည်မထိန်းနိုင်စွာ ငိုလေလျှင်–

"မ"

"-----"

" 'မ' ကွာ ... ဘာလို့ငိုနေတာလဲ၊ နောက် မတွေ့ရမှာကျနေတာပဲ၊ မငိုပါနဲ့တော့"

"နောက်တွေ့လို့ရပေမယ့် အရင်လိုမှ မဟုတ်တော့တာ မောင်ရဲ့"

"ဟား"

ကုဋ္ဌေ ရယ်ကျဲကျဲနှင့် လည်ပင်းပွတ်လိုက်မိကာ –

"ကိုယ့်ထက်အသက်ကြီးတဲ့ မိန်းမကို ယူလို့ ကိုယ်က ဆိုးရ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ရဲ ခွဲရမလား မှတ်ပါတယ်။ သူ့ကိုပဲ ပြန်ချော့နေရတယ်။ မောင့်မိန်းမက အသက်သာကြီးတာ၊ ဟိုဟာက သေးသေးလေးပဲ''

''ဘာ''

''စိတ်ကိုပြောတာပါ။ ကလေးစိတ်လို့''

''အဲဒါနဲ့ ဘာလို့ အသက်ကြီးတဲ့မိန်းမကိုယူထားသေးလဲ။ အစကတည်းက အသက်ငယ်တဲ့မိန်းမကို ရှာယူပါလား''

''အသက်ကြီးတဲ့မိန်းမကိုမှ ရှုံးလောက်အောင် ချစ်မိလို့ ရအောင်ယူတာ ဘာဖြစ်လဲ''

''မသိဘူး ... မသိဘူး''

ဖြူစင်က သူ့ရင်ဘတ်ကို ထုလေတော့ ကုဋ္ဌေ ဖြူစင့်လက်ကို ဖမ်းဆုပ်ထားပြီး လည်တိုင်လေးကို နမ်းလိုက်လေလျှင် –

''ဟာ ဟာ''

''ဟော့ကောင် ကုဋ္ဌေ''

''အား ... ရှက်လိုက်တာ၊ အဟင့် ဟင့်''

''ဟင်''

အသံတွေကြားလို့ ကုဋ္ဌေ လှည့်ကြည့်လိုက်တော့ ကုဋ္ဌေ့ သူငယ်ချင်းတွေပါ။ ကိုယ့်အာရုံနဲ့ကိုယ်မို့ သတိမထားလိုက်မိချိန်မှာ





ဒီကောင်တွေ ရောက်လာတာပါ။

''ကောင်မလေးကို လွှတ်လိုက်၊ မိုက်ရင် ထွက်ခဲ့၊ မိုက်အောင်ဒင်ရဲ့အသည်းနှလုံးကိုတော့ လာမဆွနဲ့''

''ဘာကောင်တွေလဲကွာ၊ ရူးညံ့နေတာပဲ၊ 'မ' သွားတော့။ မောင် သူငယ်ချင်းတွေနဲ့ စကားပြောလိုက်ဦးမယ်''

''အင်း''

ဖြူစင် လှည့်ထွက်လာခဲ့တော့သည်။ အပေါ်ထပ်ကိုတက်တော့ အပေါ်ထပ်ကနေ ဆင်းလာတဲ့ ကုဋ္ဌေ့မေမေနဲ့ လှေကားအလယ်မှာဆုံလေလျှင် ဖြူစင် ဘာလုပ်ရမှန်းမသိတော့ပါဘူး။ တစ်အိမ်တည်းမှာ အတူနေရပေမယ့် သူက အခုထိ ကိုယ့်ကို စကားမပြောသေးဘူးလေ။

ဖြူစင်က တစ်ခါတစ်ခါ စကားစပြောတာတောင် သူက မကြားချင်ယောင်၊ မသိချင်ယောင်ဆောင်နေတော့ ဘယ်လိုလုပ်ရမလဲ။ အရင်က သူ့သားနဲ့ သဘောမတူကြောင်း ဖြူစင်ကို လာပြောလို့ စကားများခဲ့ကြဖူးသည်လေ။ ဒီတော့ အခုချိန်မှာ မျက်နှာပူမိတာတော့ အမှန်ပါပဲ။

ဖြူစင် –



www.burmeseclassic.com

www.burmeseclassic.com



ခြေလှမ်းကိုရပ်တန့်ပြီး ကြည့်နေစဉ်မှာပဲ ဒေါ်ခင်မာညိုက ခပ်တည်တည်ဖြင့် ဖြူစင် ဘေးကနေ ဖြတ်လျှောက်သွားလေပြီ။

"ဟူး"

ဖြူစင် လေကိုမှုတ်ထုတ်ပြီး ဆက်တက်လာခဲ့တော့သည်။ အခန်းထဲရောက်တော့ အဝတ်လဲပြီးထိုင်နေလိုက်စဉ် –

"မ"

"ဟင်"

ကုဋ္ဌေ အခန်းထဲဝင်လာပြီး –

"ဟိုကောင်တွေညစ်နေလို့ မောင် လိုက်သွားလိုက်ဦးမယ်"

"အင်း ... လိုက်သွားလေ"

"အရမ်းချစ်တယ်"

ကုဋ္ဌေ ဖြူစင့်နဖူးလေးကိုနမ်းပြီး ပြန်ထွက်သွားလေတော့သည်။ ဖြူစင်တစ်ယောက်တည်း ကျန်ခဲ့ရတော့ အတွေးက အတိတ်ကို ပြန်သတိရမိသွားသည်လေ။ မောင်နဲ့စတွေ့ခဲ့ပုံကိုပေါ့။

❋



# အခန်း (၉)

"ဟင့်"

"ဟင်"

ဖြူစင် နားထဲမှာ ရှိုက်သံလိုလို ကြားနေရသည်။ ကိုယ်ကျောပေးထိုင်နေတဲ့သစ်ပင်ရဲ့ ဟိုဘက်မှာ လူတစ်ယောက် ထိုင်နေတာကို သိတော့သိသား။ သူလည်း သူ့ဘာသာသူ ထိုင်နေတာ။ ကိုယ်လည်း ကိုယ့်ဘာသာကိုယ် ထိုင်နေတာ ဆိုပြီး ဖြူစင် စာအုပ်နဲ့ ဘောလ်ပင်နဲ့လေး ထုတ်ပြီး ကဗျာရေးနေတာပါ။

လာရင်းအကြောင်းက –

သူငယ်ချင်းနောက်ကို အဖော်လိုက်လာတာပါ။ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



က ချစ်သူနဲ့ချိန်းတွေ့တာကို ဖြူစင်က အဖော်လိုက်လာခဲ့ရတာပေါ့။

"တောက်"

ဟုတ်တယ် . . . ဟိုလူတစ်ခုခုကို ဒေါသထွက်ပြီး ငိုနေတာပဲ ဖြစ်မယ်။

"ဟင့် . . . တောက်"

"ဟော"

"ဖြောက် ဖြောက်"

"ဟင်"

"ဖြောက် ဖြောက် ဖြောက်"

မိုးဖွဲတွေကျလာသဖြင့် ဖြူစင်စာအုပ်နဲ့ ဘောလ်ပင်နိကို စလင်းဘတ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။ ပြီးတော့ ထီးလေးကို ထုတ်ယူလိုက်၏။

"ဖြောက် ဖြောက်၊ ဖြောက် ဖြောက်"

ဖြူစင် ထီးဖွင့်ဆောင်းလိုက်စဉ်မှာပဲ မိုးက ပိုသည်းလာသည်လေ။ ကိုယ်က ထီးဆောင်းပြီး ဟိုလူမိုးရေထဲမှာ ထိုင်နေတာကို ကြည့်မနေနိုင်ပေ။ ထို့ကြောင့် ထိုလူရှိရာသို့ သွားသင့်၊ မသွားသင့် စဉ်းစားနေမိ၏။





"ဝေါ ဝေါ"

"ဟော"

ဖြူစင် မနေနိုင်စွာ သစ်ပင်ဘေးကနေ ကပ်သွားပြီး ချောင်းကြည့်လိုက်တော့ ခေါင်းငိုက်စိုက်ချနေတဲ့သူမှာ မိုးရေတွေ ရွှဲနေလို့ပါ။ ထိုင်နေပုံက မလှုပ်မယှက်နဲ့။ သူ ဒီအတိုင်းပဲ ထိုင်နေတော့မှာလား။ သူတစ်ခုခုကို ခံစားနေရတာများလား။

"ဟား"

"ဟင်"

ငိုက်စိုက်ချထားတဲ့ ခေါင်းကို မော့ပြီး ဒီဘက်အလှည့်မှာ မျက်နှာကိုမြင်လိုက်ရပါပြီ။ လူငယ်လေးတစ်ယောက်ပဲ။ သူက လူငယ် ကိုယ်က လူကြီးဆိုတော့ ဖြူစင် ဆက်စဉ်းစားမနေတော့ပေ။ သူ့ဆီကို သွားပြီး နောက်ကနေ ထီးမိုးပေးလိုက်မိတာ စာနာစိတ်နှင့်ပါ။

သူ တစ်နေ့လုံး ထိုင်နေမလားဘဲ။

ကိုယ်က သူငယ်ချင်းလာတာနဲ့ ပြန်တော့မယ့်သူလေ၊ စာပေကို ချစ်မြတ်နိုးသူ ဖြူစင်က နှလုံးသားလည်း နူးညံ့သည်မို့ လိုအပ်ရင် သူ့ကို ဒီထီးလေးပေးခဲ့ချင်တာပါ။ ဖြူစင် ထီးမိုးပေးလိုက်တော့ မော့ကြည့်လာတဲ့ မျက်ဝန်းတွေက ရဲနေလို့ပါ။ ဘယ်လောက်တောင်



www.burmeseclassic.com

www.burmeseclassic.com



ငိုငေးတယ် မသိပါဘူး။

"ချာတိတ်"

"_____"

"မင်း ဘာလို့ငိုနေတာလဲ"

သူက မဖြေဘဲ ထရပ်လေတော့ ဖြူစင် ထီးကိုင်ထားတဲ့ လက်ကိုမြှောက်ပေးလိုက်သည်။ သူက အရပ်ရှည်တော့ မြှောက်ပြီး မိုးပေးရတာပေါ့။

"မင်း ဒီအတိုင်းပဲ မိုးရေထဲမှာ ထိုင်နေတော့မှာလား"

"_______"

"အစ်မ ဘာကူညီရမလဲ"

"ကျွန်တော့်ကို ထီးမိုးပေးလည်း အလကားပါ။ မိုး ဘယ်လောက်ပဲရွာရွာ ကျွန်တော့်ရင်ထဲက အပူမီးကို ငြိမ်းသတ်မပေးနိုင်သလို ထီးမိုးပေးလည်း ကျွန်တော့်အတွက် နွေးထွေးမှုဆိုတာ ရှိလာမှာ မဟုတ်ပါဘူး"

ဖြူစင် သူ့ကို မျက်မှောင်ကြုတ်ပြီး ကြည့်လိုက်မိသည်။ ဘာတွေ ဘယ်လောက်တောင် စိတ်ညစ်စရာတွေ ရှိနေပါလိမ့်။ စာရေးဆရာမဖြစ်ချင်သူပီပီ ဇာတ်လမ်းရေးလို့ရမလား စပ်စုချင်မိတာတော့





အမှန်ပါပဲ။

ဒါပေမဲ့ အခုအချိန်မှာ မြွေပူရာ ကင်းနောက်တော့ မလုပ်ချင်ပေ။

"မင်းကြည့်ရတာ တော်တော်စိတ်ညစ်နေပုံရတယ်။ ဘာကြောင့်လဲ အစ်မ မမေးတော့ပါဘူး။ အစ်မရဲ့စေတနာကို အသိအမှတ်ပြုတဲ့အနေနဲ့ ထီးတော့ယူထားလိုက်ပါ"

"ဗျာ"

"မင်းရင်ထဲမှာ အေးတာ၊ နွေးတာတွေအတွက် မကူညီနိုင်ပေမယ့် ဒီလိုနေလို့ ရောဂါဖြစ်သွားရင် မကောင်းဘူး မောင်လေး။ မင်းက ငယ်သေးတာပဲ၊ ဖြစ်ချင်တာ ဖြစ်အောင်ကြိုးစားခွင့်ရှိတယ်။ ဘာပဲဖြစ်ဖြစ် လွယ်လွယ်နဲ့ အရှုံးမပေးပါနဲ့"

ကောင်လေးက သူမကို ငေးငေးစိုက်စိုက်ကြည့်နေသည်။ အံ့ဩနေတာလား။ ဖြူစင်က ဒီလိုပဲ အမြင်မတော်ရင် ကူညီတတ်သူပါ။ သူတစ်ပါးဒုက္ခရောက်မှာကို စိုးရိမ်သည်လေ။

"မင်းက ယောကျ်ားလေးပဲ မောင်လေးရဲ့။ သေချင်လောက်အောင် စိတ်ညစ်စရာရှိနေပါစေ နေ့ရက်တိုင်းက ကိုယ့်ကို ပြုံးပြဒါးနဲ့ စောင့်ကြိုနေမှာမှ မဟုတ်တာ။ မင်းအတွက် ရက်ရာဇာတွေ ရှိလာဦး



www.burmeseclassic.com

www.burmeseclassic.com



မှာပါ။ ရခဲလှတဲ့ လူ့ဘဝကို တန်ဖိုးထားပါ မောင်လေး"

"ဖြူစင်"

"ဟင်"

"ဖြူစင်ရေ"

သူငယ်ချင်းဖြစ်သူ ခိုင်သစ္စာခေါ်နေသဖြင့် –

"ဒါ ဒီမှာ ခိုင်၊ လာပြီ"

"မိုးတွေရွာလို့ တို့ပြန်တော့မယ်"

"အေး အေး ... လာပြီ၊ ခဏလေး"

ခိုင်တို့ချစ်သူနှစ်ယောက်က ထီးတစ်ချောင်းကို နှစ်ယောက်အတူဆောင်းရင်း ဖြူစင်ကို ရပ်စောင့်နေကြလေသည်။

"ထီးယူပါ မောင်လေး။ အစ်မသွားတော့မယ်"

"စိုကုန်မှာပေါ့"

ကိုယ့်ကိုမေးငေါ့ပြပြီး ပြောလိုက်တဲ့ လေသံက တုံးတိပါ။

"ရပါတယ်၊ အစ်မက အခုပဲပြန်တော့မှာ။ မင်းက နေဦးမှာ မဟုတ်လား။ ယူပါ"

သူ ခေါင်းညိတ်ပြီး ထီးကိုယူလိုက်တော့ ဖြူစင် ပြုံးပြကာ နှုတ်ဆက်ခဲ့သည်။ ဖြူစင် သူ့ရှေ့ကထွက်လာခဲ့တော့ –



"မမ"

"––––"

"မမ"

"ဟင်"

သူခေါ်တော့ ဖြူစင် ခြေလှမ်းကိုရပ်ပြီး သူ့ကိုလှည့်ကြည့်လိုက်စဉ် သူက ဖြူစင်ဆီသို့ လျှောက်လာပြီး –

"ကျွန်တော် မမနာမည်ကို သိခွင့်ရှိရင် သိပါရစေ မမ"

"မမနာမည် ဖြူစင်ကြယ်ပါ"

"ဪ"

"မင်းနာမည်ကရော"

"ကျွန်တော့်နာမည်က ကုဋေထက်သာပါ"

"ကုဋေထက်သာ"

"ဟုတ်ပါတယ် မမ။ မမက နာမည်နဲ့စိတ်ထားလေး အရမ်းလိုက်တယ်"

"အင်း ... ကိုယ့်နာမည်ရဲ့ အဓိပ္ပာယ်လေးကို တတ်နိုင်သလောက်တော့ ထိန်းသိမ်းရတာပေါ့ကွယ်"

"ကျွန်တော် မမနဲ့ ခင်ချင်တယ်ဗျာ။ ကျွန်တော့်အတွက်



www.burmeseclassic.com

www.burmeseclassic.com



မိတ်ဆွေစစ် မိတ်ဆွေမှန် လိုအပ်နေလို့ပါ''

''ခင်တာပဲ ရပါတယ်။ မမ ဖုန်းနံပါတ်ကို မှတ်ထားလေ''

''ခဏနော် မမ''

ကုမ္မေက ဖုန်းကို အင်္ကျီအိတ်ထဲကနေ ထုတ်ယူကာ –

''ရေစိုသွားပြီ၊ ပျက်ရင်တော့ ဒုက္ခပဲ''

ဖြူစင် သူ့ဖုန်းရေစိုသွားပြီဆိုတော့ ဘာဖြစ်သွားပြီလဲလို့ ကြည့်လိုက်မိစဉ် –

''အာ ... ရသေးတယ်၊ နံပါတ်ပြော မမ''

ဖြူစင် ကိုယ့်ဖုန်းနံပါတ်လေးကို ပြောပြလိုက်သည်။ သူက လိုက်မှတ်ပြီး ရပြီဆိုတော့ –

''မမသွားတော့မယ်''

''ဟုတ်ကဲ့ မမ''

''ဟဲ့ ဖြူစင်''

''ဟင်''

''အခုထိ မလာသေးဘူးလား''

''လာပြီ ... လာပြီ''

နိုင်က စိတ်မရှည်တဲ့လေသံနှင့် ခေါ်လေသဖြင့် ဖြူစင် သူ့ရှေ့





ကနေ ထွက်လာခဲ့တော့သည်။ ထီးမပါပဲ မိုးရေထဲပြေးလာတဲ့ဖြူစင်ကို ကြည့်ပြီး နိုင်က –

''ဘာလဲ ထီးလှူခဲ့ပြန်ပြီလား ဖြူစင်''

''ဟုတ်တယ်''

''နင်ကတော့လေ။ ငါ မပြောလိုက်ချင်ဘူး သိလား။ ဟိုက ယောကျ်ားလေး၊ မိုးရေထဲမှာ တစ်နေကုန်နေလည်း ဘာမှမဖြစ်ဘူး။ ကိုယ့်ကိုယ်ကိုယ် အရွှဲခံပြီးတော့များ ပေးခဲ့ရတယ်လို့ဟယ်။ တကယ်ကို လိုက်မမီတော့ဘူး သိလား''

''နင်ကလည်း ငါ့ဆိုရင်ပြောတော့မယ်။ ငါကတော့ နင့်ကို စိတ်ရှည်လက်ရှည်စောင့်ရပြီး သူ့အလှည့်ကျတော့ စိတ်မရှည်ဘူး''

''ငါက စိတ်မရှည်လို့ ပြောနေတာမဟုတ်ဘူး ဖြူစင်ရဲ့။ နင် သဒ္ဒါပိုပြီး ထီးပေးခဲ့လို့ပြောတာ။ အခု နင် ရွှဲပြီ''

နိုင်က တကယ်တော့ ဖြူစင့်အတွက် စိုးရိမ်လို့ပြောရှာတာ ပါလေ။ ဖြူစင် နိုင့်စေတနာကို နားလည်ပေမယ့် ကိုယ်က သူများကို သနားတတ်တော့ ခက်သား။

''ကဲပါ နိုင်ရယ် ... ဖြူစင်က သူ့စေတနာရှိလို့ ပေးခဲ့တာ ကို။ တော်ကြာ နိုင်က သူများလှူတာကို ဖျက်လိုဖျက်ဆီးလုပ်သလို



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေဦးမယ်။ သွားကြရအောင်"

နိုင်က ဖြူစင့်ကို မျက်စောင်းထိုးလေသည်။ ကိုယ့်အပြစ်နဲ့ ကိုယ်ဆိုသော သဘောနှင့် သူတို့နှစ်ယောက်က ရှေ့မှထွက်သွားလေလျှင် ဖြူစင် နောက်မှလိုက်လာခဲ့တော့၏။

ဖြူစင် –

သူ့ကိုတစ်ချက်လှည့်ကြည့်မိတော့ သူကလည်း ဖြူစင့်ကို လှမ်းကြည့်နေသည်သာ။

ခြော် ရေစက်ဆိုတဲ့ရေစက်ရယ်။

❋



## အခန်း (၁၀)

သူများအကျိုးဆောင် ကိုယ့်ကျိုးအောင်တဲ့၊ ဖြူစင်လုပ်ခဲ့တဲ့ လုပ်ရပ်က ဘယ်အရာမြောက်လဲတော့ မသိပါဘူး။ ဟိုကောင်လေးတော့ ထီးမရခင် မိုးရေတွေရွဲထားတာ ဘယ်လိုနေမည်မသိ ဖြူစင်ကတော့ နှာစေးပြီး ခေါင်းတွေကိုက်နေပါပြီ။

"ဟပ် ဟပ်ချိုး"

"ဟင်"

"ဟပ်ချိုး ဟပ်ချိုး"

အလုပ်ကနေ ပြန်လာပြီး ရေသောက်နေတဲ့ကိုကြီးက ဖြူစင်ကို လှည့်ကြည့်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"အကြီးမ"

"ရှင် ကိုကြီး"

"နေမကောင်းဘူးလား"

"ကောင်းပါတယ် ကိုကြီး။ ဒီနေ့ အပြင်သွားတာ မိုးမိလို့ နှာစေးရုံပါ"

"ဟင် . . . အပြင်သွားတာ ထီးယူသွားဘူးလား။ ခါတိုင်းဆို ဘယ်သွားသွား ထီးယူသွားနေကျပါ"

"ဟိုလေ အဲဒါ"

"ထီးက ယူသွားတယ် ကိုကြီး"

ပန်းက စာကျက်နေရင်းမှ ဝင်ဖြေလေသည်။ မပြောဖို့ မျက်ရိပ်ပြပေမယ့် ပန်းက သူမကိုမကြည့်လေတော့ မမြင်။

"သူများ မိုးရွာထဲမှာ ဓာတ်တိုင်ထိုင်နေတာကို သနားလို့ဆိုပြီး မမက သူ့ထီးပေးခဲ့တာတဲ့။ သူက မိုးရွာထဲ ပြန်လာတာလေ"

"ဖြစ်မှဖြစ်ရလေ"

ကိုယ့်ညီမစိတ်ကိုသိနေသည်မို့ ဖော်ဖော်ဗိုလ် ဒါထက်ပိုပြီး ဘာမှမပြောချင်တော့ပေ။ သူများကို စေတနာထားတာ၊ ကူညီတာ၊ သနားတာကောင်းတဲ့စိတ်ထားပါပဲ။ ဒါပေမဲ့ ကိုယ့်ညီမ နေမကောင်း





ဖြစ်မှာမျိုးကျ မလိုချင်ဘူးလေ။ လူအတော်များများက သူများထက် ကိုယ့်ကိုကိုယ် ပိုသနားကြတာမဟုတ်လား။

"ဆေးရော သောက်ထားလား"

"ဟုတ် သောက်ထားပါတယ် ကိုကြီး"

"အဲဒါဆို စောင်ခြုံပြီး နွေးနွေးထွေးထွေးအိပ်လိုက်။ တော်ကြာ ခေါင်းကိုက်နေဦးမယ်"

"ကိုကြီးပြောတာတောင် နောက်ကျနေသေးတယ်။ စောစောက ခေါင်းကိုက်လို့တဲ့"

"ပန်း"

ပန်းကိုမပြောဖို့ မျက်ရိပ်ပြလည်း တားမရတော့ပါဘူး။

"ဖြစ်ရမယ်၊ ကဲ သွားအိပ်နေလိုက်။ အဲဒါမှ မသက်သာရင် ဆေးခန်းသွားသင့် သွားရမယ်"

"ဟုတ်"

ဖြူစင် ခေါင်းကိုက်နေတာမို့ ကိုယ့်အိပ်ခန်းထဲသို့ ဝင်လာခဲ့တော့သည်။

"ဟပ် ဟပ်ချိုး ဟပ် ချိုး"

နှာချေတာ ခဏခဏဖြစ်လာတော့ မျက်ရည်တွေလည်းကျ



www.burmeseclassic.com

www.burmeseclassic.com



နှပ်တွေလည်း ထွက်ပါပဲ။ စောင်ခြုံပြီး အိပ်လိုက်စဉ်မှာပဲ ဖုန်းသံက မြည်လာသဖြင့် ဖုန်းကိုယူလိုက်ကာ –

"ဟယ်လို"

"ဟယ်လို မမလား"

"ဟင် ... ဘယ်သူလဲမသိဘူး"

"ကျွန်တော် ကုဋ္ဌေပါ မမ။ မမထီးပေးခဲ့တဲ့ ကုဋ္ဌေထက်သာပါ"

"သြော် သောရီးပါ။ မင်း ချက်ချင်းကြီး ဖုန်းဆက်မယ်လို့ ထင်မထားတော့ ဘယ်သူမှန်း မမက ဘယ်သိမှာလဲ"

"မမ"

"ပြောလေ ... မင်း ဘာပြောမလို့လဲ"

"မမ နေမကောင်းဖြစ်နေပြီလား"

"ဟင်"

ဖြူစင် မျက်မှောင်လေးကြုတ်သွားလေသည်။ သူ ဘယ်လို သိပါလိမ့်လို့ တွေးနေစဉ်မှာပဲ –

"ဟုတ်တယ်မို့လား မမ၊ မမ မိုးမိပြီး နေမကောင်းဖြစ်နေပြီ မဟုတ်လား။ မမစကားပြောတာ နှာသံတွေပါနေတယ်"





ဟုတ်သားပဲ၊ နှာစေးနေတော့ စကားပြောတာ နှာသံပါနေမှာပေါ့။

"အင်း ... နှာစေးရုံလောက်ပါ"

"ဘာပဲဖြစ်ဖြစ် ကျွန်တော် မမစိတ်ဓာတ်ကို အရမ်းလေးစားတယ်ဗျာ၊ အဲဒါကြောင့် မမနဲ့ခင်ချင်တာ။ ကျွန်တော်က မေတ္တာငတ်နေတဲ့ကောင်ပါ မမ"

"သြော်"

ကုဋ္ဌေ့စကားကြောင့် ဖြူစင် စိတ်မကောင်းဖြစ်သွားရသည်။ ယောက်ျားတန်မဲ့ ငိုတယ်ဆိုမှတော့ သူ့အပူမီးက တော်ရုံဖြစ်နိုင်ပါ့မလား။ သူ့အကြောင်းကို တကယ်စိတ်ဝင်စားသွားမိသည်။

"ဒါဆို မင်းမှာ မိဘတွေမရှိဘူးလား"

"ရှိပါတယ် မမ၊ ဒါပေမဲ့ ... ကျွန်တော် ကျွန်တော့်မိဘတွေဆီက ဘာနွေးထွေးမှုမှမရခဲ့ဘူး"

"ဟင်"

"မေတ္တာတရားဆိုတာ ပိုက်ဆံတွေကိုသာ အပ်လို့ ထုတ်လို့ ရတဲ့ ဘဏ်တိုက်တစ်ခုဆိုရင် ကျွန်တော် ဖောက်ထွင်းခိုးမှုတစ်ယောက် ဖြစ်လိမ့်မယ် မမ၊ ထားပါတော့လေ၊ နောက်မှ ကျွန်တော်ပြောပြမယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် မမတို့အိမ်ကို အလည်လာလို့ ရမလား မမ''

''ရပါတယ် မောင်လေး ... လာခဲ့လေ။ ဒါပေမဲ့ မလာခင်တော့ ကြိုပြီးဖုန်းဆက်ပေါ့။ တော်ကြာ မမ အိမ်မှာမရှိတဲ့အခါနဲ့ တိုးနေမှာ စိုးလို့ပါ''

''ဟုတ်ကဲ့ပါ မမ။ ဒါဆို မမအိမ်လိပ်စာပြောပြ''

ဖြူစင် အိမ်လိပ်စာကိုပြောပြလေတော့ –

''ဟပ် ဟပ်ချိုး၊ ဟပ်ချိုး''

''ဟင်''

''ဟပ်ချိုး၊ ဟပ်ချိုး''

'' 'မ' နှာတော်တော်ချေနေတာပဲ။ ဆေးသောက်ထားလား။ တော်တော်နေမကောင်းရင် ဆေးခန်းသွားလေ မမ''

''ရပါတယ်၊ မမ ဆေးသောက်ထားတယ် မောင်လေး။ အိပ်လိုက်ရင် သက်သာသွားမှာပါ''

''ဒါဆို အိပ်လိုက်လေ မမ''

ကုဋ္ဌေအသံက နားထောင်ကောင်းသားလို့ ဖြူစင်တွေးလိုက်မိသည်။ အခုမှ သိကြ ခင်ကြပေမယ့် ဖြူစင်ကို စိုးရိမ်သလို ပြောနေတာ တကယ်ရင်းရင်းနှီးနှီးပုံစံပါ။ သူလိုချင်တာက နွေးထွေးမှုတဲ့။





ကိုယ့်အတွက် သူလိုချင်တာပေးနိုင်ဖို့က မခက်ခဲပေ။

မောင်နှမမေတ္တာပေးလိုက်ရင် သူ ကျေနပ်မှာပါ။ မေတ္တာတရားဆိုတာ သမုဒ္ဒရာရေလိုပါပဲ။ ဘယ်လောက်ခပ်ခပ် လျော့သွားမှာမှ မဟုတ်ပဲလေ။

''ကုဋ္ဌေ''

''ဗျာ မမ''

''မင်းရော နေကောင်းရဲ့လား''

''ဟုတ်ကဲ့ ကောင်းပါတယ် မမ။ ကျွန်တော်က မမထီးကို ယူထားလိုက်တဲ့ သူလေ။ ပြီးတော့ ယောကျ်ားလေးပဲ ခံနိုင်ရည်ရှိပါတယ်။ မမအိပ်လေ၊ ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်''

စကားကိုဖြတ်သွားတော့လည်း တုံးတိတိပါ။ ဘယ်လို ကောင်လေးပါလိမ့်။ ကိုယ် နှုတ်ဆက်အောင်တောင် စောင့်မနေဘူး။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

ဆေးသောက်ပြီး အိပ်လိုက်ရင် ပျောက်မှာပါလို့ အလွယ်တွေး အလွယ်ပြောခဲ့တာ။ နောက်နေ့ကျတော့ မပျောက်ပဲ ဖြူစင် ဖျားလေတော့သည်။ ကိုကြီးက အလုပ်သွားပြီ။ ဒီနေ့ ပန်းက ကျောင်းပိတ်တော့ အိမ်မှာဖြူစင်နဲ့ပန်း နှစ်ယောက်ပေါ့။

"ဟင်း ဟင်း ဟင်း"

"မမ"

"ဟင်း ဟင်း"

"မမ"

ပန်း ကျောင်းတက်ရတဲ့နေ့ဆို အိမ်မှာ





ဖြူစင်တစ်ယောက်တည်း ချက်ရေးပြုတ်ရေး လျှော်ရေးဖွပ်ရေးနဲ့ အလုပ်ရှုပ်နေတာပါ။ ဒီကြားထဲ အလုပ်နားရင် ကဗျာလေးတွေ စာလေးတွေ ရေးနေတာ ပျင်းရကောင်းမှန်းမသိပေ။ အခု ပန်းက ဖြူစင်အိပ်ရာထနောက်ကျလို့ လာနှိုးတာပါ။

ချက်ချိန် ပြုတ်ချိန် ရောက်နေတာတောင် အိပ်ရာကမထသေးလို့ လာနှိုးတာ။ ဒီရောက်တော့ ဖြူစင်ညည်းနေသံကိုကြားရတော့–

"မမဖျားနေပြီထင်တယ်"

"အင်း ဟင်း ဟင်း"

ပန်း ဖြူစင့်နဖူးလေးကို စမ်းကြည့်ပြီး –

"ဟာ . . . ဟုတ်တယ်၊ မမ ဖျားနေပြီ၊ ဒုက္ခပါပဲ၊ ဘယ်လိုလုပ်ရပါ့မလဲ"

အစ်မဖြစ်သူဖျားနေတော့ ပန်းဖြူစင် ဘာလုပ်လို့ ဘာကိုင်ရမှန်းမသိပေ။ ကိုကြီးကလည်းမရှိ၊ သူမကလည်း ဘာမှ မလုပ်တတ်ဘူးလေ။ ဒါကြောင့် ဘာလုပ်ရကောင်းမလဲလို့ စဉ်းစားနေစဉ်မှာပဲ–

"တီ တီ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"တီ တီ"

အိမ်ရှေ့က ကားဟွန်းတီးသံကြားသဖြင့် ပန်း ဘယ်သူလဲလို့ ပျာပျာသလဲ ထွက်လာခဲ့သည်။ တစ်ခါတလေ ကိုကြီးမိတ်ဆွေတွေ လာတတ်သည်လေ။ ဘယ်သူပဲဖြစ်ဖြစ် အကူအညီတောင်းလို့ ရတာ ပေါ့ဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ သုတ်သီးသုတ်ပျာ ထွက်လာခဲ့တာပါ။

"တီ တီ"

"ဘယ်သူလဲ လာပြီ"

ပန်း အသံခပ်ကျယ်ကျယ်နဲ့ ပြောလိုက်တော့ ကားပေါ်ကလူ ဆင်းလာလေသည်။

"ဟင်"

ကုဋ္ဌေကိုမြင်လိုက်တော့ ပန်း အံ့သြသွားလေသည်။ လူငယ် ပဲ။ သူ့ကို ပန်း တစ်ခါမျှလည်း မမြင်ဖူး၊ သိလည်းမသိပေ။ ပုံစံက မင်းသားလားမှတ်ရတယ်။ ဘယ်သူနဲ့တွေ့ချင်လို့ပါလိမ့်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ မသိဘူး"

"မမဖြူစင်ကြယ်နဲ့ တွေ့ချင်လို့ပါ။ မမရှိလား မသိဘူး"

"ရှိတယ် . . . ရှိတယ်၊ အခု မမ အရမ်းဖျားနေလို့၊ အဲဒါ ပန်း ဘာလုပ်လို့ လုပ်ရမှန်း မသိဘူး ဖြစ်နေတာ"





"ဟင် . . . ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို ဆေးခန်းသွားမှဖြစ်မှာပေါ့။ ဘယ်မှာလဲ မမ၊ လာ အမြန်သွားရအောင်"

ကုဋ္ဌေ့ပုံစံက ပျာပျာသလဲပါ။ မမ ခုလိုဖြစ်တာ ကိုယ့်တာဝန် မကင်းဘူးလေ။ တကယ်ဆို အခုလိုဖြစ်ရမှာက ကုဋ္ဌေပါ။

"မမ"

"အင်း ဟင်း ဟင်း"

"ဒီမှာ"

"ရှင်"

"မမကို ဆေးခန်းပို့ရအောင်"

"အင်း . . . အင်းပါ"

ကုဋ္ဌေနှင့်ပန်း ဖြူစင်ကို ဆေးခန်းသို့ပို့ခဲ့ကြသည်။ ဆေးခန်း ရောက်တော့ ဆေးထိုးပေးပြီး သောက်ဆေးပေးလိုက်သည်။ ဆေးခန်း ခေါ်သွားတုန်းကတော့ ဖြူစင် ဘာမှမသိပေ။ ကုဋ္ဌေပွေ့ချီပြီး ကားပေါ် ကို တင်တာတဲ့။ ဆေးခန်းကနေ ပြန်လာတော့မှ ဖြူစင် သိသည်လေ၊ သွားတုန်းကတော့ –



www.burmeseclassic.com

www.burmeseclassic.com



သိသလိုလို မသိသလိုတွေက အိပ်မက်လို့ထင်ခဲ့တာပါ။

"အစစအရာရာ ကူညီပေးတဲ့အတွက် ကျေးဇူးပါ ကုဋ္ဌေ"

"မလိုပါဘူး မမ၊ တကယ်ဆိုရင် အခု မမဖြစ်နေတဲ့နေရာမှာ ကျွန်တော်ဖြစ်ရမှာပါ။ မမ ကျွန်တော့်ကိုသာ ထီးမပေးခဲ့ရင် အခုလို ဖြစ်မှာမဟုတ်ဘူး။ တကယ်ပါ၊ ကျွန်တော်က စကားကို လှုကြွား ကောင်းအောင် အဆင်ပြေအောင် ဟန်ဆောင်မပြောတတ်ဘူး။ မမရဲ့ ဖြူစင်တဲ့စိတ်ဓာတ်ကို အရမ်းလေးစားတယ်၊ ကျွန်တော် မမရဲ့မောင် လေး ဖြစ်ချင်လိုက်တာဗျာ"

"ကုဋ္ဌေရယ် ... အခုလည်း မောင်လေးနဲ့မမ မောင်နှမဖြစ် သွားပြီလေ။ မမကို ကုဋ္ဌေရဲ့အစ်မရင်းလို သဘောထားပေါ့"

ကုဋ္ဌေ နှုတ်ခမ်းသားက ပြုံးတယ်ဆိုရုံမျှသာ ပြုံးလေသည်။ သူ့မျက်ဝန်းထဲမှာ နာကျည်းခိုပ်အချို့ကို မြင်နေရတာ ဘာကို နာကျည်း နေပါလိမ့်။

"ကျေးဇူးပါ မ"

"မမ"

"ဟင်"

"မမထီးပေးခဲ့တယ်ဆိုတာ သူလားဟင်"





"ဟုတ်တယ် ပန်း၊ သူနာမည်က ကုဋ္ဌေထက်သာတဲ့၊ ကုဋ္ဌေ သူက မမရဲ့ညီမ ပန်းဖြူစင်တဲ့၊ ပန်းကိုလည်း ကုဋ္ဌေရဲ့ညီမလေးလို သဘောထားပေါ့"

"ဟုတ်ကဲ့"

ကုဋ္ဌေ ခေါင်းညိတ်ပြပြီး ပန်းကို သေသေချာချာ ကြည့်တာ မျိုး၊ ပြုံးပြတာမျိုး မလုပ်ပေ။ ဟုတ်ကဲ့ဆိုပြီး ခပ်တည်တည်ပဲ။

"မမ သက်သာရဲ့လား"

"သက်သာပါတယ်ကွယ်"

ဒီလိုနဲ့ပဲ ကုဋ္ဌေနဲ့ ဖြူစင် ခင်မင်ရင်းနှီးခဲ့ကြသည်။ နောက် နေ့တွေလည်း ကုဋ္ဌေ အိမ်ကို တစ်ပတ်နှစ်ခါလောက် လာဖြစ်သည် လေ။

တစ်ခါတလေ ဖြူစင်အပြင်သွားစရာရှိရင် ကုဋ္ဌေကလိုက်ပို့အေး နေ့တိုင်း ဖုန်းဆက်ဖြစ်သည်။

ဖြူစင်နဲ့ တစ်နေကုန်စကားတွေပြောပြီး ရှိနေတဲ့ အခါမျိုး ဆို–

"ကုဋ္ဌေပြန်တော့လေ၊ မမ နှင်တာ မဟုတ်ဘူးနော်၊ တော် ကြာ ကုဋ္ဌေအိမ်က ဘယ်သွားမှန်းမသိ၊ ဘယ်လာမှန်းမသိဖြစ်နေမယ်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ပူနေကြမှာပေါ့''

လို့ပြောရင် ကုဠေ့ နှုတ်ခမ်းသားလေးတွေမဲ့သွားပြီး ပြန်ပြောတတ်တဲ့စကားက –

''ကျွန်တော့်အတွက် စိတ်ပူပေးမယ့်သူ မရှိဘူးတဲ့'' တဲ့။

အဲဒီလိုပြောပြီး နောက်ထပ်ဆက်ပြောပြတာတွေက –

''ကျွန်တော့်ဖေဖေနဲ့မေမေ ကွဲသွားကြတာ ကြာပြီ မမ။ ဖေဖေက နောက်အိမ်ထောင်ပြုပြီး သူ့မိန်းမနဲ့ ဘန်ကောက်လိုက်သွားတယ်။ မေမေက စီးပွားရေးပဲ ဦးစားပေးတာ။ ကျွန်တော့်ကို ဂရုမစိုက်ဘူး။ ကျွန်တော် မိသားစုမေတ္တာကို မရခဲ့ဘူး။ နွေးထွေးမှုဆိုတာ ဘာမှန်းမသိခဲ့ဘူး မမ''

''ဩော်''

''မမနဲ့စတွေ့ခဲ့တဲ့နေ့က ကျွန်တော် မေမေ့ကို စိတ်နာသလိုလို ဖေဖေ့ကိုစိတ်နာသလိုလို ဖြစ်နေတာ။ ကျွန်တော့်ကိုယ်ကျွန်တော် လူဖြစ်ရှုံးတယ်လို့လည်း သတ်မှတ်တယ်။ မကျေနပ်ဘူး။ ကိုယ့်ဘဝကို ကိုယ် မကျေနပ်တာပါ''

''ဘာပဲဖြစ်ဖြစ်ပေါ့ ကုဠေ့။ မိဘကို မပြစ်မှားပါနဲ့။ မိဘက မိဘပဲလေ။ ဘုရားနဲ့တောင် တစ်ဂိုဏ်းတည်း ထားကြတာပဲဟာ''





''အဲဒီနေ့က ကျွန်တော် ဖေဖေ့ကို သွားတွေ့ချင်တာ တွေ့ခွင့်မရခဲ့ဘူး''

''ဟင်''

ဖြူစင် တကယ်စိတ်မကောင်းဖြစ်မိပါသည်။ ကုဠေ့ပြောပြပုံအရဆို ကုဠေ့က သာမန်အဆင့်အတန်းထဲက ဘယ်ဖြစ်နိုင်မလဲ။ မိဘက သားသမီးကို မချစ်ပဲနေမလား။ ချစ်နည်းမှားနေကြတာပဲဖြစ်မှာပါ။ မိဘနှစ်ပါးက ကွဲနေပြီး –

အတူနေတဲ့အမေက စီးပွားရေးပဲ ဦးစားပေးတယ်ဆိုတော့ သူ့ကို မချစ်ဘူးလို့ ထင်နေပုံပါ။ နွေးထွေးမှုမရတော့ အထီးကျန်ဆန်နေမှာပေါ့။

''ဖေဖေ ဘန်ကောက်ကနေ ပြန်လာတယ် မမ။ ကျွန်တော့် ဖုန်းနံပါတ်ကို ဘယ်လိုစုံစမ်းပြီးရလဲ မသိဘူး။ ဘန်ကောက်မပြန်ခင် သားနဲ့တွေ့ချင်တယ်တဲ့။ ကျွန်တော် ဖေဖေ့ကိုတွေ့ချင်တယ်။ မေမေက သွားမတွေ့ရဘူးတဲ့။ ဖေဖေ့ကိုသွားတွေ့မယ်ဆိုရင် သူ့ကို အမေလို့ မသတ်မှတ်နဲ့တော့တဲ့။ ကျွန်တော် တွေ့ချင်တာပေါ့ မမရယ်။ ဖေဖေနဲ့ ဝေးကွာခဲ့ရတာ ကြာခဲ့ပြီ။ မတွေ့ရဘူးဆိုတော့ အရမ်းနာကျင်ခံစားရတယ်။ အဲဒါကြောင့် ကျွန်တော် မမနဲ့တွေ့တဲ့နေ့က ငိုမိတာပါ။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့က ဖေဖေ ဘန်ကောက်ကိုပြန်သွားတဲ့နေ့လေ"

"ဪ . . . ကုမ္မေရယ်"

နှလုံးသား နူးညံ့သူပီပီ ဖြူစင် ကုမ္မေနေရာကနေ ဝင်ခံစားပြီး မျက်ရည်ဝဲမိသည်သာ။ ဖြူစင်တို့က မိဘတွေ ဆုံးသွားလို့ မိဘမဲ့ဖြစ်ခဲ့ရတာ။ ဒါပေမဲ့ ကိုကြီးရဲ့ မေတ္တာရိပ်အောက်မှာ နွေးထွေးလုံခြုံခဲ့သည်လေ။ မိဘတွေက ဆုံးတာဆိုတော့ ဖြေသာသေးတာပေါ့။

ကုမ္မေကျတော့ –

မိဘတွေရှိလျက် တစ်ကွဲတပြားစီနေရတာ။ သူ သူ့အဖေကို တွေ့ချင်ရှာမှာပေါ့။

"ကုမ္မေ"

"ဗျာ"

"အခုရော အရမ်းခံစားနေရသေးလားဟင်"

ကုမ္မေက မဖြေပေ။

"ကဲပါ . . . အဲဒါတွေ ထားလိုက်တော့။ မမ ပုံပြောပြမယ်လေ၊ နားထောင်မလား"

"မမ တကယ်ပြောတာလား"

"အင်း . . . တကယ်ပေါ့"





"ဒါဆို ပြောပြ၊ နားထောင်မယ်"

ဖြူစင် တကယ်ပဲ ပုံပြင်ပြောပြလေတော့ ဖြူစင်ကို ပေးပြီး ပြင်နားထောင်နေတဲ့ ကုမ္မေ့ပုံစံက တကယ့်ကလေးတစ်ယောက်လို [illegible]

မင်းကို ပျော်စေချင်ပါတယ် ကုမ္မေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ဖြူစင် ကိုယ်ရေးထားတဲ့ဝတ္ထုတိုနဲ့ ကဗျာကို မဂ္ဂဇင်းတိုက်ပို့ဖို့ သေသေချာချာ ပြန်ဖတ်ပြီး စစ်ဆေးနေစဉ် –

"မမ"

"– – – –"

"မမ"

"ဟင်"

ဖြူစင်လှည့်ကြည့်လိုက်တော့ ပန်းပါ။ ပန်းက ဖြူစင်အနားထိ လျှောက်လာပြီး –

"ကိုကြီးက ခဏလာဦးတဲ့"





"ဒီမှာ စာမူစစ်နေတုန်း ပန်းရဲ့။ ခဏနေ လာခဲ့မယ်လို့ ပြောလိုက်လေ"

"အင်း … ပြောလိုက်မယ်လေ။ စာမူက ဟိုနေ့က ပန်းဖတ်တဲ့ဟာလား"

"ဟုတ်တယ်"

"အဲဒါဆိုရင် ကောင်းပါတယ် မမရဲ့။ ကဗျာရော ဝတ္ထုတိုရော ပန်းကြိုက်တယ်။ ဝတ္ထုတိုထဲမှာလေ ဟိန်းကို ပန်း အရမ်းသနားတာပဲ"

"ကိုယ့်ငါးချဉ် ကိုယ်ချဉ်မနေနဲ့။ ကဲ … သွားတော့၊ ငါ အလုပ်လုပ်လို့မရ ဖြစ်ဦးမယ်"

"သွားမှာပါ။ ကောင်းတယ်လို့လည်း ပြောပေးရသေး … ဟွန်း"

ပန်း နှုတ်ခမ်းလေးစူပြီးထွက်သွားလေတော့သည်။ ဖြူစင် ကိုယ်ရေးထားတာလေး ပြန်ဖတ်ပြီး ပြုံးလိုက်မိသည်။ တစ်နေ့နေ့တော့ ပန်းတိုင်ကိုရောက်မှာပါလေ။ ကိုယ်က ကြိုးစားရမှာပေါ့။ အနုပညာသမားတွေရဲ့ အောင်မြင်မှုက ပါရမီလည်းပါမှ၊ စန်းကလည်းပွင့်မှတဲ့။

ဗေဒင်ကတော့ ဟောတာပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ကို စာအုပ်စာပေကိစ္စတွေနဲ့ ပတ်သက်ပြီး အောင်မြင်မယ်တဲ့။ အမှန်တကယ် ဖြစ်ပါစေလို့ ဖြူစင်ဆုတောင်းမိသည်သာ။

ဖြူစင် –

စာမူတွေကို သိမ်းပြီး ထလာခဲ့တော့သည်။ ဒီနေ့ ကိုကြီး အလုပ်နားတယ်လေ။ ကိုကြီးရှေ့ကိုရောက်တော့ –

"ကိုကြီး"

"ဟင်"

"ဖြူစင့်ကို ခေါ်တယ်ဆို"

"ဟုတ်တယ် ထိုင်ဦး"

"ဟုတ်"

ဖြူစင် ကိုကြီးနဲ့ မျက်နှာချင်းဆိုင်မှာဝင်ထိုင်လိုက်သည်။

"အကြီးမ"

"ရှင် ကိုကြီး"

"ဟိုကောင်လေးနဲ့ နင်က ဘာလဲ။ အစ်ကိုတစ်ယောက်အနေနဲ့ ငါ ပွင့်ပွင့်လင်းလင်း သိထားချင်တယ်"

"ရှင်"

"အဲဒီကောင်လေး အိမ်ကို အဝင်အထွက်များနေတာ ငါ





ဒိတယ်။ ဒါ သမာရိုးကျ မဖြစ်နိုင်ဘူး။ နင်လည်း ငယ်တော့တဲ့အရွယ်မှ မဟုတ်တာ၊ စဉ်းစားပေါ့"

"ဟို . . . အဲဒါ မောင်နှမလို ရိုးရိုးသားသားပါ ကိုကြီးရဲ့"

"ဩော်"

ဩော်ဆိုတာက မယုံလို့ ဩော်တာလား၊ ယုံလို့အော်တာသွားတော့မသိပေ။ ကိုကြီးက ဘယ်လိုထင်နေလို့ပါလိမ့်။ ဖြူစင်နဲ့ကုရွှေက ရိုးရိုးသားသားပဲ ခင်ကြတာ အမှန်တကယ်ပါ။ အခုချိန်အထိပေါ့။ ကုရွှေက မိသားစုမေတ္တာငတ်နေသူမို့ –

ဖြူစင်က –

မောင်လေးတစ်ယောက်လို သဘောထားပြီး နွေးထွေးမှုပေးခဲ့သည်လေ။ အခြေအနေက ဒါပါပဲ။

"အခုတော့လည်း ရိုးရိုးသားသားပေါ့။ နောက်ဆန်းပြားခဲ့သည်ရှိသော် သေသေချာချာ စဉ်းစားပြီးမှ ဆုံးဖြတ်ပါ ညီမလေး။ ညည်းလည်း ငယ်တဲ့အရွယ်မှမဟုတ်တာ။ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်ရှိပါတယ်။ ကိုကြီးကတော့ ဘယ်သူနဲ့ သဘောမတူဘူး၊ ဘယ်သူနဲ့တော့ သဘောတူတယ် ပြောမှာ... ...တ်ဘူး။ အိမ်ထောင်ရေးကို ကိုယ့်ဘာသာ လွတ်လပ်စွာ ရွေးချယ်ပါ"



www.burmeseclassic.com

www.burmeseclassic.com



ကိုကြီး ဘာကြောင့် ဒီလိုစကားမျိုးတွေ ပြောနေပါလိမ့်။ ကုဋ္ဌေနဲ့ ဖြူစင်ကို မသက်သာဖြစ်နေတာလား။

"ဒါပေမဲ့ . . . တစ်ခုတော့ရှိတယ်"

"ဟုတ်ကဲ့ . . . ပြောပါ ကိုကြီး"

"အိမ်ထောင်ရေးဆိုတာ ဖြစ်ပြီးရင် ပြင်လို့မရဘူးဆိုတာ ပြောချင်တာပါ"

ကိုကြီးစကားက ကုဋ္ဌေနဲ့ဆိုရင် သဘောမကျတဲ့ သဘောလား မသိပေ။ ပွင့်ပွင့်လင်းလင်း ပြောရခက်လို့ အရိပ်အရောင်ပြတွေ ပြောနေတာထင်ပါရဲ့။

❋



## အခန်း (၁၃)

ကုဋ္ဌေ ဖြူစင်ရေးတဲ့ဝတ္ထုတိုလေးကို ဖတ်ကြည့်ပြီး –

"ဇာတ်လမ်းလေးက အရမ်းဖတ်လို့ကောင်းတယ် မမ။ ဆွဲဆောင်မှုရှိတယ်။ ဟိန်းကိုသနားပေမယ့် အဲဒီလောက်အထိ အနစ်နာခံပြီး ပေးဆပ်တာကို မကြိုက်ဘူး။ ဒါ အမှန်ကိုပြောပြတာ။ ကျွန်တော်ကတော့ ရှင်းရှင်းပဲ။ အချစ်ဆိုတာကို ရယူပိုင်ဆိုင်ခြင်းလို့ပဲ သတ်မှတ်တယ်"

"ဟုတ်လား"

"ကိုယ်အရမ်းချစ်တဲ့သူကို သူကလည်း ကိုယ့်ကို အရမ်းချစ်မယ်လို့ ယုံကြည်ရင် သူများရင်ခွင်ထဲ ဘယ်တော့မှ ထည့်မပေးဘူး။



www.burmeseclassic.com

www.burmeseclassic.com



ရအေအောင်ပဲ ယူမှာ"

ဖြူစင် ရယ်လိုက်ပြီး –

"အတ္တကြီးလိုက်တာ"

"ချစ်တာကို အတ္တလို့ သတ်မှတ်ရင်လည်း ကျွန်တော်က အတ္တသမားပေါ့။ အချစ်၊ မေတ္တာတရား အဲဒါတွေနဲ့ ပတ်သက်လာရင် ကျွန်တော် အတ္တကြီးတာ အမှန်ပါပဲ"

ကုဋ္ဌေကို ဖြူစင် ဘယ်လိုနားလည်ရမှန်းမသိတော့ပေ။ တစ်ခါတစ်ခါ နူးညံ့သလိုလိုနဲ့ ခေါင်းမာသည်။ မာနကြီးသလိုလိုနဲ့ အသည်းနုတတ်တာလည်း သူပါပဲ။ ဒါကြောင့် သူ့ရဲ့အတွင်းစိတ်ကို ခန့်မှန်းရခက်သည်လေ။ ဘယ်အရာက ဟန်ဆောင်ပြီး ဘယ်ဟာက စိတ်ရင်းအမှန်လည်းမသိတော့ပေ။

"မမ"

"ဟင်"

"အချစ်ဆိုတာကို မမ ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုမလဲ"

"အဲဒါ အချစ်ကို တိတိကျကျ အဓိပ္ပာယ်ဖွင့်ဆိုလို့ မရဘူးလေ။ လူတစ်ယောက်ရဲ့ အယူအဆ၊ ခံယူချက်၊ အဲဒါပေါ်မှာ မူတည်တာပေါ့။ လူတွေက တစ်ယောက်နဲ့တစ်ယောက် အယူအဆနဲ့





ခံယူချက်တွေ တူကြတာမှ မဟုတ်တာ"

"မှန်ပါတယ် မမ။ ကျွန်တော်သိချင်တာက မမရဲ့ ခံယူချက်နဲ့ အယူအဆကိုပါ"

ဖြူစင် တွေခနဲ ဖြစ်သွားလေသည်။ သူမေးတာက တော်တော်ကန့်လန့်နိုင်ပေမယ့် မေးသင့်တဲ့မေးခွန်းပါ။ ဒါ ဖြူစင်ရဲ့ခံယူချက်နဲ့ အတွေးအခေါ်ကို သိသန့်မေးတာဆိုတော့ –

"မမကတော့ အချစ်ဆိုတာကို ရယူခြင်းတွေ ပိုင်ဆိုင်ခြင်းတွေနဲ့ မသတ်မှတ်ချင်ဘူး။ ဖူးစာပါလို့ ကိုယ်နဲ့လက်ထပ်တဲ့ ယောကျ်ားကို အစွမ်းကုန်ချစ်နိုင်အောင် ကြိုးစားမယ်။ လက်မထပ်ခင် ချစ်ဖူးတဲ့ သူကြိုက်ဖူးတဲ့သူ ရှိနိုင်ပေမယ့် လက်ထပ်ဖြစ်မယ့် ယောကျ်ားအတွက် မမရဲ့ သိက္ခာ၊ မမရဲ့အပျိုစင်ဘဝကို အသန့်ရှင်းဆုံးဖြစ်အောင် ထိန်းသိမ်းမယ်"

"ဟင် . . . ဘယ်လိုကြီးလဲ"

"ဟုတ်တယ် ကုဋ္ဌေ။ ကိုယ်နဲ့ လက်ထပ်ဖြစ်တဲ့သူက ကိုယ်နဲ့ တစ်သက်လုံး လက်တွဲသွားရမှာလေ။ သူ့ကို သန့်ရှင်းဖြူစင်တဲ့ဘဝပဲ ပေးချင်တယ်။ တကယ်လို့ ကိုယ်က မသန့်ရှင်းဘူးဆိုရင် ကိုယ့်အိမ်ထောင်ဘက်ခမျာ ဘယ်လောက်နစ်နာရှာမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေ မမကို ငေးခနဲ ကြည့်ဖြစ်သွားလေသည်။ မမပြောသလိုပဲ လူတွေက တစ်ယောက်နဲ့တစ်ယောက် ခံယူချက်တွေ၊ အယူအဆတွေ မတူညီကြပါလား။ မမရဲ့စကားက ကိုယ်လိုချင်တဲ့အဖြေမဟုတ်ပေမယ့် သူ့မခံယူချက်ကို လေးစားပါသည်လေ။

"မမ"

"ဟင်"

"မမမှာ ချစ်သူရှိခဲ့ဖူးလား"

ဖြူစင် ပြုံးလိုက်မိကာ –

"ရှိခဲ့ဖူးပါတယ်။ မမ ကျောင်းသူဘဝကပေါ့။ အသည်းကွဲခြင်းကနေစပြီး ကဗျာတွေ၊ စာတွေ ရေးဖြစ်ဖို့ ပိုးဝင်လာခဲ့တာ။ အရင်ကတော့ ဖတ်ရုံပါပဲ။ အသည်းကွဲမှ ကိုယ်တိုင်ရေးချင်တဲ့ပိုးဝင်လာတာလေ"

"အသည်းကွဲတယ်ဆိုတော့ မမက ထားခဲ့ခံရတာပေါ့ ဟုတ်လား"

"ဟုတ်တယ်လေ၊ မမက လှမှမလှတာ"

"ဟား"

ဖြူစင်အလွယ်ဖြေလိုက်တော့ ကုဋ္ဌေက ဟားခနဲ လုပ်လေ





သည်။ လုပ်မှာပေါ့၊ တကယ်အချစ်စစ်က လှခြင်းမလှခြင်း၊ ချမ်းသာခြင်း မချမ်းသာခြင်း၊ ပညာတတ်ခြင်း မတတ်ခြင်းတွေနဲ့မှ မဆိုင်တာ၊ ဖြူစင် အခုလိုပြောလိုက်တာ ဟားစရာဖြစ်သွားမှာပဲလေ။

ကိုယ်နဲ့ချစ်သူဖြစ်ပြီး –

ကိုယ့်ထက် အများကြီးလှတဲ့ မိန်းကလေးတစ်ယောက်နဲ့ ချစ်သူထပ်ဖြစ်သွားတော့ ဒီလိုပဲ ဖြေရတော့မှာပေါ့။ ကိုယ့်အပေါ် သစ္စာမဲ့သွားတဲ့လူတစ်ယောက်ကို ဖြူစင် တသသ လွမ်းမနေခဲ့ပေ။

"တကယ့်အချစ်စစ်က လှတာ,မလှတာနဲ့ မဆိုင်ဘူးလေ မမရဲ့"

"ဟုတ်တယ်လေ၊ သူ့အချစ်က မစစ်တော့ ဆိုင်သွားတာပေါ့ ကုဋ္ဌေရဲ့"

"ဘာပဲဖြစ်ဖြစ်ပေါ့။ မမကို ပိုင်ဆိုင်ခွင့်ရမယ့်ယောကျ်ားကတော့ အရမ်းကံကောင်းမှာပဲ"

"ကဲပါ ... အချစ်အကြောင်း ဆွေးနွေးသလိုဖြစ်နေပြီ၊ မမ သွားစရာရှိသေးတယ်"

"ဘယ်ကိုသွားမှာလဲ မမ"

"စာမူတွေ သွားပို့မလို့ပါ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လိုက်ပို့မယ်"

"သဘောပဲ"

မလိုက်နဲ့ဆိုလည်း ဒီကောင်လေး လိုက်မှာပဲမို့ ဖြူစင် ငြင်းမနေတော့ပေ။ ဒါကြောင့် ကုဋေကားနဲ့ပဲ ထွက်လာခဲ့ကြသည်။ လမ်းကျတော့ –

"မမ ကန်တော်ကြီးကို ကျွန်တော်ခဏသွားချင်တယ်"

"ဘာလုပ်မလို့လဲ ကုဋေ"

"ဒီလိုပါပဲ ... ခဏလေးပါ။ မမပါ လိုက်ခဲ့ပေး"

"ဟင်"

"နော် မမ"

"အပြန်မှဝင်လေ ကုဋေရဲ့"

"ဟင့်အင်း ... အခုဝင်ချင်တာ"

"ကဲ ... သဘော သဘော"

ကုဋေက ကလေးဆိုးလေးလိုပါ။ ဖြူစင် သူ့ကို အတတ်နိုင်ဆုံး စိတ်ချမ်းသာစေချင်သည်။ ဒါကြောင့် ဖြစ်နိုင်တဲ့အရာဆို မငြင်းပါဘူး။ ကုဋေသဘောအတိုင်း ကန်တော်ကြီးထဲသို့ ဝင်ခဲ့ကြတော့ ခုံတန်းလေးတစ်ခုမှာ အတူထိုင်ဖြစ်ကြသည်။





ကန်ရေပြင်ကို မျက်နှာမူထားပြီး ကန်ရေပြင်ကို အဓိပ္ပာယ်မဲ့ ငေးကြည့်နေမိကြတာချင်းက အတူတူပါ။ မျှော်စင်ကျွန်းဘက်ဆိုတော့ သူက ရှင်းနေသည်လေ။ ဒီနေ့မှပဲ လူရှင်းတာလားတော့မသိပါဘူး။

"မမ"

"ဟင်"

"သူများတွေမြင်ရင် ကျွန်တော်တို့ကို တစ်မျိုးထင်မလားပဲ နော်"

ချက်ချင်းတော့ ဖြူစင် မဖြေဖြစ်ပေ။ ပြီးမှ –

"အင်း ... ထင်ကြမှာပေါ့"

"အဲလိုထင်မှာကို မမ ဘယ်လိုခံစားရလဲ"

"ဟင်"

ဖြူစင် သူ့ကိုကြည့်ပြီး မျက်မှောင်လေး ကြုတ်လိုက်မိသည်။ သူ ဘာကိုသိချင်တာလဲ။ လိုရင်းကဘာလဲ။ သူနဲ့ကျမှ ဖြူစင် မျက်စိလည်ရုံမက နားရှုပ်ပါလည်နေပါပြီ။ ကိုယ် ဘယ်လိုပဲ ခံစားရ ခံစားရ မသိသလို နေလိုက်ပါလား။

အခုတော့ –

ဘာကြောင့် မေးမှန်းမသိပေ။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဘာကိုသိချင်တာလဲ ကုဋ္ဌေ"

"ဘာမှမဟုတ်ပါဘူး၊ မမက စာရေးဆရာမဆိုတော့ အင်တာဗျူးကြည့်တာ"

"ဟာ ... မဟုတ်ကဟုတ်က"

"ဘာ ... မဟုတ်ကဟုတ်ကလဲ မမ"

"စာရေးဆရာမဆိုတာလေ။ မမက စာရေးဆရာမမှ မဟုတ်သေးတာ"

"ဟား ... ဘာလို့မဟုတ်ရမှာလဲ မမရဲ့။ မမရဲ့ဝတ္ထုတိုနဲ့ ကဗျာတွေက မဂ္ဂဇင်းမှာ လစဉ်လိုလို ပါနေပြီပဲဟာ"

"အပယ်ခံရတဲ့လတွေလည်း ရှိပါတယ် ကုဋ္ဌေရယ်"

"ကျွတ် မမကလည်း အပြောရခက်လိုက်တာ၊ မမရေးတဲ့ စာတွေ ပုံနှိပ်စာလုံးနဲ့ မြင်ခွင့်ရပြီဆိုကတည်းက မမ စာရေးဆရာမ ဖြစ်ပြီပေါ့။ ရဲရဲလက်ခံလိုက်စမ်းပါ။ မမကြည့်ရတာ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတဲ့ အတိုင်းပဲ"

"အဲဒီလိုတော့ မဟုတ်ပါဘူး"

ဟူး သူပြောမှပဲ သတိထားမိတော့တယ်။ ဖြူစင် တကယ်ပဲ စာရေးဆရာမတစ်ယောက်အဖြစ် ကိုယ့်ကိုယ်ကိုယ် မခံယူဝံ့သေးပေ။





ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုမရှိတာလားဆိုတော့ မဟုတ်ပြန်။ ဖြစ်ချင်တာကို ဖြစ်အောင်ကြိုးစားမယ်ဆိုတဲ့စိတ်တော့ ရှိတယ်လေ။

ဒါပေမဲ့ —

ဒါမျိုးက ကံရယ် ပါရမီရယ် စန်းရယ်က ရှိသေးတယ် မဟုတ်လား။ ဒါကြောင့်ပါ။ ကိုယ်ကတော့ တတ်နိုင်သလောက် ကြိုးစားနေတာပဲလေ။

"ဒါနဲ့ စကားမစပ်"

"ဟင် ဘာလဲ"

"မမကို ကျွန်တော်ချစ်တယ်"

"ဟယ်"

ကွေ့ပတ်သွယ်ဝိုက်မနေဘဲ တဲ့တိုးပြောချလိုက်တော့ ဖြူစင် မျက်လုံးလေးဝိုင်း ပါးစပ်ကလေး အဟောင်းသားဖြစ်သွားလေတော့သည်။

"ဟုတ်တယ် မမ၊ မမကို ကျွန်တော်ချစ်တယ်၊ သူများတွေလို ရိုမန်တစ်ဆန်ဆန် စကားလုံးလှလှတွေ မပြောတတ်ပေမယ့် မမကို ချစ်တယ်။ ကျွန်တော်က ဒဲ့သမား။ သွယ်ဝိုက်မနေတတ်ဘူး။ အဲဒီ အတွက်တော့ ဆောရီးပါ"



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင် လုံးဝထင်မထားပေ။ ကိုယ့်ကို ဒီလိုပြောလိမ့်မယ်လို့ ထင်မထားတော့ ဘယ်လိုပြန်ပြောရမယ်မှန်း မသိတော့ပါဘူး။ မောင်နှမ သံယောဇဉ်နဲ့ခင်ခဲ့တာမို့ ကြိုတင်စဉ်းစားထားတဲ့ အဖြေလည်း ရင်ထဲမှာ မရှိ။ လောလောဆယ်အဖို့မှာတော့ –

ရင်ထဲ တစ်မျိုးကြီးဖြစ်သွားတာအမှန်ပါ။ ခင်မင်မှုအပေါ် အခွင့်အရေးယူတယ်လို့လည်း မပြောရက်ပါဘူး။

"မမ"

"_____"

"မမစဉ်းစားထားနော်"

"အင် ... ဘာကိုလဲ"

"ကျွန်တော့်ကို အဖြေပေးဖို့"

"မင်းအသက် ဘယ်လောက်လဲ"

"သိပြီးသားကို ထပ်မမေးနဲ့လေ။ အချစ်ကို အသက်အရွယ်နဲ့ ပိုင်းခြားမသတ်မှတ်ပါနဲ့ မမ။ အသက်ဘယ်လောက်ပဲကွာကွာ တစ်ယောက်နဲ့တစ်ယောက် ချစ်နေဖို့က အဓိက မဟုတ်ဘူးလား"

"မင်းမှားနေပြီ ကုရွှေ"

အသက်က တစ်ယောက်နဲ့တစ်ယောက် ပြောပြထားကြပြီး





သားပါ။ ဖြူစင်က အသက်သုံးဆယ် ကုရွှေက နှစ်ဆယ့်နှစ်နှစ်လေ။ ရှစ်နှစ်တောင် အသက်ကွာလို့ ဖြူစင် စိတ်ချလက်ချနဲ့ ကုရွှေအပေါ် သံယောဇဉ်ရှိခဲ့တာ။ နွေးထွေးမှုတွေ ပေးခဲ့တာပါ။

"ကျွန်တော်က ဘယ်ကိစ္စမဆို လွယ်လွယ်မဆုံးဖြတ်တတ်ဘူး မမ။ ဆုံးဖြတ်မိရင်လည်း ရှေ့မှာ သေတွင်းဆိုတောင် ခုန်ချမှာ။ ကိုယ့်စကားအတွက်လည်း ကိုယ်တာဝန်ယူတယ်။ ကတိကို အသက်ထက် တန်ဖိုးထားတယ် မမ"

"မဖြစ်နိုင်ပါဘူး ကုရွှေရယ်။ မဖြစ်နိုင်ပါဘူး။ မင်းစကားကို ပြန်ပြီး ရုပ်သိမ်းပါ"

"ဖြစ်နိုင်,မဖြစ်နိုင်တာက မမအပေါ်မှာပဲ မူတည်တာပါ"

"ကုရွှေ"

"ကျွန်တော် မရုပ်သိမ်းဘူး မမ"

"ခက်တာပဲ"

"ခက်နေတာက မမပါ။ အချစ်စစ်မှာ အကြောင်းပြချက် မရှိဘူး မမ။ မမကို ကျွန်တော် ချစ်ချင်လို့ ချစ်ခဲ့တာ ရှင်းလား"

"တော်တော့ မမ စိတ်ရှုပ်လာပြီ၊ သွားမယ်"

ဖြူစင် တကယ်ပဲ စိတ်ရှုပ်သွားတာမို့ ထထွက်လာခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဒီအခြေအနေမျိုးကို မစဉ်းစားမိခဲ့ဖူးတော့ ဘာတွေမှန်းကို မသိတော့ပါဘူး။ ကုဋ္ဌေက နောက်မှ ထပ်ကြပ်မကွာလိုက်လာပြီး–

"ဆောရီးပါ မမ၊ မမကို စိတ်ရှုပ်အောင် လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်"

ဖြူစင် ဘာမှ ပြန်ပြောချင်စိတ်မရှိတော့လို့ ဘာမှ ပြန်မပြောတော့ပေ။ ကုဋ္ဌေကို ပက်ပက်စက်စက် ပြောပစ်လိုက်ဖို့ အင်အားလည်း သူမမှာ မရှိဘူးလေ။

❋



## အခန်း (၁၄)

နောက်ရက်တွေမှာ ဖြူစင် ကုဋ္ဌေကိုရှောင်နေမိသည်။ ကုဋ္ဌေ အိမ်လာရင် ထွက်မတွေ့တော့ပေ။ ဖုန်းဆက်ရင်လည်း မကိုင်တော့ပါဘူး။ ကုဋ္ဌေကို သူမ မျှော်လင့်ချက် မပေးချင်သလို ကိုယ်ကခဲ့မိတဲ့ ဖာတ်ကို တိုတိုနဲ့ပဲ ဖာတ်သိမ်းချင်ပါသည်။

ဖြစ်မှမဖြစ်နိုင်တာ။

ကုဋ္ဌေကို ကိုယ်ချင်းမစာလို့ နားလည်မပေးနိုင်လို့ မဟုတ်ပါဘူး။ အသက်ချင်းက အရမ်းကွာတော့ မစဉ်းစားရဲဘူးလေ။ သူမ ရင်ထဲမှာလည်း ခံစားရတာပါပဲ။ ဒီ့သက်ချင်းမတူသလို အခြေအနေကလည်း မတူဘူး မဟုတ်လား။ ကုဋ္ဌေတို့က အရမ်းချမ်းသာသည်ပဲ့၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် –

မဖြစ်နိုင်ခြင်းပေါင်းများစွာကိုတွေးပြီး ဖြူစင် ရှောင်နေခဲ့တာပါ။ တစ်နေ့မှာတော့ –

"အကြီးမ"

"ရှင် ကိုကြီး"

"ဒီနေ့ ငါ အိမ်ပြန်နောက်ကျမယ်နော်။ လှည်းကူးကို သွားစရာရှိလို့။ ဘယ်အချိန် ပြန်ရမလဲ တိတိကျကျ ပြောလို့မရဘူး။ ဘယ်အချိန်ပဲဖြစ်ဖြစ် ငါ ညအိပ်မနေဘူး။ အလုပ်ကိစ္စပြီးတာနဲ့ ချက်ချင်းပြန်လာမယ်"

"ဟုတ်ကဲ့ပါ ကိုကြီး"

"မိုးချုပ်လို့ ငါပြန်မရောက်ရင် တံခါးတွေ သေသေချာချာ ပိတ်အိပ် ကြားလား။ ငါပြန်လာရင် မသိလည်းဖြစ်နေဦးမယ်။ သတိဝီရိယနဲ့ နိုးနိုးကြားကြားလည်း အိပ်ဦး"

"ဟုတ်ကဲ့ပါ ကိုကြီး"

ကိုကြီးက သွားခါနီးမှာလိုက်တာ စုံရောပါပဲ။ ကိုကြီးထွက်သွားတော့ အိမ်မှာ ဖြူစင်နဲ့ပန်း နှစ်ယောက်ပဲ ကျန်ခဲ့သည်လေ။ နောက်တော့ ပန်းကလည်း ကျောင်းသွားတော့မှာမို့။





"မမ"

"ဟင်"

"ပန်း ခြံတံခါး စေ့ထားခဲ့မယ်နော်။ ပြီးမှ မမလာပိတ်ပြီး သော့ခတ်ထား"

"အေး အေး"

ဖြူစင် ချက်ရေး ပြုတ်ရေးအတွက် လုံးပန်းနေရတာနဲ့ ပန်းကို ခြံအထိ လိုက်မပို့နိုင်ပေ။ ဈေးမသွားခင် နံနက်စာစားထားတဲ့ ပန်းကန်တွေ တိုက်ရ ဆေးရ။ ပြီးတော့ ဈေးကနေပြန်လာရင် အဆင်သင့်ချက်ရအောင် ဆန်ဆေးရနှင့် အလုပ်ရှုပ်နေတာပါ။

သူမ

ဈေးသွားခါနီး ဗီရိုရှေ့မှာ ရပ်၍ ဗီရိုမှန်ထဲမှာ ကိုယ့်ပုံရိပ်ကို ကြည့်ကာ အင်္ကျီခါးကို ဆွဲဆန့်လိုက်မိစဉ် –

"ဟင်"

ဖြူစင် နောက်ကျောဘက်ကနေ ပေါ်လာတာ ကုဋေပုံရိပ်ပါ။ ဖြူစင်လှည့်ကြည့်ဖို့ ပြင်လိုက်စဉ်မှာပဲ လှည့်ကြည့်ချိန်မရ။ ကုဋေက သူမခါးကို ဖက်လိုက်ကာ –

"မ"



www.burmeseclassic.com

www.burmeseclassic.com



"______"

"နေနိုင်လိုက်တာ 'မ' ရယ်။ ကျွန်တော့်အပေါ်မှာ ရက်စက်လိုက်တာဗျာ"

"ကုမ္မေ မင်း"

"ဘယ်လိုရောက်လာသလဲ မမေးပါနဲ့။ 'မ' ကျွန်တော့်ကို အဆက်အသွယ်ဖြတ်ထားတော့ ကျွန်တော် မအိပ်နိုင် မစားနိုင်နဲ့ သေလုမြောပါး ခံစားနေရတာ သိလား။ အဲဒါကြောင့် 'မ' ကို အမိဖမ်းဖို့ လာ လာပြီးချောင်းကြည့်နေခဲ့တာ"

"ဖယ် ဖယ်စမ်းပါ"

"ဟင့်အင်း"

ဖြူစင် သူ့လက်တွေကို ဖယ်ချပစ်ပေမယ့် ကုမ္မေက တိုးလို့ဖက်ကာ ဖြူစင် ပခုံးပေါ်သို့ မေးတင်ထားလေသည်။ ဖြူစင်တစ်ကိုယ်လုံး ထူပူဖိန်းရှိန်းသွားလေတော့၏။ ငယ်ငယ်က ရည်းစားတစ်ယောက်ထားခဲ့ဖူးပေမယ့် အခုလိုမျိုး အဖက်မခံဖူးခဲ့ပေ။

လက်ကလေးကိုင်၊ ပခုံးလေးဖက်ရုံလောက်အဆင့်နဲ့ ဇာတ်သိမ်းသွားခဲ့ကြတာပါ။

"အရမ်းချစ်တယ် 'မ' ရယ်။ မတွေ့ရတော့မှ ပိုလွမ်းတယ်"





"ကုမ္မေ ဖယ်စမ်းပါ"

"မ"

ဖြူစင် ရုန်းလိုက်တော့ သူ ခပ်ဆောင့်ဆောင့်အသံနှင့်ခေါ်ပြီး လွှတ်ပေးလေသည်။ ပြီးတော့ ဖြူစင် ပခုံးနှစ်ဖက်ကို ဆုပ်ကိုင်ပြီး မျက်နှာချင်းဆိုင်လိုက်ကာ –

"ကျွန်တော့်ကို သေသေချာချာကြည့်ပါဦး 'မ' ရဲ့။ 'မ' နဲ့မတွေ့ရတဲ့ရက်တွေမှာ တကယ် မစားနိုင် မအိပ်နိုင်ဖြစ်နေခဲ့တာ။ ကျွန်တော် အရမ်းခံစားနေရတာဗျ"

"အဲဒီလောက်တောင်ပဲလား"

"ကျွန်တော့်မျက်နှာကို သေသေချာချာကြည့်လေ။ အမြဲက ရှင်းနေတာပဲ"

ကြည့်တုန်းကတော့ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး တည့်တည့်ကြီး စိုက်ကြည့်လိုက်တာပါ။ တကယ် သေသေချာချာ ကြည့်မိတော့ –

"ဟင်"

တင်းထားတဲ့စိတ်က ချက်ချင်းဆိုသလို အရုပ်ကြိုးပြတ်သည်နှယ်ပါ။ ကုမ္မေ သူတော်တော်ပိန်သွားတာပဲ။ မျက်ချောင်ကျပြီး မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



က အခုရင်လို ပြည့်ပြည့်ဖြိုးဖြိုး မရှိတော့ပေ။ ဒါ တကယ်ပဲ ကိုယ့်ကြောင့်လား။

"ကုမ္မေ"

"မ"

"မင်း ဘာလို့ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက်နှိပ်စက်ရတာလဲ ကုမ္မေရယ်"

" 'မ' ကိုအရမ်းချစ်မိလို့ ဖြစ်တာလေ။ 'မ' သာ ပြန်မချစ်ရင် ကျွန်တော် အသက်မရှင်ချင်တော့ဘူး။ အဲဒါ တကယ်ပြောတာ"

"အို မဟုတ်တာ။ မင်း အဲဒီလောက် မပျော့ညံ့ပါနဲ့ ကုမ္မေ။ အဲဒီလောက် ပျော့ညံ့လိမ့်မယ်လို့လည်း မမ ထင်မထားဘူး"

"အချစ်က အရာရာကို ပြောင်းလဲစေနိုင်တယ် 'မ'။ ကျွန်တော် မာနကြီးတာ မှန်ပါတယ်။ ဒါပေမဲ့ အချစ်၊ မေတ္တာတရားနဲ့ ပတ်သက်လာရင် အသည်းနုတာ အမှန်ပဲ။ ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကျွန်တော် မယုံနိုင်အောင်ပါပဲ။ 'မ' ကို ဒီလောက် အထိ ချစ်သွားလိမ့်မယ်လို့ လုံးဝ မထင်ဘူး"

ဖြူစင် တောင့်တောင့်လေးရပ်လို့ ကုမ္မေမျက်နှာကို ငေးကြည့်နေမိသည်။ ကိုယ့်ကို ဒီလောက်ချစ်နေတဲ့သူကို ကိုယ်က မုန်းအောင်





ရက်စက်ပြရမလား။ ဒါမှမဟုတ် ပြန်ချစ်လိုက်ရမလား။ စာရေးဆရာမ တရင်းဝင်ပြီလို့ သူပြောထားတော့ စာရေးဆရာမပေါ့လေ။

အချစ်နဲ့ပတ်သက်တာတွေရေးနေတော့ အချစ်ကို မခံစားတတ်ဘဲ နေမလား။

"မ"

"______"

" 'မ' ရော၊ ကျွန်တော့်ကိုချစ်တယ် မဟုတ်လားဟင်"

ဖြူစင်က မဖြေ။ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေဆဲပါ။

"ဖြေလေ မ"

"______"

"ကျွန်တော်ကတော့ 'မ' ကို အရမ်းချစ်တယ်။ အရမ်းချစ်တယ်ဗျာ"

"ဟင်"

ဖြူစင် ကိုယ်လေး သူ့ရင်ခွင်ထဲသို့ ရောက်သွားပြီး လည်တိုင်နှင့် မျက်နှာအနှံ့ပေါ်မှာ အနမ်းတွေက မှတ်သိပ်စွာ။ ဖြူစင် ပထမတော့ ရုန်းမိပါသေးသည်။ နောက်တော့ ဘာကြောင့် ဆက်မရုန်းမိပါလဲမသိ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၅)

သူငယ်ချင်းတွေဆုံကြတော့ တစ်ခါတလေမှ ဘီယာလေး ပါသည်သာ။ သောက်ရင်း စားရင်း စကားနိုင်လုကြ၊ ရယ်စရာပြော ကြနှင့် စကားတွေက ဟိုရောက်သည်ရောက်ပါပဲ။ နောက် အာကာက ဖုန်းကိုထုတ်ပြီး facebook ကိုဖွင့်ကြည့်ကာ –

"ကုဋ္ဌေ"

"ပြော"

"မင်း facebook account ပေးဦးလေကွာ။ ဒီလိုပဲ စကြ နောက်ကြ ပျော်ရတာပေါ့ကွ။ ည ညဆို ငါလည်း သူငယ်ချင်း တွေကို လိုက်စနေတာ။ အဲဒါ အရသာတစ်မျိုးကွ။ ဒါ့အထဲမှာ မင်းရဲ့





account မရှိဘူးဖြစ်နေတော့ မစရဘူး"

"ငါ မသုံးဘူး"

"ဟေ"

"ဘယ်လို"

"ငါမှ facebook မသုံးတာ။ အလကား အလုပ်ရှုပ်လို့ မသုံးဘူး"

"ဟာကွာ"

"မင်းဟာက မဖိုက်သေးပါဘူး ကုဋ္ဌေရာ။ ဒါနဲ့ မင်းရဲ့ 'မ' ရော သုံးလား"

"ဟင်"

ကုဋ္ဌေ တွေခနဲဖြစ်သွားလေသည်။ ဒါကို သူ ဘာလို့ သတိ မထားမိပါလိမ့်။ ဖုန်းကိုင်တဲ့လူတိုင်းလိုလို facebook သုံးနေတဲ့ခေတ် မှာ ကုဋ္ဌေက facebook မသုံးပေ။ 'မ' များ သုံးလေမလား။ ဒါကို သူ သတိမထားမိတာကိုက ခေတ်နောက်ကျတာထက် တော်တော်အ တဲ့ လူအကြီးလိုပါပဲ။

သူငယ်ချင်းတွေမေးတာကို ပြန်မဖြေဖြစ်ဘဲ 'မ' ဆီကို ဖုန်း ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မ"

"ပြောလေ ကုဋ္ဌေ"

" 'မ' facebook သုံးလား"

"အင်း သုံးတယ်လေ၊ ဘာဖြစ်လို့လဲ"

"Account နာမည်က ဘာလဲ"

"ဖြူစင်ကြယ်လေ၊ မြန်မာလိုပဲ ဘာဖြစ်လို့လဲ'

"ဘာမှမဖြစ်ဘူး မေးကြည့်တာ"

ပြောပြီး ဖုန်းချပစ်လိုက်တော့သည်။ ကုဋ္ဌေက လုံးဝမသုံးလို့ မသိနားမလည်သူ မဟုတ်ပေ၊ အရင်ကတော့ သုံးခဲ့သည်လေ။ နောက် account ပျက်သွားရာကနေ ပြန်မထည့်ဖြစ်တော့တာပါ။ ကိုယ့်အပူနဲ့ကိုယ် သုံးချင်စိတ် မရှိတော့တာလည်း ပါတာပေါ့။

အခု

ချက်ချင်းပဲ account လုပ်လေတော့ –

"ဟူး အရှုံးကျနေတာပဲ"

သက်ထွန်းက ပြောတော့ သက်ထွန်းကို ပေစောင်းစောင်း ကြည့်လိုက်ကာ –

"ဟုတ်တယ်၊ ငါ ရှုံးနေတာ၊ အချစ်ရှုံး"





"ဆေးကုလေ"

"မကုဘူး၊ သွက်သွက်ခါသွားပါစေ၊ အဲဒီအရသာကို ကြိုက် တယ်"

"ဟား"

"ရောဂါကျွမ်းနေပြီထင်တယ်"

ကုဋ္ဌေ account ရသည်နှင့် ဖြူစင်ကြယ်ဆိုတဲ့နာမည်ကို ရှာလေတော့သည်၊ ဖြူစင်ကြယ်ဆိုတဲ့နာမည်တွေက အများသားလား။ ဒါကြောင့် ဖုန်းထပ်ဆက်ရပြန်သည်လေ။ 'မ' ဆီကိုပေါ့။

"မ"

"ပြော ကုဋ္ဌေ"

"Profile ကဘာပုံလဲ ပြောဦး"

"စံပယ်ပန်းလေးတွေပါ"

"ကျွန်တော် ရှာလိုက်ဦးမယ်။ ပြီးရင် ကုဋ္ဌေဆိုတဲ့ နာမည် လက်ခံပေးဦး။ အခုနော်"

"ဟာ ဒီမှာ မမ အလုပ်မအားဘူးကုဋ္ဌေရဲ့။ ဟင်းချက်နေရင်း တန်းလန်းကြီး"

"မသိဘူး 'မ' ရာ။ ချက်ချင်းလက်ခံပေး ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်ကြီးပါလား"

"ဒါပဲနော် 'မ' "

"အင်း ... ပြီးရော ပြီးရော"

'မ' နဲ့ပတ်သက်လာရင် ကုဋေက အဲဒီလိုပါ။ 'မ' နှုတ်ဖျားက ချစ်တယ်လို့မပြောဘဲ ချစ်သူအဖြစ် သတ်မှတ်လိုက်သည်။ နောက်တော့လည်း ချစ်ပါတယ်ဆိုတဲ့စကားကို ကြားရတာပဲလေ။ အဲဒီလို 'မ' နှုတ်ဖျားက ချစ်တယ်ဆိုတဲ့စကားကိုကြားရဖို့ –

ကုဋေ

ညတ်နီညတ်နက်တွေသုံးခဲ့ရသည်လေ။ အဲဒီနေ့လေးကို ဘယ်မေ့ပါ့မလဲ။ ကုဋေ ဝတ္ထုတစ်အုပ်ကို ဖတ်နေရင်း –

"မ"

"ဟင်"

"ဒါ ဘာလဲဟင်"

စာကြောင်းတစ်ကြောင်းကို လက်ညှိုးနှင့်ထောက်ပြီးမေးလေတော့ –

"ကုဋေ လူလည်မလုပ်နဲ့နော်။ ကုဋေဖတ်နေတာ မသိဘူးလား"





"ဟာ 'မ' ကလည်း ကျွန်တော့်မျက်လုံး ဝါးလာလို့။ သေသေချာချာ မမြင်ရတော့လို့ မေးတာပါ"

"မမြင်ရင် မဖတ်နဲ့တော့လေ"

"အာ ကျွန်တော် တကယ်ပြောနေတာ 'မ' ရဲ့။ အဲဒီစာကြောင်းကို ကျွန်တော် တစ်မျိုးမြင်နေလို့ပါ"

"ဘယ်လိုမြင်လို့လဲ"

"ရှေ့က မောင်ကို အ, အလို့မြင်နေတာ"

"ခစ် ခစ်"

ဖြူစင်က ဘယ်ယုံလိမ့်မလဲ။ ဒါကြောင့် ရယ်တာလေ။

"မ"

"ပြော"

"မောင့်ကို အ,အဆိုတာ ဘာအဓိပ္ပာယ်လဲ"

ကုဋေ မျက်မှောင်ကြုတ်ပြီးမေးတော့ ဖြူစင် တွေခနဲ ဖြစ်သွားကာ –

"အောက်ကစာကြောင်းကိုရော သေသေချာချာ မြင်လား"

"အဲဒါက အနက်ကယ်လ်နော်လေ"

"တကယ်နော်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆို အပေါ်ကရော မှားနေလား"

"မှားနေတယ်။ မင်း တကယ် မျက်လုံးဝါးနေတာလား ကုရွှေ"

ကုရွှေ လေကို ဟူးခနဲ မှုတ်ထုတ်လိုက်ပြီး –

"ဟုတ်တယ် 'မ'။ ကျွန်တော့်ကို မေမေက ဆေးခန်းသွားပြ ခိုင်းတယ်။ ကျွန်တော်မသွားဘဲ ပေကပ်နေတာ"

"ဟင်၊ အဲဒါ ပြကြည့်မှပေါ့"

"အင်း ပြမှဖြစ်တော့မယ်။ ပြောပါဦး။ 'မ' ရဲ့ အပေါ် စာကြောင်းက ဘာလဲဟင်"

"မောင့်ကိုအရမ်းချစ်တယ်လေ"

"တကယ်"

"တကယ်ပေါ့"

"ဟား ဝမ်းသာလိုက်တာ 'မ' ရယ်"

"ဟင် မဟုတ်ဘူးလေ"

"မရတော့ဘူး 'မ' ... မောင် အတည်မှတ်လိုက်ပြီ။





ပျော်လိုက်တာဗျာ"

ပြောပြီးသားစကား ရုပ်သိမ်းလို့မရဘူးဆိုပြီး ကုရွှေ 'မ' ကို ချစ်သူအဖြစ် တစ်ဖက်သတ် သတ်မှတ်ခဲ့တာပါ။ နောက်တော့ သည်း 'မ' ဒီစကားကို လိုလိုချင်ချင်ပဲ ပြောပြီး ချစ်သူဖြစ်ခဲ့ကြတာပါ။

ကုရွှေ

ဖြူစင်ကြယ်နာမည်နဲ့ စံပယ်ပန်းပုံ profile ပုံတွေ့တော့ add လိုက်လေသည်။

"ကုရွှေ ကုရွှေ"

"ဘာလဲကွ"

"ဘာမှမဟုတ်ပါဘူး။ နေမြင့်လာပြီဆိုတော့ ဘယ်နှစ်နာရီ ထိုးပြီလဲ မေးမလို့ပါ၊ ဟီး"

"ရှာသာကြီးပို့ရတော့မယ်"

သူငယ်ချင်းတွေစပေမယ့် ကုရွှေ ဂရုမစိုက်ပေ။ 'မ' ရဲ့ account ထဲ ဝင်ကြည့်နေတာ။ Posts တွေက ကဗျာတွေပဲ။ သူ ဖတ်ကြည့်နေစဉ်မှာပဲ တစ်ဖက်က friend အဖြစ် လက်ခံလိုက်လေ လျှင် ကုရွှေ ကျေနပ်သွားလေတော့၏။

ခဏကြာတော့ –



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်တင်ထားတဲ့ post တွေတက်လာသည်။ ကဗျာတွေဖတ်၊ ပြီးတော့ comment တွေဝင်ဖတ်ပြီးတော့ –

"တောက်"

"ဟ . . . ဘာဖြစ်တာလဲဟ"

"သူက ဒီလို ရိသဲ့သဲ့ comment တွေနဲ့ သာယာနေတာကိုး။ ဒါကြောင့် ငါ့ကို ဂရုမစိုက်တာ"

"အမလေးကွာ ဖြစ်ရလေ"

ကုဋေ ဖြူစင်ရဲ့ wall ထဲဝင်ပြီး လက်နဲ့ပွတ်ပြီးကြည့်နေတာ မပြီးနိုင် မစီးနိုင်။

"ဟ"

"ဘာလဲ"

ကုဋေ ခေါင်းခါလေတော့ အာကာနှင့် သက်ထွန်းပါ ဘာလဲဆိုတာ သိချင်လို့ လိုက်ငုံ့ကြည့်ကြလေသည်။ ဖြူစင်ပုံတင်ထားတာပါ။ ပုံအောက်က comment တွေကိုဖတ်ပြီး ကုဋေမျက်နှာက တည်တည်တင်းတင်းကြီးပါ။ Like က သုံးရာကျော်၊ comment က ရှစ်ဆယ်ကျော်ထဲမှာ အချို့ယောက်ျားလေးတွေ ဝင်မန့်ထားတာ မထိမခိုက်ရိသဲ့သဲ့တွေပါ။





ဖြူစင်ကတော့ –

Reply ပြန်ထားတာ ယဉ်ယဉ်ကျေးကျေးပဲလေ။ ဒါကိုချစ်သူဖြစ်တဲ့ ကုဋေ သဝန်တိုပြီး ဒေါသထွက်နေတာ ဘေးလူအဖို့တော့ ရယ်စရာပါပဲ။

"ဟီး ဟီး"

အာကာက ပြောင်စပ်စပ်ရယ်ပြီး သက်ထွန်းကတော့ –

"ခုခေတ်ထဲမှာ ဒါတွေက အဆန်းမှမဟုတ်တာ ကုဋေရာ။ စိတ်လျှော့ စိတ်လျှော့"

"မသိဘူးကွာ၊ မပြောနဲ့ တောက်"

ကုဋေက အဲဒီလိုပါ။ ဖြူစင်နဲ့ပတ်သက်လာရင် သွေးဆူလွယ်သည်။ သဝန်တိုတာ ချစ်လို့ဆိုတာ ချစ်ဖူးသူတိုင်း သိမှာပါလေ။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၆)

"ဘာ ကုဋ္ဌေ . . . မင်း ဘာပြောလိုက်တယ်"

'မ' facebook လုံးဝမသုံးပါနဲ့၊ မောင်မကြိုက်ဘူးတဲ့။ ဒီစကားကို မကြားလို့ ဖြူစင် ပြန်မေးတာ မဟုတ်ပေ။ မကျေနပ်လို့ ပြန်မေးလိုက်တာဖြစ်၏။ ကုဋ္ဌေကလည်း ပေစောင်းစောင်းကြည့်ကာ–

"နားမကြားဘူးလား"

"ကြားသားပဲ"

"ကြားရင် ပြောစကားနားထောင်"

"မထောင်နိုင်ဘူး"

"ဘာ"





" 'မ' facebook သုံးတာ ပညာရှာဖို့။ ဗဟုသုတရစေမယ့် စာတွေ ရှာဖတ်ချင်လို့၊ အောင်မြင်နေတဲ့ စာရေးဆရာ၊ ဆရာမတွေရဲ့ အရေးအသားတွေ လေ့လာချင်လို့၊ ကဗျာဆရာတွေရဲ့ ကဗျာတွေ ဖတ်ပြီး အတုခိုးချင်လို့။ အဲဒါကြောင့် သုံးနေတာသိလား"

"ဩော် ဩော် . . . ဟုတ်လား"

"ဟုတ်တယ်"

"ဒါဆိုလည်း စာအုပ်ဝယ်ဖတ်လေဗျာ။ Facebook သုံးမှ လေ့လာလို့ရမှာတဲ့လား"

"ကုဋ္ဌေ"

"မောင်လို့ခေါ်"

"ကျွတ်"

ဖြူစင် ဘာမှပြောချင်စိတ်ကို မရှိတော့ပါဘူး။ ချစ်လို့ သဝန်တိုတာကို ဖြူစင်နားလည်ပါသည်။ ဒါပေမဲ့ နည်းနည်းပါးပါး လိုက်လျောညီထွေ နားလည်မှုတော့ ရှိရမှာပေါ့။ အခုတော့ လွန်လွန်းတယ်။ ဖြူစင်လည်း သူ့ကိုချစ်တာပဲလေ။

"ဘာလဲ 'မ'။ မောင့်ကိုမကျေပျက်နေပြီလား"

"ပြောမိလို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆိုခေါ်လေ မောင်လို့"

ဖြူစင် မျက်စောင်းထိုးလိုက်မိသည်။

"ခေါ်နေ်"

"-------"

"ခေါ်ဆို"

ဒီလောက်တောင် ဖြစ်လှတာဆိုပြီး ဖြူစင် ခါးကို မတ်လိုက်ကာ –

"မောင် မောင် မောင် မောင် မောင် မောင် မောင် မောင် မောင် မောင်၊ ကဲ ကျေနပ်ပြီလား"

ရွဲ့ပြီးခေါ်လိုက်ပြန်တော့လည်း –

"မကျေနပ်ဘူး"

"ဘာ"

"ဟုတ်တယ်လေ။ 'မ' က စိတ်ပါလက်ပါ ခေါ်တာမှ မဟုတ်တာ၊ ရွဲ့ပြီး ခေါ်တာ။ မရဘူး ပြန်ခေါ်။ စိတ်ပါလက်ပါ ခေါ်"

ပြောပြီး ကုဋေက ဖြူစင်လည်ပင်းကို တင်းနေအောင် ဖက်ထားလေသည်။ တကယ့်ကလေးဆိုးပါပဲ။ ဖြူစင် တစ်ခါတလေ သူ့ သဝန်တိုလွန်းလို့ စိတ်ညစ်သလိုရှိပေမယ့် ခဏပါ။ ကလေးဆိုးနဲ့တူတဲ့





မောင့်စကားတွေ၊ မောင့်အပြုအမူတွေကြောင့် သေသေချာချာ တွေးမိရင် ပျော်သည်။

ဘာကြောင့်လဲဆို –

မောင် ဖြူစင်ကို အရမ်းချစ်တယ်ဆိုတာကို ယုံလို့ပေါ့။ အခု လည်း ကြိုက်နေပြန်ပြီလေ။

"ခေါ်ဆို"

"ခေါ်မယ် ခေါ်မယ်"

"ခေါ်"

ဒီတစ်ခါ ဖြူစင် ကနွဲ့ကလျ လုပ်ကာ –

"မောင်"

"ဒီလိုမှပေါ့ အရမ်းချစ်တယ်"

ရွဲ့တာချင်းအတူတူ ဒီလိုရွဲ့နွဲ့တဲ့အသံနဲ့ခေါ်တာကျတော့ သူ့မှာ သဘောတွေ ကျနေလို့ပါ။

"မ"

"ဟင်"

" 'မ' လိုချင်တာမှန်သမျှ မောင့်ကိုပြော၊ 'မ' ဖြစ်ချင်တာ မှန်သမျှ အကုန်ပြော မောင်ဖြစ်အောင်လုပ်ပေးမယ်။ အဲဒီအတွက်



www.burmeseclassic.com

www.burmeseclassic.com



'မ' မောင့်ကို တစ်ခုပဲ ပြန်ပေးပါ"

"ဘာပေးရမှာလဲ"

" 'မ' ရင်ထဲကအချစ်နဲ့ 'မ' ဆီက ကြင်နာနွေးထွေးမှု။ မောင် အဲဒါပဲလိုချင်တယ်"

ဖြူစင် ရင်ထဲမှာ နင့်သွားလေသည်။ မေတ္တာတရား ငတ်နေလို့ မေတ္တာတွေကိုသာ ပိုက်ဆံလို ဘဏ်မှာ ထုတ်လို့ အပ်လို့ရတဲ့အရာဆို ကျွန်တော် ဖောက်ထွင်းဝိဇ္ဇာ ဖြစ်ချင်တယ်ဆိုတဲ့မောင်ပါ။ ရွှေဆိုရွှေ ငွေဆိုငွေ သူ့အတွက် ဘာမှမလိုအောင် ပြည့်စုံနေပေမယ့် –

မေတ္တာတရား ငတ်မွတ်လို့ စိတ်ဆင်းရဲနေရတဲ့ မောင့်ကို ဖြူစင် အတတ်နိုင်ဆုံး နွေးထွေးမှုတွေ ပေးချင်ပါသည်လေ။

"မောင်ရယ်"

ဖြူစင် မောင့်ခါးကို ပြန်ဖက်ထားလိုက်မိသည်။ အခုတော့ ဖြူစင်သိပါပြီလေ။ အချစ်ဆိုတာ အသက်အရွယ်တွေနဲ့ ပိုင်းခြားကန့်သတ်လို့ မရဘူးဆိုတာကိုပေါ့။

"မောင် မောင်လည်း 'မ' ကို တကယ်ချစ်ရင် 'မ' အလုပ်ကို နားလည်ပေးပါနော်။ 'မ' က စာရေးဆရာမဖြစ်ချင်တာ။ စာမရေးရရင် မနေနိုင်ဘူးလေ"





"စာရေးတာနဲ့ ပတ်သက်ပြီး မောင်က ဘာပြောနေလို့လဲ"

"Facebook မသုံးနဲ့ဆိုတာလေ"

"ဟား ဖြစ်ရမယ်။ ဘာဆိုင်လို့လဲ 'မ' ရဲ့။ စာအုပ်ငယ်ဖတ်လေ။ 'မ' ဘာစာအုပ်တွေ ဖတ်ချင်လဲ ပြော။ မောင်ရအောင် ဝယ်ပေးမယ်"

"မောင်ကလည်း"

"မောင်မကြိုက်တာကို 'မ' ဘာလို့လုပ်ချင်တာလဲ။ အဆိုးဆုံးက ပုံတင်တာပဲ။ Comment တွေဖတ်ပြီး မောင် မခံစားနိုင်ဘူးသိလား"

"ဒါဆို 'မ' ပုံမတင်ဘူးလေ။ ကဗျာလေးတွေပဲတင်မယ်"

"မကြိုက်ဘူးကွာ၊ ဘာမှမတင်နဲ့။ မသုံးနဲ့ဆို မသုံးနဲ့ ဒါပဲ"

မကျေနပ်ပေမယ့် ဖြူစင် မောင့်ကို ချစ်တဲ့စိတ်နဲ့ နာခံလိုက်ပါသည်လေ။ သူ စိတ်ချမ်းသာပါစေတော့။ ဒါကြောင့် –

"ပြီးရော ပြီးရော၊ ဟွန်း မူလီနဲ့လာတွေ့နေတယ်"

"ဘာ"

"မဟုတ်ဘူးလား၊ ဒီလောက်ကြပ်နေတာ မူလီ"

"မူလီ ဘာဖြစ်လဲ။ ခင်ဗျားကို အရမ်းချစ်လို့ ကြပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာ သဘောမပေါက်ဘူးလား။ ချစ်လို့ချစ်မှန်း မသိဘူး"

"သိတယ်၊ အဲဒါကြောင့် ကိုယ့်ထက် အသက်ငယ်တဲ့သူကို မချစ်ချင်တာ။ ကိုယ်က ဆိုးရန္တဲ့ရတာ မရှိဘူး။ သူဆိုးတာ နွဲ့တာ သည်းခံပြီး အလိုလိုက်နေရတယ်"

"မ"

"ဟူး . . . တကယ်မလွယ်ဘူး"

"ဘာ 'မ' "

"မမရေ ပန်းပြန်လာပြီ"

"ဟော . . . ပန်းပြန်လာပြီ"

ပန်းပြန်လာမှပဲ ဖြူစင် အသက်ရှူချောင်တော့သည်။ မဟုတ်ရင် ဘာတွေဆက်ကြပ်လို့ ရန်ဖြစ်ရဦးမယ် မသိပါဘူး။

❋



## အခန်း (၁၇)

ကုရွှေကာ စိတ်မြန်သူပီပီ ဖြူစင် facebook မသုံးတော့ဘူးလို့ ကတိပေးတာနှင့် စာအုပ်တွေဝယ်ဖို့ ဖြူစင်ကိုခေါ်လေသည်။ ဖြူစင်က မဝယ်ပါနဲ့ပြောလည်းမရ။ 'မ' အတွက် လိုအပ်တယ် ဝယ်ရမယ်တဲ့။ သူဖြစ်ချင်တာကို ဖွတ်လုပ်နေတော့တာပါပဲ။

"မ"

"ဟင်"

"ဒီစာအုပ်ယူမလား"

"အင်း . . . ယူမယ်"

ဆရာကြီးရွှေဥဒေါင်းရဲ့စာအုပ်ကို ထောင်ပြတာမို့ ဖြူစင်



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းညိတ်လိုက်သည်။ စာအုပ်ကောင်းတွေများတော့ လိုချင်တာများပြီး ဘာရွေးဝယ်ရမှန်းမသိပေ။

"ဟယ် ... ကုဋ္ဌေ"

"ဟင်"

ကုဋ္ဌေ ခေါ်သံကြားရာဆီသို့ လှည့်ကြည့်လိုက်ပြီး –

"ဩော် ထိပ်ထားပါလား။ စာအုပ်လာဝယ်တာလား။ မေးသာမေးရတယ် နင်စာဖတ်ပျင်းတာ သိထားတော့"

ကုဋ္ဌေက စကားကိုဖြတ်ထားလေလျှင် –

"အေး ... ဟုတ်တယ်ဟ။ စအုပ်လာဝယ်တာတော့အမှန်ပဲ။ ငါ ဖတ်တာမဟုတ်ဘူး။ ဖေဖေ ဝယ်ခိုင်းလို့လာဝယ်တာ"

"ထင်ပါတယ်"

"နင်ရော စာအုပ်လာဝယ်တာလား ကုဋ္ဌေ"

"ဟုတ်တယ်"

ပြောပြီး ကုဋ္ဌေက ဖြူစင်ကို စာအုပ်လှမ်းပေးလေလျှင် ဖြူစင် လှမ်းယူလိုက်၏။

"ကုဋ္ဌေ"

"ပြော"





"သူက ဘယ်သူလဲဟင်"

"သိရင် နင် ဘာလုပ်မလို့လဲ"

"သိချင်လို့ မေးကြည့်တာပါ"

ကုဋ္ဌေ 'မ' ကိုလှည့်ကြည့်လိုက်တော့ 'မ' ကလည်း သူ့ကို ကြည့်နေသည်။

ဒီနေ့ 'မ' ပုံစံက လှကြီးပုံပေါက်နေတာလေ။ ကုဋ္ဌေ အတင်းခေါ်လို့ လိုက်လာတာ အဝတ်ပင်လဲချိန်မရပေ။ အိမ်နေအဝတ်အစားနဲ့ပဲ လိုက်လာတာပါ။

ဆံပင်ကို နောက်မှာ ခေါင်းစည်းကွင်းနှင့် စုစည်းထားပြီး တီရှပ်အဖြူ၊ ထဘီက အနက်ရောင်နှင့်ပါ။ ပြီးတော့ သနပ်ခါးပါးကွက်ကို ခပ်ပါးပါးနှင့်ဆိုတော့ ရောင်စုံကောင်မလေးတွေအမြင်မှာ ရင့်ရော်တယ်လို့ ထင်နေမှာပေါ့။

"နင့် အန်တီလား။ နင့်အမေလား ကုဋ္ဌေ"

"ဘာ"

"ဟင်"

ဖြူစင့်ရင်ထဲမှာ အောင့်သက်သက်ဖြစ်သွားလေသည်။ လူတိုင်း အမှန်တရားကို လက်မခံလို့ မရပေမယ့် အချို့ အမှန်တရားကို



www.burmeseclassic.com

www.burmeseclassic.com



ကျတော့ လက်မခံချင်ကြပေ။

အစက မပြောလားဆိုတဲ့ မေးခွန်းကို ရင်ထဲကနေသာ မေးမိပြီး ဖြူစင်လှည့်ထွက်လိုက်လေလျှင် –

"မ"

ကုဋ္ဌေ 'မ' ရဲ့လက်ကောက်ဝတ်ကို ဖမ်းဆုပ်လိုက်လေသည်။ ပြီးတော့ ထိပ်ထားကို တည့်တည့်ကြည့်ပြီး –

"နတ်သျှင်နောင်နဲ့ ဓာတုကလျာဆိုတာ နင် ကြားဖူးလား ထိပ်ထား"

"အင်း ကြားဖူးတယ်လေ၊ ဘာဖြစ်လို့လဲ"

" 'မ' က ငါ့ရဲ့ဓာတုကလျာ"

"ဘာ"

ထိပ်ထားက ဖြူစင်ကို သေသေချာချာကြည့်ပြီး အားမနာတမ်း ပြောလိုက်တာက –

"ဒီအဆင်နဲ့ဒီအဆင် မယှဉ်နိုင်စရာပါလား ကုဋ္ဌေရယ်"

"ယှဉ်လိုက်၊ အချစ်စစ်မှာ ဘာအကြောင်းပြချက်မှ မရှိဘူး။ ငါ 'မ' ကလွဲပြီး ဘယ်မိန်းမကိုမှ မချစ်နိုင်တာ"

ကုဋ္ဌေကလည်း အပြတ်ပြောလေသည်။ ပြောဆို ထိပ်ထား





သူ့ကို တစ်ဖက်သတ် ကြိုက်တာ သူသိတာပေါ့။ ကျောင်းမှာကတည်းက ကုဋ္ဌေ သူငယ်ချင်းတွေကအစသိသည်။ ကုဋ္ဌေကမှ သူ့ကိုမကြိုက်တာ။

"ဒါဆို နင်တို့က ခေတ်သစ် နတ်သျှင်နောင်နဲ့ ဓာတုကလျာပေါ့ ဟုတ်လား"

"ဟုတ်တယ်"

"အဟွန်း"

ထိပ်ထား နှုတ်ခမ်းကိုမဲ့ပစ်လိုက်ပြီး –

"နတ်သျှင်နောင်က ဓာတုကလျာကို ချစ်တာ ရာဇဝင်ထဲမှာလေ။ ရာဇဝင်ကို ရာဇဝင်ထဲမှာပဲထားခဲ့စမ်းပါ ကုဋ္ဌေရာ။ အမှန်တရားကို လက်ခံမှပေါ့"

"အမှန်တရားကိုလက်ခံလို့ 'မ' ကလွဲပြီး ငါ ဘယ်မိန်းမကိုမှ မချစ်နိုင်ဘူးလို့ ပြောတာ။ ဒါ ငါ့ကိုယ်ရေးကိုယ်တာကိစ္စ။ နင် ဘာမှ စွက်ဖက်ဝေဖန်စရာမလိုဘူး ထိပ်ထား"

"ငါက စေတနာနဲ့ပြောတာပါ။ နင်နဲ့သူ ဘယ်လိုမှ မလိုက်ဖက်လို့"

"ထိပ်ထား"



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင် ကုဋ္ဌေဆုပ်ကိုင်ထားတဲ့ သူ့မလက်ကို ရုန်းပြီး ထွက်လာခဲ့တော့သည်။

"မ"

မကြားချင်တော့ဘူး ထပ်မကြားပါရစေနဲ့တော့။ အစကတည်းက ဖြူစင်ကြယ်ဆိုတာ စိတ်ထားဖြူစင်တာကလွဲပြီး နဖော်လှပ ချောမောနေသူမဟုတ်ပေ။ ကုဋ္ဌေက ငယ်ငယ်ချောချော။ မဖြစ်နိုင်မှန်းသိလို့ မလိုက်ဖက်မှန်းသိလို့ ဖြူစင်ငြင်းခဲ့သားပဲ။

ဖွတ်တိုးခဲ့တာက ကုဋ္ဌေပဲလေ။ အဲဒီအတွက် ကိုယ့်မှာ အပြစ်မရှိဘူး ထင်ပါရဲ့။ ဒါပေမဲ့ ပြန်ချစ်မိတာက အပြစ်ဖြစ်သွားပါပြီ။

"မ"

ကုဋ္ဌေ နောက်ကနေလိုက်လာပြီး ဖြူစင်လက်ကို ဆွဲထားလေသည်။

"ဘာဖြစ်တာလဲ 'မ' ရဲ့။ ဘယ်သူတွေ ဘာပဲပြောပြော 'မ' ဂရုစိုက်စရာ လိုလို့လား။ မောင် 'မ' ကို ချစ်နေရင် ပြီးတာပဲလေ"

ဖြူစင် မျက်ရည်တွေကို သုတ်လိုက်ပြီး –

"လက်တွေ့ဘဝမှာ ထင်သလောက် မလွယ်ဘူး မောင်။ မောင့်ကို 'မ' တောင်းပန်ပါတယ်။ 'မ' ကို မေ့နိုင်အောင် ကြိုးစားပါ။





ခောင်နဲ့ရွယ်တူကို မောင်ရှာချစ်ပါ"

"အဲဒီလောက် လွယ်သလား 'မ'။ မောင့်ကို ကလေးများမှတ်နေလား။ လှတာမြင်တိုင်း လက်ညှိုးထိုး ဝယ်နိုင်းတဲ့ကလေး မဟုတ်ဘူး။ ဘယ်သူပဲမေးမေး မောင်ဖြေမှာ။ မောင် 'မ' ကိုပဲ ချစ်တယ်။ 'မ' ကိုပဲ လက်ထပ်မှာ"

"တော်ပါတော့ မောင်ရယ်။ သူပြောသလိုပဲ နတ်သျှင်နောင်နဲ့ ဓာတုကလျာ ချစ်တာ ရာဇဝင်ထဲမှာပါ။ ရာဇဝင်ကို ရာဇဝင်မှာပဲ ထားခဲ့ပါ။ အမှန်တရားကို လက်ခံပါ မောင်"

"ကျွတ်"

'မ' မျက်ရည်ကျတာမြင်ရတော့ ကုဋ္ဌေ ထိပ်ထားကိုပဲ ဒေါသထွက်မိသည်။ မနာလိုတာ။

ကိုယ့်တာသာကိုယ် အမေလောက်မကလို့ အဘွားလောက်ပဲ ချစ်ချစ် သူနဲ့ဘာဆိုင်လို့လဲ။ အဲဒီလို ပါးစပ် စည်း မစောင့်တဲ့လူတွေကို ကုဋ္ဌေရွံတာ အခုမှမဟုတ်ပေ။

"ပြောရခက်လိုက်တာ။ 'မ' နော် ကလေးလည်းမဟုတ်တဲ့နဲ့ ဘာလို့ စိတ်က သူများပြောဆိုင်း ဝမ်းနည်းနေတာလဲ။ ကလေးသာဆို ရိုက်ပြီးပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ"

"ဘာ နှာခေါင်းကိုရိုက်မှာ"

ကုမ္ဘေ့ သူ့နှာခေါင်းကို လက်ညှိုးထိုးပြီးပြောလေတော့ ဖြူစင် မျက်စောင်းထိုးလိုက်မိသည်။

"ရိုက်လို့ရမလား"

"အံမာ၊ ဘာလို့မရမှာလဲ"

"လက်နဲ့ရိုက်မှာဆိုရင် 'မ' မင်းထက် အသက်ကြီးတယ် ရှိသေပါ"

"လာပြန်ပြီ ဒီအသက်စကား။ အသက်ကွာတာ ဘာဖြစ်လဲ။ အဲဒီလိုမှန်းသိရင် မောင် 'မ' ထက် ဆယ်နှစ်လောက်စောပြီး လူ့လောကထဲ ဝင်ခဲ့ပါတယ်"

"ဟွန်း"

"လာ စာအုပ်ဆိုင်ပြန်သွားမယ်"

"မသွားတော့ဘူး"

"သွားမယ်ဆို"

"မသွားဘူး"

"ဒီလောက်တောင် ပြောမကောင်းတာ ကဲ"





ကုမ္ဘေ့ စိတ်မရှည်တဲ့ပုံစံနှင့် ဖြူစင့်ခါးကိုဖက်ပြီး ခေါ်ခဲ့တော့သည်။ အချစ်ကို ဘာနဲ့မှတားဆီးလို့ မရပါဘူး။ ကုမ္ဘေ့ချစ်ခဲ့တာ 'မ' ရဲ့ ဖြူစင်တဲ့စိတ်ထားလေးကိုပါ။ စိတ်ရဲ့အရောင်က မျက်နှာကို ထင်ဟပ်သလားတော့မသိပါဘူး။ 'မ' က ကုမ္ဘေ့အတွက်တော့ နတ်သမီးတစ်ပါးပဲလေ။

ချစ်ချင်လို့ချစ်တာ အပြစ်လား။

ဒါကို အပြစ်ဆိုရင် အပြစ်ဆိုတဲ့သူဟာ ကုမ္ဘေ့ရဲ့ရန်သူပါပဲ။

"မောင် ဖယ်စမ်းပါ"

"မဖယ်ဘူး"

"ဖယ်ဆို"

"မဖယ်ဘူး။ 'မ'က မောင့်ချစ်သူဆိုတာ ဖြစ်နိုင်ရင် ကလေးချေးကအစ သိစေချင်တာ။ အဲဒါကြောင့် ချစ်သူမှန်း သိအောင် ဖက်တာ ဘာဖြစ်လဲ"

"ခက်တော့တာပဲ"

" 'မ' က ကျွန်တော့်ချစ်သူပါဗျာ။ ဟောဒီ 'မ' က ကျွန်တော့်ရဲ့ချစ်သူပါဗျို့"

"မောင်"



www.burmeseclassic.com

www.burmeseclassic.com



ကုဋ္ဌေက အဲဒီလို ဖွတ်တရွတ်ကောင်ပါ။ မြူစင်ကို ဖက်ပြီး ကျွန်တော့်ချစ်သူပါလို့ အော်နေတော့ မြူစင် သူ့ပါးစပ်ကို အတင်းပိတ်ရသည်သာ။

ဟူး။

မလွယ်ပါလား။

❋



## အခန်း (၁၈)

''အရောင်မဲ့ ဟင်း''

++++++++++++++++++++++++++++

ပကာသနကို လက်ဝါးပေါ်တင်ပြီး

ဖူးဖူးမှုတ်နေကြတဲ့ ကမ္ဘာငယ်တစ်ခုထဲမှာ

ငါက

ရိုးသားခြင်းကိုသာ အထပ်ထပ်အခါခါ အရောင်တင်နေသူ။

မြပဝါ မခြုံနိုင်ပါလို့

မင်းသမီးလုပ်ခွင့်မရှိဘူးဆိုသည်း

ရပါတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



ပွဲကြည့်ပရိသတ်အဖြစ်နဲ့ ငါ လက်ခုပ်တီးပေးပါ့မယ်။
အရောင်တင်မပါ ဆီမပါပေမယ့်
အစပ်အဟပ်တည့်စွာ ချက်တတ်ရင်
အရသာရှိတဲ့ ဟင်းတစ်မည်အကြောင်း
စားဖူးတဲ့သူတွေ ကောင်းကောင်းသိရင် ကျေနပ်ပါပြီ၊
လေထန်ထန်မှာ
ရေဆန်ကိုလည်း ကူးခတ်ဖူးခဲ့တယ်
ဆူးခင်းလမ်းမှာ
ဖိနပ်မပါပဲလည်း လမ်းလျှောက်ဖူးခဲ့သူမို့
မိုးပေါ် သေနတ်ထောင်ပစ်ပြရုံနဲ့
ထန်းလက်ကြွေတာကို ကမ္ဘာပြိုတယ်ထင်ပြီး
ထပြေးတဲ့ ယုန်သူငယ်လို
ငါ
သတ္တိမကြောင်တတ်ဘူးနော်။

**ဖြူစင်ကြယ်**





ပန်းက ကိုယ်တိုင်သာ မရေးတတ်တာ ဖတ်တာတော့ ဝါသနာပါသူမို့ ဖြူစင်ရေးတဲ့ကဗျာကိုဖတ်ပြီး –

"မမ"

"ဟင်"

"မမကဗျာတွေကို အသံသွင်းထားပါလားဟင်။ ထွက်ပြီးရင် facebook တင်လို့ရတာပေါ့။ အချို့ အဲလိုအသံနဲ့ရွတ်ပြီးတင်ထားကြတာတွေ ပန်းတွေ့တယ်"

"ငါမှ facebook မသုံးတော့တာ ပန်းရဲ့"

"မမမသုံးတာ သိပါတယ်။ ပန်းတင်ပေးမှာပေါ့"

ပန်းက နှာခေါင်းလေးရှုံ့၍ ပြောလေသည်။ ပြီးတော့–

"ဟွန်း အဲဒါပဲ။ မမက ကိုယ့်ထက်အသက်ငယ်တဲ့သူကို ချစ်တာကိုး။ အဲဒီတော့ သူ့ကိုအလိုလိုက်ပြီး သူက ဒါမလုပ်နဲ့ဆို မလုပ်ရ။ ဘယ်မသွားနဲ့ဆို မသွားရနဲ့။ ပန်းကတော့ ချစ်သူရှာရင် ကိုယ့်ထက်အသက်ကြီးတာပဲ ရှာမယ်။ ဒါမှ ကိုယ်က ဆိုးလို့နွဲ့လို့ရမှာ"

"နင်ပြောသလို သူ့ကြောင့်မဟုတ်ပါဘူး ပန်းရယ်"

"ဒီအိမ်က ဖြူစင်ကြယ်တို့အိမ် ဟုတ်ပါလား ရှင်"



www.burmeseclassic.com

www.burmeseclassic.com



ပထမဆုံး မေးလိုက်တာကို မကြားပေမယ့် –

"ဒီအိမ်က ဖြူစင်ကြယ်တို့အိမ် ဟုတ်ပါသလား ရှင့်"

"ဟင်"

ညီအစ်မနှစ်ယောက် ပြိုင်တူလှည့်ကြည့်လိုက်ကြပြီး ဖြူစင်ပဲ ခပ်သွက်သွက်ထသွားလိုက်ကာ –

"ဟုတ်ပါတယ်၊ ဖြူစင်ကြယ်က အစ်မပါကွယ်"

"ဪ"

"လာလေ၊ အထဲဝင်ပါ ညီမ"

ဖြူစင် ခေါ်လိုက်တော့ ကောင်မလေးက နောက်သို့ လှည့်ကြည့်လေသည်။ နောက်ကထပ်ပေါ်လာတဲ့ မျက်နှာတစ်ခုကတော့ အသက်လေးဆယ်ကျော်အရွယ် အမျိုးသမီးတစ်ဦးပါပဲ။ အရပ်မြင့်မြင့် ကိုယ်လုံးကိုယ်ပေါက် ဖြောင့်ဖြောင့်တောင့်တောင့်နှင့်ပါ။

ဆံပင်က ပခုံးအောက်အထိ အခွေအလိပ်တွေနှင့်ဖြစ်ပြီး ဝတ်ထားတာက တစ်ကိုယ်လုံး အနီရောင်။ နှုတ်ခမ်းနီကလည်း ရဲနေတာပါပဲ။ ဒါ ရဲရင့်ခြင်းကိုဖော်ပြလေသလား။

"လာလေ အန်တီ ဝင်ပါ"

ဖြူစင်ကို ဆံဖျားကနေ ခြေဖျားအဆုံး နှစ်ခါပြန်ကြည့်ပြီးမှ





အိမ်ထဲသို့ ဝင်လေသည်။ မျက်နှာထားက တင်းမာနေလို့ပါလား။ အိမ်ရှင်က ပြန်ပြီး မှုန်ကုပ်နှာချိုသွေးရမယ့်မျက်နှာထားတွေနှင့်ဆိုတော့ ဖြူစင် စိုးထိတ်မိတာတော့ အမှန်ပါပဲ။ ဘယ်သူတွေလဲ၊ ဘာတွေလဲ။

"ပန်း"

"ရှင် မမ"

"ဧည့်သည်တွေအတွက် စားစရာတစ်ခုခုစီစဉ်ပေးပါဦး"

"ဟုတ်ကဲ့ မမ"

"နေပါစေ၊ ဘာမှ မစီစဉ်ပါနဲ့၊ တို့စားဖို့သောက်ဖို့လာခဲ့တာ မဟုတ်ဘူး"

"ဟင်"

ထိုင်နေရာကနေ ထသွားဖို့ ပြင်လိုက်တဲ့ ပန်း ထမသွားဖြစ်တော့ဘဲ မျက်နှာကတင်းခနဲ ဖြစ်သွားလေသည်။ ပြောတဲ့သူရဲ့လေသံက မာနေတာကိုး။ ဖြူစင်လည်း မျက်နှာပျက်သွားရသည်သာ။

"ဟုတ်ကဲ့၊ ဒါဆိုလည်း လာရင်းကိစ္စကိုသာ ပြောပါရှင်"

ဖြူစင် အတတ်နိုင်ဆုံး ယဉ်ကျေးစွာနှင့် ပြန်ပြောလိုက်သည်။ သူများရိုင်းတိုင်း ကိုယ်က လိုက်မရိုင်းချင်ဘူးလေ။ ဘယ်သူဘယ်ဝါ တွေမှန်းမသိပဲ စဝင်လာကတည်းက ဗိုလ်နိဗ္ဗာန်ရုပ်တွေနဲ့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



"အန်တီက ကုဋေ့ထက်သာရဲ့အမေ ဒေါ်ခင်မာညိုပါ။ သူက တော့ ကုဋေနဲ့လက်ထပ်ပေးဖို့ အန်တီသဘောတူထားတဲ့ မိန်းကလေး နာမည်က သက်ထားချိုတဲ့"

"ဩော်"

ဖြူစင်တို့ညီအစ်မနှစ်ယောက် အကြည့်ချင်းဆုံသွားကြပြီး ပန်းမျက်နှာက တင်းသည်ထက် ပိုတင်းသွားလေသည်။

"လာရင်းကိစ္စကတော့ ရှင်းပါတယ်။ အန်တီက ကုဋေ့အမေ ဆိုတာနဲ့ ရှေ့ဆက်ပြောမယ့် စကားတွေကို မင်း ကြိုတင်စဉ်းစားမိရော ပေါ့"

"ပြောပါ၊ အန်တီပြောတာကို ကြားရတော့ ပိုပြီးရှင်းတာ ပေါ့"

"ပြောမယ်၊ အန်တီက သွယ်ဝိုက်ပြီး ပြောမနေတတ်ဘူး။ ငါ့သားနဲ့ မပတ်သက်ပါနဲ့၊ ငွေဘယ်လောက်ပေးမယ်ဆိုတာတွေက ခေါက်ရိုးကျိုးနေပါပြီ၊ ပေးရင်လည်း မင်းယူမယ်မထင်ပါဘူး။ မင်းက စာပေသမားဆိုတော့ သိက္ခာတွေ ဘာတွေ ထိခိုက်မှာစိုးလို့ မယူဘူး ဆိုတာ အန်တီသိတယ်။ ဒါကြောင့် ရှင်းရှင်းပဲပြောမယ်။ မင်း နောက် ထပ် အန်တို့သားနဲ့ လုံးဝ မပတ်သက်ပါနဲ့"





ဖြူစင် အောက်နှုတ်ခမ်းကို ဖိကိုက်မိလိုက်ပြီးမှ –

"ကျွန်မက ငွေပေးမှ နောက်ဆုတ်နိုင်မယ်ဆိုရင်ရော အန်တီ"

"ဘာ"

မဲ့ပြုံးတစ်ချက်ရဲ့ နောက်ကွယ်မှာ လျှို့ဝှက်သိပ်သည်းလွန်း တဲ့ ပါးနပ်မှုကို ဘယ်သာမြင်နိုင်ပါ့မလဲ။ ပါးနပ်မှုဆိုတာထက် သိမ်မွေ့ တဲ့ မာနတွေပါ။ ကိုယ်ချစ်တဲ့ မြတ်နိုးတဲ့စာပေကို ထိခိုက်တဲ့စကားပြော လာရင် ဖြူစင် ပါးရိုက်ခံရတာထက်ကို ပိုပြီးနာတတ်တာ။

"ဟား မဖြူစင်က မအောင်မြင်သေးပေမယ့် စာရေးဆရာမ ဆိုတော့ ဆင်ခြင်တိုင်းထွာမှုတွေနဲ့ ငွေမယက်ဘူးလို့ထင်ထားတာ။ လေးစားမိတာလေးတောင် အလကားဖြစ်သွားပြီ၊ လိုချင်တယ်ဆိုရင် လည်း ပေးရမှာပေါ့။ မဖြူစင် ဘယ်လောက်လိုချင်လဲ"

"သိန်းငါးဆယ်"

"မမ"

"နင် ဝင်မပါနဲ့ ပန်း"

ပန်းပါးစပ်ပိတ်သွားလေသည်။ သိန်းငါးဆယ်ဆိုသော ကြောင့် ဒေါ်ခင်မာညိုနဲ့ သက်ထားချို ကိုယ်တွေ အောင့်မတ်



www.burmeseclassic.com

www.burmeseclassic.com



သွားကြသည်။ နောက်ဆက်တွဲပါလာတာကတော့ အထင်သေးတဲ့ အကြည့်တွေပေါ့။

"သိန်းငါးဆယ်တောင်းရလောက်အောင် ငါ့သားနဲ့ပတ်သက်ပြီး မင်း ဘာတွေထိခိုက်နစ်နာခဲ့လဲ ဖြူစင်ကြယ်။ ပွင့်ပွင့်လင်းလင်း ပြောပါ။ ထိခိုက်နစ်နာခဲ့တာရှိရင် ဒီထက် ပိုတောင်းလည်း ငါပေးမယ်"

"ရှိတာပေါ့အန်တီ၊ အခု အန်တီတို့ပြောနေတဲ့စကားတွေထဲမှာ ကျွန်မရဲ့အရှက်သိက္ခာ၊ ကျွန်မ ချစ်မြတ်နိုးတဲ့ စာပေကိုပါ ထိပါး ပုတ်ခတ်ပြောလာတဲ့အတွက် စာပေဂုဏ်သိက္ခာ။ အဲဒီသိက္ခာတွေအတွက် ကျွန်မ တန်ရာတန်ကြေးတောင်းတာပါ။ ဒီထက်လည်း ကျွန်မ ပိုပြီးမလိုချင်ပါဘူး"

"တို့က မပေးဘူးဆိုရင်ရော"

သက်ထားချိုက ခပ်ပြတ်ပြတ်မေးတော့ ဖြူစင်လည်း ပြတ်ပြတ်ဖြေလိုက်သည်မှာ –

"ကုဋေနဲ့ကိစ္စ နောက်မဆုတ်ရုံပဲပေါ့"

"တောက်"

ဒေါ်ခင်မာညိုက တက်ခေါက်လေသည်။





"အန်တီရယ် . . . သူ ဒီလောက်မက်နေမှတော့ ပေးလိုက်စမ်းပါ။ အန်တီနဲ့သက်ထားအတွက်က ငွေသိန်းငါးဆယ်ဆိုတာ ဘာမှ မဟုတ်တာ၊ သူ့အတွက်ကတော့ သူ့အောင်မြင်မှုပန်းတိုင်ရောက်အောင် စာအုပ်ထုတ်ဖို့ အရင်းအနှီးလေး ဘာလေးရတာပေါ့"

"မင်း ထပ်ပြီးမစော်ကားနဲ့ သက်ထားချို။ ငါ့ပိုင်နက်ထဲ ရောက်လာပြီး ငါ့ကိုစော်ကားတာထက် ငါ့ဝါသနာကို စော်ကားတာ ပိုပြီးဆိုးတယ်"

"ဘာ"

"တော်တော့ သက်ထား၊ ဒီလောက်ဆိုလုံလောက်ပြီ။ သူ တောင်းတာကို အန်တီပေးမယ်။ အန်တီတို့ပြန်ကြရအောင်"

ဒေါ်ခင်မာညို ထရပ်လေတော့ သက်ထားချိုပါ ထရပ်လေသည်။

နောက်ဆုံးပြောသွားတဲ့ ဒေါ်ခင်မာညိုစကားက –

"စိတ်ချ ဒီနေ့ညနေပဲ မင်းတောင်းတဲ့ငွေကို ငါလာပို့မယ် ဖြူစင်ကြယ်"

"ကောင်းပြီလေ . . . ကျွန်မ စောင့်နေပါ့မယ်"

"လာ သက်ထား . . . သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မာညိုတို့ ထွက်သွားတော့မှ မြူစင် ပါးပြင်ပေါ်သို့ မျက်ရည်ဥတွေ လိမ့်ဆင်းလာလေတော့သည်။

အစကတည်းက –

ဒီလိုတွေဖြစ်လာနိုင်မှန်းသိလျက် ဖွတ်တိုးချစ်ခဲ့မိတဲ့ ငါ့နှလုံးသားကို ငါကိုယ်တိုင် အသေသတ်တော့မယ် ကုဋေ။

※



## အခန်း (၁၉)

ပြောခဲ့သမျှတွေကို အသံဖမ်းလာတာနားထောင်ပြီး ကုဋေ [illegible]ကိုစားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ ပြီးတော့ အေးစက်စက် အကြည့်တွေနှင့် မိခင်ကိုရော သက်ထားကိုရော ကြည့်ကာ –

"ဒီကိစ္စမှာ 'မ' မမှားဘူး၊ အပြစ်လည်းမရှိဘူး"

"ဘာ"

"ဟုတ်တယ် မေမေ၊ စာပေကိုချစ်မြတ်နိုးတဲ့လူတစ်ယောက်ကို စာပေနဲ့ပတ်သက်ပြီး စော်ကားတဲ့စကားတွေ သွားပြောတော့ 'မ' မို့လို့ ကျွန်တော်သာဆို သိန်းငါးဆယ်မကတန်အောင် ပက်ပက်စက်စက် ပြန်ပြောပစ်မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ကုမ္ဘေ"

ဒီတစ်ခါ အသံမာမာနဲ့ ခေါ်လိုက်သူက သက်ထားချိုး ကိုယ့်လို အစစအရာရာ ပြည့်စုံနေတဲ့ မိန်းကလေးကိုကျတော့ ရ မစိုက်၊ ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်အတွက်နဲ့ သတ္တိရှေ ကောင်းနေတာ။ လုံးဝ မကျေနပ်ပေ။

"ဘာမဟုတ်တဲ့ မိန်းမတစ်ယောက်နဲ့ ယှဉ်ပြီး ငါ့ကို နှင် ဥပေက္ခာပြုတာ ငါ ရင်အနာဆုံးပဲ သိလား"

"တော်တော့သက်ထား၊ 'မ' ကို ဘာမဟုတ်တဲ့မိန်းမလို့ မပြောနဲ့။ ငါ့အတွက် 'မ' က ဘာနဲ့မှ တန်ဖိုးဖြတ်လို့မရတဲ့ မိန်းမ နင့်ဘာသာနင် ရင်ပဲနာနာ ကျောပဲနာနာ ငါ ဂရုမစိုက်ဘူး"

"သွား"

"______"

"အခု မင်းကောင်မက သိန်းငါးဆယ်တောင်းထားတာနော် ဒီလောက်ဆို သားသိသင့်ပြီ။ သူ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ မင်းကို သူတကယ်ချစ်တာ မဖြစ်နိုင်ဘူး"

"မေမေ ဘာနဲ့တိုင်းတာတွက်ချက်လိုက်တာလဲ။ 'မ' က ကျွန်တော့်ကို တကယ်မချစ်ဘူးဆိုတာကိုပေါ့"



"အမြှေးမြင်ရင် အပင်သိတယ် ကုမ္ဘေ။ ဘာနဲ့မှ တိုင်းတာ တွက်ချက်ပြဖို့မလိုဘူး"

ကုမ္ဘေ နှုတ်ခမ်းကိုမဲ့ပစ်လိုက်သည်။ ကိုယ်လိုချင်တဲ့ ငွေတွေ အခုပြောနေတဲ့သူတွေ ကိုယ့်ကိုပေးနိုင်ခဲ့သလား။ အရာရာကို ငွေတွေ ငွေတွေနဲ့ တိုင်းတာနေကြတာ။ ကြင်နာရကောင်းမှန်းမသိ၊ ယုယရကောင်းမှန်းမသိ။

ငါဆိုတဲ့အတ္တနဲ့။

ငါပြီးရင်း ငါတွေကို စားသုံးနေကြတာ။ 'မ' က ကုမ္ဘေအပေါ် ငွေးတွေးမှုတွေ ပေးခဲ့သည်။ ကြင်နာတယ်၊ ယုယတယ်။ အဲဒီအတွက် ကုမ္ဘေ 'မ' ကို ခင်တွယ်ခဲ့သည်လေ။ အသက်ထက်ပိုချစ်သည်ဆိုရင် ပိုတယ်ထင်ကြမလား။

"ပြောပါ၊ ကြိုက်သလိုပြောကြ။ သိန်းငါးဆယ်ပေးလို့ 'မ' က နောက်ဆုတ်သွားလည်း ငါက ရှေ့တိုးမှာ။ 'မ' ကို ရအောင်ယူမှာ"

ငါဆိုတဲ့အသုံးအနှုန်းက သက်ထားကို ရည်ရွယ်ပြီးပြောလိုက်တာပါ။ ဒါပေမဲ့ 'ဘာ' ဆိုတဲ့အသံ ထွက်လာတာကတော့ မေမေ့ဆီ ကပါ။

www.burmeseclassic.com

www.burmeseclassic.com



"မင်းအတွက် မိန်းမ ဒီလောက်တောင်ရှားသလား ကုရွှေ"

"မိန်းမက ပေါပါတယ်။ 'မ' ကို ချစ်သလို ချစ်နိုင်မယ့်အချစ် မျိုးက ရှားတာ။ 'မ' လို မိန်းမမျိုး ရှားတာပါ မေမေ။ ကျွန်တော့်ရင် ထဲမှာက ဖြူစင်ကြယ်တစ်ယောက်တည်းပဲ"

"တောက်"

အခြားနေရာတွေမှာသာ ကုရွှေ ခေါင်းညိတ်တာတွေ၊ နား တာတွေ ရှိချင်ရှိမယ်။ 'မ' နဲ့ ပတ်သက်လာရင်တော့ ကုရွှေ မေမေ့ စကားကို ခေါင်းမညိတ်နိုင်၊ မနားခံနိုင်ပေ။ အိမ်ထောင်ရေးကို စီးပွား တွက် တွက်ရအောင် လူတွေက ရောင်းကုန်ပစ္စည်းမှ မဟုတ်တာ။

"ငါ့စကား နားမထောင်ရင် လုပ်ချင်တာလုပ်၊ ငါကတော့ အမွေပြတ်ပဲ"

"အမွေဆိုတာ စားထိုက်မှ စား၊ စံထိုက်မှစံရတာပါ မေမေ။ မေမေ ကြိုက်သလို လုပ်ပါ"

"ကုရွှေထက်သာ"

ခေါ်နေရင်းကနေ ထသွားလေတော့ ဒေါ်ခင်မာညိုသာ ဒေါသထွက်၍ ကျန်ခဲ့ရသည်။

ရှိစေတော့ –





ကုရွှေကို ပြောလို့မရတော့လည်း ဖြူစင်ကြယ်ကို သိမ်း သယ်ပေးပြီး နောက်ဆုတ်ခိုင်းရမှာပေါ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၀)

ဖြူစင် သူတို့ပေးတဲ့ သိန်းငါးဆယ်ကို ယူပြီး စာအုပ်တွေ ဝယ်သည်။ ပြီးတော့ စာကြည့်တိုက်တွေကိုလှူ၏။ အလှူရှင်နာမည်ကို ဖြူစင်နာမည်မပြောပေ။ ဒေါ်ခင်မာညိုနဲ့ သား–ကုမ္ပဏီထက်သာဆိုတဲ့ နာမည်တွေနဲ့ လှူတာလေ။ သူတို့အထင်သေးတဲ့စာပေကို အထင်ကြီးအောင် အရောင်တင်ပေးလိုက်တဲ့သဘောပါပဲ။

ကိုဝေယံနဲ့ စတွေ့ခဲ့တာ။

စာကြည့်တိုက်တစ်ခုမှာပါ။ ကိုဝေယံကလည်း စာကြည့်တိုက်မှာ စာအုပ်တွေလာလှူတာတဲ့။ ဖြူစင်ကိုတွေ့တော့ –

"ဟို မဖြူစင်ကြယ်လား မသိဘူး"





"ဩော် . . . ဟုတ် ဟုတ်ပါတယ်ရှင့်"

"ဟား . . . တွေ့ရတာ ဝမ်းသာလိုက်တာဗျာ။ မဖြူစင်ကြယ် ဘဲ့ဗျာတွေက အပျိုစင်မဂ္ဂဇင်းမှာ လတိုင်းလိုလိုပါနေတာနော်"

"ဟုတ်ကဲ့ရှင့်"

"အပျိုစင်က ကဗျာနဲ့ဓာတ်ပုံ တွဲထည့်ပေးတော့ မဖြူစင်ကြယ်ကို မြင်ဖူးတာ။ ဓာတ်ပုံထဲမှာ မြင်ဖူးတာဆိုတော့ နှုတ်သာဆက်ချတယ် ဟုတ်မှဟုတ်ပါ့မလားလို့။ မဖြူစင်ကြယ်ရေးတဲ့ ကဗျာတွေ ဒတ်လို့ကောင်းတယ်ဗျာ။ နိမိတ်ပုံယူတာလေးတွေ လှတယ်"

"ဟုတ်လား။ အခုလို ဖြူစင့်ကဗျာတွေဖတ်ပြီး အားပေးတာ အရမ်းကျေးဇူးတင်ပါတယ်ရှင်။ တကယ်ပါ။ နောက်ထပ်ရေးဖို့ အင်အားတွေတိုးသွားပြီ"

"တကယ်ပြောတာပါဗျာ။ ဒါနဲ့ ကျွန်တော့်ကိုယ်ကျွန်တော်ပဲ မိတ်ဆက်ပေးပါရစေ။ ကျွန်တော့်နာမည် ဝေယံစိုးပါ မဖြူစင်။ ကုမုဒြာစာအုပ်တိုက်ရဲ့ ထုတ်ဝေသူပါ"

"ရှင်"

ဖြူစင် မျက်လုံးလေးပိုင်းသွားလေသည်။ ကုမုဒြာစာအုပ်တိုက်က ထုတ်ဝေသူတဲ့။ ဖြူစင်က စာရှူးပေရှူးဆိုတော့ သူနဲ့ဆုံတွေ့ရ



www.burmeseclassic.com

www.burmeseclassic.com



တာ ကံကောင်းခြင်းလားတော့မသိပေ။

"ဟုတ် ဟုတ်ကဲ့၊ တွေ့ရတာ ဝမ်းသာပါတယ် ကိုဝေယံ"

"မဖြူစင်ကြယ်က စာအုပ်တွေ လာလှူတာလား"

"ဟုတ်ပါတယ်"

"ကျွန်တော်လည်း စာအုပ်တွေလာလှူတာဗျ"

"ဟုတ်လား ကောင်းတာပေါ့ရှင်"

"စကားပြောရတာ မတ်တတ်ကြီးတွေဗျာ။ ဟို မဖြူစင်ကြယ် ကျွန်တော့်ကို တစ်မျိုးမထင်ပါနဲ့နော်။ တစ်ခုခုသွားစားရင်း စကားပြောကြရအောင်လား"

"ဟုတ်ကဲ့ ရပါတယ်၊ ကိုဝေယံစိုး။ ဖြူစင် ဒကာခံပါ့မယ်"

"မဟုတ်တာဗျာ။ ကျွန်တော် ကျွေးပါ့မယ်။ ခင်မင်တဲ့အထိမ်းအမှတ်အဖြစ်ပေါ့"

"ကဲ သဘောပါရှင်၊ သဘောပါ"

ဖြူစင် ကိုဝေယံနဲ့လိုက်လာခဲ့မိတော့သည်။ ထုတ်ဝေသူ ဆိုတော့ စာပေနဲ့ပတ်သက်ပြီး သူ့ဆီကနေ လေ့လာသင်ယူချင်ပါသေးသည်လေ။ ဖြူစင် လုံးချင်းရေးဖို့အထိ ကြိုးစားနေပေမယ့် ထုတ်ဝေသူက မရှိ။ ကိုယ်ကလည်း ငွေကြေးအင်အား မပြည့်စုံတော့ ကိုယ့်





အရင်းအနှီးနဲ့ကိုယ် ထုတ်ဖို့ကလည်း မလွယ်။

ထို့ကြောင့် –

သူနှင့် ခင်မင်ရတာ ဖြူစင်အတွက် ကံကောင်းတာလားတော့ မသိပါဘူး။ သူနဲ့တိုင်ပင် ဆွေးနွေးကြည့်ချင်တယ်လေ။

"မဖြူစင်ကြယ်"

"ရှင်"

"ဘာစားမလဲ၊ ကြိုက်တာမှာလေ"

"ဟုတ်ကဲ့"

သူကလည်း သူကြိုက်တာမှာ၊ ဖြူစင်ကလည်း ဖြူစင် ကြိုက်တာမှာပြီး စားကြသောက်ကြရင်းဖြင့် –

"မဖြူစင်ကြယ်ရဲ့နာမည်အရင်းက ဘာလဲမသိဘူး။ ကျွန်တော်က ကလောင်နာမည်ပဲ ခေါ်နေမိတာ"

"ကျွန်မနာမည်အရင်းက ဖြူစင်ကြယ်ပါပဲ ကိုဝေယံ။ ကလောင်ကို နာမည်အရင်းပဲ ယူလိုက်တာပါ"

"ဪ"

"ကိုဝေယံက ထုတ်ဝေသူဆိုတော့ စာရေး မရေးဘူးလား"

ဝေယံစိုးက ရယ်လိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



"မရေးပါဘူး။ ကျွန်တော်က စာဖတ်အားသာကောင်းတာ။ ရေးဖို့ကျ အဖြစ်မကြိုဘူးဗျ။ အခု စာအုပ်တိုက်က အရင်ဖေဖေလုပ်တာ ဖြူစင်ရဲ့။ အခု ကျွန်တော်ပဲ ဆက်လုပ်ရတာပေါ့။ အိမ်မှာ ကျွန်တော်က သားအငယ်ဆုံးလေ။ အစ်ကိုနဲ့အစ်မက ဒီအလုပ်ကို စိတ်မဝင်စားကြဘူး။ အခု အိမ်ထောင်လည်းကျကုန်ကျပြီလေ။ သားတွေ သမီးတွေနဲ့ဆိုတော့ စာနဲ့ပိုပြီးတော့တောင် ဝေးသေးတယ်။ အဲဒါကြောင့် ဖေဖေ့အမွေကို ကျွန်တော့်ပဲ ဆက်ခံတယ် ပြောပါတော့"

"သြော် ... ကောင်းပါတယ်ရှင်"

"ကျွန်တော် မဖြူစင်ရေးတဲ့ဝတ္ထုတိုတွေလည်း ဖတ်မှုးပါတယ်။ ကြိုက်လည်းကြိုက်တယ်။ အဲဒါကြောင့် လုံးချင်းရေးဖို့ တိုက်တွန်းချင်တယ်ဗျာ"

"ရှင်"

ဖြူစင် ရင်ထဲမှာ လှိုက်ခနဲ ဝမ်းသာသွားလေသည်။ ကိုယ်ကြားချင်တာ ဒီစကားပဲလေ။ ဖြူစင်မှာရေးပြီးသား နှစ်အုပ်ရှိပါသည်။ လက်တည့်စမ်းထားတာလို့ ပြောရမလားပါပဲ။ ကိုယ်က လုံးချင်းရေးကြည့်ဖို့ ကြံစားနေချိန်မှာ အခုရေးပါလို့ တိုက်တွန်းလာသူ ထုတ်ဝေသူဆိုတော့ –





ဝမ်းလည်းဝမ်းသာ –

အားလည်း ရှိမှာပဲ။

"ကျွန်မ မှာရေးပြီးသားလုံးချင်းနှစ်အုပ် ရှိပါတယ် ကိုဝေယံ။ ထပ်ရေးဖို့လည်း အစီအစဉ်ရှိပါတယ်။ ခက်တာက"

"ရေးပါ မဖြူစင်၊ ကျွန်တော်အားပေးပါတယ်။ ရေးပြီးရင် ကျွန်တော့်ကိုပြောပါ"

"ဟုတ်ကဲ့၊ ကိုဝေယံ ဖတ်ကြည့်ပေးပါနော်။ ဖတ်ပြီး ဝေဖန်ပေးပါ"

"ဝေဖန်ပေးရုံတင် မဟုတ်ဘူး။ ကြိုက်ရင် ကျွန်တော် မဖြူစင် စာအုပ်တွေကို ထုတ်ပေးမှာပါ။ အတိုတွေရေးထားတာတော့ ကြိုက်တယ်ဗျာ။ အဲဒါကြောင့် သတိထားမိတာပါ"

"ရှင်"

ဖြူစင် ဝမ်းသာလွန်းလို့ ဘာပြောရမှန်းကိုမသိတော့ပါဘူး။ ကိုယ်က ဝါသနာပါလွန်းလို့ ဖြစ်ချင်နေတဲ့သူ။ ထုတ်ဝေသူက ထုတ်ပေးမယ်လို့ ကမ်းလှမ်းလာတော့ –

"ကိုဝေယံနဲ့တွေ့ရတော့ ကျွန်မ အရမ်းကံကောင်းသွားပြီ ထင်တယ်။ ဝမ်းသာလိုက်တာ ကိုဝေယံရယ်။ ကျွန်မ အကောင်းဆုံး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်အောင် ကြိုးစားပါ့မယ်နော်"

ဖြူစင် ရင်ခုန်သံတွေတောင်မြန်လာသည်။ ဒါ အဆိုးနဲ့တွဲဖက်လာတဲ့ ကောင်းခြင်းလား။ အခုလာခဲ့တဲ့ လာခြင်းက ကုမ္မေနဲ့ ဖြတ်ဖို့ ကတိပေးပြီး သိန်းငါးဆယ်ယူခဲ့တာလေ။ အဲဒီငွေတွေနဲ့ စာကြည့်တိုက်တွေမှာ လှူနေတာ။ အဲဒီငွေထဲက ဖြူစင် တစ်ပြားတစ်ချပ်မှ မသုံးပါဘူး။ သွားတာ လာတာ၊ စားတာ သောက်တာ ကိုယ့်စရိတ်နဲ့ကိုယ်ပါ။

"မဖြူစင် ကျွန်တော့်ဖုန်းနံပါတ်ယူထားလေ။ ကျွန်တော့်ကိုလည်း မဖြူစင် ဖုန်းနံပါတ် ပေးထားပေါ့"

"ဟုတ်ကဲ့ပါ ကိုဝေယံ"

အဲဒီ ရင်းနှီးခြင်းမှစ၍ ကိုဝေယံနဲ့ဖြူစင် စာအုပ်ကိစ္စတွေ ခဏ ခဏ ပြောဖြစ်ကြရင်း ရင်းနှီးတာထက် ပိုရင်းနှီးခဲ့ကြသည်သာ။ ကုမ္မေနဲ့ မတွေ့အောင် ရှောင်ဖို့ ဖြူစင် မန္တလေးက အမျိုးတစ်ယောက် အိမ်မှာ သွားနေပြီး အေးအေးဆေးဆေး စာရေးဖြစ်ခဲ့သည်။

*



## အခန်း (၂၁)

ဖြူစင်နဲ့ကိုဝေယံက ဖုန်းအဆက်အသွယ်ရှိပြီး အဆက်အသွယ် မပြတ်ကြပေ။ ကုမ္မေမှာတော့ ဖြူစင် ဘယ်သွားလဲ၊ သူမ အိမ်သားတွေကို မေးတာ မေးလို့မရတော့ ရှူးမတတ်ပါပဲ။ ကိုကြီးကို မေးတော့ အစ်ကိုဖြစ်တဲ့ငါ့ကို မင်းမမေးသင့်ဘူး။ မင်းဘာသာမင်း ရအောင်စုံစမ်းလို့ပြောလိုက်သည်တဲ့။

ပန်းကိုမေးတော့ –

ပန်းမပြောရဲဘူးပဲပြောတယ်တဲ့လေ။ ကုမ္မေ အိမ်ကို ခဏ ခဏ လာကြည့်တယ်တဲ့။ သူ့ကိုသနားပေမယ့် ဖြူစင့်မှာ မာနရှိသည်။ သိန်းငါးဆယ်ယူပြီး မဆက်သွယ်ဖို့ ကတိလည်း ပေးထားသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်မလွမ်းမိအောင် ကြိုးစားနေခဲ့တာပါ။

ဘယ်လောက်ပဲ ကြိုးစားကြိုးစား သတိရခြင်းနဲ့ သတိရခြင်းနဲ့ အလွမ်းတွေက ရင်ဘတ်ထဲမှာ အပြည့်ပါပဲ။ အဲဒီအချိန်မှာ ကိုဝေယံက. . .

"ဖြူစင်ပြောပြလို့ ဖြူစင်အကြောင်းသိရတာ ကိုယ်တကယ် စိတ်မကောင်းပါဘူး ဖြူစင်။ ဒါပေမဲ့ ဖြူစင်ရယ်၊ မဖြစ်နိုင်ရင် မဖြစ်နိုင်တဲ့အကြောင်း သူ့ကို ပွင့်ပွင့်လင်းလင်း ပြောလိုက်ပေါ့။ ခုလို ရှောင်နေဖို့ မလိုဘူးထင်တယ်"

"ဟုတ်ပါတယ် ကိုဝေယံ။ တကယ်တော့ ဖြူစင် ပျော့ညံ့ခဲ့တာပါ။ သူနဲ့ ရဲရဲရင်ဆိုင်ပြီး ပြတ်ပြတ်သားသားပြောရမှာ"

"ဖြူစင်"

"ရှင်"

"ဖြူစင် ဘယ်တော့ပြန်လာမှာလဲ"

"ဖြူစင် ပြန်လာမှာပါကိုဝေယံ။ အခုရေးလက်စစာအုပ် ဇာတ်သိမ်းပြီးရင် ပြန်လာမှာပါ"

"မြန်မြန်ပြန်လာခဲ့နော်။ ကိုယ် အရမ်းလွမ်းနေပြီ"

"ရှင်"





ဖြူစင်စိတ်ထဲမှာ တစ်မျိုးကြီးဖြစ်သွားလေသည်။ သူ့စကားက ဘာစကားလဲ။ လေသံကလည်း နူးညံ့ညင်သာစွာနဲ့။ အို ဒါ တစ်မျိုးထင်တာပဲ ဖြစ်မှာပါလို့ ကိုယ့်စိတ်ကို ကိုယ်ဖြေလိုက်သည်။ တကယ်ဆို သူနဲ့ကိုယ့်ကြားမှာ လွမ်းတယ်ဆိုတဲ့စကား မသုံးသင့်ဘူးလေ။

သတိရတယ်ဆို တော်သေးတာပေါ့။

အဲဒါလည်း နေ့တိုင်း ဖုန်းပြောဖြစ်နေတာပဲဥစ္စာ။

"ဖြူစင် သူ့ကို တကယ်ပဲ လမ်းခွဲတော့မှာလား။ အဲဒါ ကိုယ် သိခွင့်ရှိမလား"

ကုဋ္ဌေအကြောင်း တွေးလိုက်မိတိုင်း ဒေါ်ခင်မာညိုနဲ့ သက်ထားချိုရဲ့ တည်တင်းနေတဲ့မျက်နှာကို မြင်ယောင်မိသည်။ ပြောသွားတဲ့စကားတွေကို ကြားယောင်မိသည်။ ထို့ကြောင့် ဖြူစင် မျက်နှာလေးလည်း တည်တင်းသွားပြီး တစ်ခွန်းချင်း ပြောလိုက်တာက –

"ဟုတ်တယ် ကိုဝေယံ၊ ကျွန်မ သူ့ကို ဘယ်တော့မှ လက်မထပ်ဘူး။ ကျွန်မ မာနနဲ့သိက္ခာကို ထိပါးစော်ကားတဲ့ သူ့အသိုင်းအဝိုင်းထဲကို ကျွန်မ ဘယ်တော့မှ ခေါင်းငုံ့ပြီး တိုးဝင်မှာမဟုတ်ဘူး"

"ဟော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ပြန်လာမှာပါ။ သူ့ကိုလည်း အပြတ်ပြောရမှာပဲ"

"ကောင်းပါတယ်၊ ကဲပါ အဲဒါထားလိုက်တော့။ အခုရေးနေတဲ့ စာအုပ်ပြီးရင် ဖြူစင်နားလိုက်ဦးလေ။ အရမ်းပင်ပန်းနေပြီ မဟုတ်လား"

"ဟုတ်ကဲ့ပါ ကိုဝေယံ။ အခုလို ဂရုစိုက်ပေးတဲ့အတွက် ကျေးဇူးပဲနော်"

အဲဒီနောက်ပိုင်း ကိုဝေယံက ဖြူစင့်အပေါ် ပိုပြီး ဂရုစိုက်လာသည်။ အားပေးနှစ်သိမ့်မှုတွေ၊ ကြင်နာယုယမှု၊ နွေးထွေးမှုတွေ ပေးခဲ့သည်လေ။ ဖြူစင် အသစ်တွေ့လို့ အဟောင်းကိုမေ့ပြီး ကိုဝေယံနဲ့ သာယာခဲ့တာ မဟုတ်ပါဘူး။

ကုဋ္ဌေနဲ့ မဖြစ်နိုင်တော့ဘူးဆိုတာသိလို့ သူ့ကိုမေ့ပစ်ဖို့ ကြိုးစားခဲ့တာပါ။ မေ့လို့ရလားဆိုတော့ မရခဲ့ဘူးပေါ့။ ဖြူစင် ရန်ကုန်ကို ပြန်ရောက်တော့ စာအုပ်ကိစ္စအကြောင်းပြချက်နဲ့ ကိုဝေယံ ဖြူစင်တို့ အိမ်ကို ခဏခဏလာတတ်သည်။

နောက်တော့ –

"ဖြူစင်"

"ရှင်"





"ကိုယ် ဖြူစင်ကိုပြောစရာရှိတယ်။ ပြောချင်တာတော့ ကြာပါပြီ။ ဖြူစင် စိတ်ဆိုးမှာစိုးလို့ မပြောတာ။ အခု ရင်ထဲမကာတော့လို့ ပြောပါရစေတော့ ဖြူစင်။ ကျွန်တော့်ကို အခွင့်အရေးယူတယ်လို့တော့ မထင်ပါနဲ့နော်"

ဖြူစင် သူ့ကို ခပ်တွေတွေကြည့်ပြီးမှ မျက်နှာလွှဲလိုက်သည်။ ဘာပြောမယ်ဆိုတာကို ကြိုသိနေတယ်လေ။ မပြောစေချင်လည်း ပြောမှာပဲ မဟုတ်လား။

ဒါကြောင့် –

"ပြောပါ ကိုဝေယံ။ ဖြူစင်နားထောင်နေပါတယ်"

ကိုဝေယံ ဖြူစင့်မျက်နှာလေးကို ငေးကြည့်ပြီးမှ –

"ကျွန်တော် ဖြူစင့်ကို လက်ထပ်ချင်တယ်"

"––––––"

မအံ့သြတော့ပါဘူး။ ဒါကြောင့် ဖြူစင် နှုတ်က ဘာသံမှ ထွက်မလာပေ။

"ကျွန်တော့်စကားက ဘောင်ကျော်နေတယ်ဆိုတာ ကျွန်တော် သိပါတယ် ဖြူစင်။ ဒါပေမဲ့ ချစ်တယ်လို့ပြောရင် တွေးစရာတွေ ရှိလာမှာစိုးလို့ ကျွန်တော် ဒီလိုပြောလိုက်တာပါ။ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်ကို ချစ်တယ်”

“ကိုဝေယံ”

“ကိုယ် ပွဲလန့်တုန်း ဖျာခင်းတာ မဟုတ်ပါဘူး ဖြူစင်၊ ရင်ထဲမှာရှိတာကို မျိုသိပ်ရတာမဆန့်တော့လို့ပါ။ တစ်ခုတော့ ကျွန်တော် ပြောပါရစေ”

“ပြောပါ ကိုဝေယံ”

“ကျွန်တော် ဖြူစင့်ကိုချစ်တာနဲ့ စာအုပ်ကိစ္စတော့ ရောယှက်ပြီး မတွေးစေချင်ဘူး။ သပ်သပ်စီပါ။ အချစ်ကအချစ်၊ အလုပ်က အလုပ်။ ကိုယ် အခွင့်အရေးသမား မဟုတ်ပါဘူး”

“ကျွန်မ သိပါတယ်”

ဖြူစင် ပင့်သက်ရှိုက်လိုက်မိသည်။ ဖြူစင်က သူများတွေလို လှပချောမောတဲ့သူ မဟုတ်ပါဘူး။ အသားလတ်ပြီး သူလိုကိုယ်လို သာမန်ရုပ်ရည်ပိုင်ရှင်ပါ။

အရပ်က လေးပေရှစ်လက်မသာရှိပြီး အရပ်ပုပု ပိန်ပိန်ပါးပါး ပါလေ။ ဒါကို ဘာလို့ ချစ်နေကြပါလိမ့်။

ကာရွေ့ကတော့ –

ဖြူစင့်စိတ်ထားကို ချစ်တာတဲ့။ စိတ်ထားဖြူစင်လို့ ချစ်တာ





ရုပ်ရည်နဲ့မဆိုင်ဘူးလို့ ပြောတာပဲ။ ကိုဝေယံကရော ဖြူစင်ကို ဘာလို့ ချစ်တာလဲ။

“ဖြူစင်”

“ရှင်”

“ကိုယ့်ကို စဉ်းစားပေးမယ် မဟုတ်လားဟင်”

“ဖြူစင် စဉ်းစားပါ့မယ်”

ကိုဝေယံ စကားပြောတာ သူ့ကိုယ်သူ ကျွန်တော် သုံးလိုက် ကိုယ်သုံးလိုက်နှင့်ပါ။ ဖြူစင်က စဉ်းစားပေးမယ်ဆိုတော့ ကိုဝေယံ နှုတ်ခမ်းလေးက ပြုံးလို့ပါ။ စိုးရိမ်စိတ်တွေ လွင့်ပြယ်သွားပြီထင်ပါ့။

“ကိုယ် ဝမ်းသာပါရစေ ဖြူစင်”

“အရမ်းကြီးတော့ မျှော်လင့်မထားပါနဲ့ ကိုဝေယံ။ မျှော်လင့်တိုင်း ဖြစ်မလာတတ်တာကိုလည်း ကြိုတွေးထားပါ”

“ဗျာ”

“ဖြူစင် ကိုဝေယံလိုချင်တဲ့ အဖြေပေးနိုင်အောင် ကြိုးစားပါ့မယ်”

“ဟုတ်”

ကိုဝေယံ လေကို မှုတ်ထုတ်လေတော့ –



www.burmeseclassic.com

www.burmeseclassic.com



"ကိုဝေယံ စိတ်ပျက်သွားလားမသိဘူး"

"'မပျက်ပါဘူး ဖြူစင်။ လုံးဝ တစ်ခါတည်း အပြတ်မပြော လိုက်တာတော်သေးတာပေါ့။ ဒါပေါ့လေ . . . ဒီလိုကိစ္စတွေက လွယ် လွယ်ဆုံးဖြတ်လို့မှ မရတော့ ဖြူစင်စဉ်းစားပါ။ ကိုယ် နားလည်ပါ တယ်"

ကိုဝေယံနဲ့ကျတော့ ဖြူစင် ကိုယ့်သဘောနဲ့ကိုယ် မဆုံးဖြတ် တော့ပေ။ ကိုကြီးက အစ်ကိုကြီးအဖအရာ၊ အဖေဆိုလည်းဟုတ် အမေဆိုလည်းဟုတ်။

ဒါကြောင့် ကိုကြီးနဲ့ပန်းကိုပြောပြလေတော့ . . .

"တကယ်တမ်း ပေါင်းသင်းဆက်ဆံရမှာက ညီမလေး ဆိုတော့ ညီမလေးဘာသာပဲ ဆုံးဖြတ်ပါ။ မချစ်ပဲနဲ့တော့ လက်မထပ် စေချင်ဘူး။ ကိုကြီးကတော့ အမှန်ပြောရရင် ဝေယံကိုသဘော ကျတယ်။ သူက စာပေသမားဆိုတော့ တည်ငြိမ်တယ်၊ အေးချမ်း တယ်"

"ဖြူစင်လည်း တွေးမိပါတယ် ကိုကြီး။ ကိုဝေယံက မိန်းမ တစ်ယောက်အတွက် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်သင့်တဲ့ ယောကျ်ားပါ"





ဖြူစင့်စကားကြောင့် ကိုကြီးက ဖြူစင်ကို ခပ်တွေတွေကြည့် ပြီး သက်ပြင်းချလေသည်။

ဖြူစင်က ကုဋေကိုချစ်ခဲ့တာဆိုတာ သိနေတော့ ကိုဝေယံ ကို သဘောကျပေမယ့် ကိုကြီးက တိုက်တိုက်တွန်း တွန်းမပြောခဲ့ပေ။ ဖြူစင်က ငယ်တဲ့အရွယ်မှမဟုတ်တာ။

ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နဲ့ ရွေးချယ်စေချင်တယ် ထင်ပါရဲ့။ ပန်းကတော့ ငယ်ရွယ်သူပီပီ စိတ်က ဇဝေဇဝါနဲ့၊ ဘယ်သူနဲ့ သဘော ဘုတယ်လို့ပြောရမှန်းမသိ ဖြစ်နေပုံပါ။

"ကိုဝေယံက မမ အိမ်ထောင်ဘက်အဖြစ် ရွေးချယ်သင့်တဲ့ ယောကျ်ားပါ၊ ဒါပေမဲ့"

"ဒါပေမဲ့ ဘာဖြစ်လဲ ပန်း"

"ပန်း ကိုကုဋေကို အရမ်းသနားတယ်။ သူ မမကို အရမ်း ချစ်တာ။ အခု သူ အရမ်းပိန်နေတယ်။ မမသိလား အခု မမ ရန်ကုန်ကိုပြန်ရောက်တာ သူ မသိသေးဘူး။ နေမကောင်းရှာဘူးလေ။ အဲဒါကြောင့် သူ့ကို သူ့အိမ်က အပြင်ထွက်ခွင့်မပေးလို့ ဒီကိုရောက် မလာသေးတာပေါ့။ အရင်ကဆို ခဏ ခဏလာတာ"

ဖြူစင်ရင်ထဲမှာ နင့်ခနဲ ဖြစ်သွားလေသည်။ နေမကောင်း



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့လား။ ဖြစ်နိုင်ရင် အခုချက်ချင်း သူ့ဆီကိုပြေးသွားလိုက်ချင်ပေမယ့် ဖြစ်မှမဖြစ်နိုင်ပဲလေ။ အတွက်တွေကို ကြောက်လွန်းလို့ အတွေနဲ့ဝေးရာမှာနေပါရစေ။

ခံစားရတာ ခဏတာမှာပြင်းပြပေမယ့် နောက်တော့ မင်းအဆင်ပြေသွားမှာပါ ကုမ္မေရယ်။

❋



## အခန်း (၂၂)

ဖြူစင် ဈေးဝယ်ရန် ဆွဲခြင်းလေးနှင့် ထွက်လာခဲ့စဉ် –

“မ”

“ဟင်”

“မ”

“မောင်”

ခြံတံခါးကိုဖွင့်ပြီးအထွက် ကုမ္မေကို ဘွားခနဲတွေ့လိုက်ရတော့ ဖြူစင် အံ့ဩသွားလေသည်။ အစကတော့ မြင်မြင်ချင်း ‘မောင်’ လို့ တမ်းတမ်းတတ ခေါ်လိုက်မိပေမယ့်… ပါးစပ်ကို အချိန်မီ ဘရိတ်အုပ်လိုက်ရသည်။ သူနဲ့ကိုယ့်ကြားမှာ စည်းခြားနေပြီလေ။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် –

မျက်နှာကို တင်းပစ်လိုက်ရ၏။ သူ့ကို သေသေချာချာ ကြည့်မိလိုက်ချိန်မှာ ဖြူစင် ငိုချင်စိတ်ပေါက်သွားတာ အမှန်ပါပဲ။ ပိန်သွားလိုက်တာ မောင်ရယ်။ အရင်တုန်းက ဒေးယူရလောက်အောင် ချောတဲ့မောင်၊ အခုကျတော့ မျက်ချောင်တွေကျလို့၊ အရင်လို ဘယ်ချောနိုင်ပါတော့မလဲ။

"ရက်စက်လိုက်တာ 'မ' ရယ်။ 'မ' ကျွန်တော့်အပေါ် အရမ်းရက်စက်တာပဲဗျာ။ ရက်စက်ပါ၊ မောင်ကချစ်မိနေတာကိုး။ ချစ်မိတော့ 'မ' ပြုသမျှ နုရတော့မှာပေါ့"

ဖြူစင် သူ့ကို ရင်မဆိုင်ချင်လို့ ခြံထဲသို့ ပြန်လှည့်ဝင်လိုက်စဉ်

"မ"

ကုဋ္ဌေ အသံကျယ်ကြီးနဲ့ ခေါ်ပြီး ဖြူစင်လက်မောင်းကို လှမ်းဆွဲလိုက်လေသည်။ ဖြူစင် ယိုင်နဲ့ပါသွားပြီး –

"အို အမေ့"

သူနဲ့ဖြူစင် မျက်နှာချင်းဆိုင်အနေအထား ဖြစ်သွားပြီး သူက ဖြူစင် ပခုံးနှစ်ဖက်ကို တင်းတင်းဖိဆုပ်ကာ –

"ဘာဖြစ်တာလဲ 'မ' ရာ၊ အဲဒါ ဘာအထာလဲ၊ ဘာအချိုးလဲ





ပြောစမ်းပါ။ ရှင်းရှင်းပဲပြော 'မ' မောင့်ကို မုန်းနေပြီလား။ မချစ်တော့ဘူးလား 'မ' "

"ဖယ်စမ်း"

"မ"

"ဖယ်နော် ငါ့ကိုလွှတ်"

"မလွှတ်ဘူးဗျာ။ 'မ' ကို ကျွန်တော် အရမ်းချစ်တယ်"

"ကုဋ္ဌေ မင်း"

" 'မ' မေမေနဲ့ ဘာပဲဖြစ်ဖြစ် ကျွန်တော့်အပေါ် တော့ မရက်စက်သင့်ပါဘူး။ ကျွန်တော် 'မ' ကို ဒီလောက်ချစ်ခဲ့တာကိုဗျာ။ တူညီတဲ့တုံ့ပြန်မှု မရတောင် နည်းနည်းတော့ ငဲ့ညှာသင့်ပါတယ်"

"မညှာနိုင်ဘူး ကုဋ္ဌေ၊ ငါ့မာနနဲ့ ငါ့သိက္ခာကို ငါ ထပ်ပြီး အစော်ကားမခံနိုင်ဘူး။ မင်း အခု ငါ့ကိုလွှတ်စမ်း"

"မလွှတ်ဘူးဗျာ"

"ကုဋ္ဌေ"

" 'မ' အခု ကျွန်တော်နဲ့လိုက်ခဲ့"

"မလိုက်ဘူး ဖယ်"

"မ"



www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့။ နင့်မျက်နှာကို ငါ မမြင်ချင်ဘူး"

"မရဘူး လိုက်ခဲ့ရမယ်"

"ဒီလောက်တောင် ပြောမရတာ ကဲ"

"ဖြန်း"

ဖြူစင် ကုဋ္ဌေရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက်၏။ ကုဋ္ဌေ နောက်သို့ ဆုတ်သွားပြီး ရှေ့ပြန်တိုးအလာမှာတော့ ဖြူစင် သူ့ပါးကို ရိုက်ချပစ်လိုက်မိတော့သည်။

"မ"

"အဟင့်"

" 'မ' 'မ' ကျွန်တော့်ပါးကိုရိုက်တယ်"

"------"

"ဒီထက်ပိုပြီး ရက်စက်ချင်သေးရင် ရတယ် 'မ'။ 'မ' ကျွန်တော့်ကိုသပ်လိုက်။ ကျွန်တော့်ကိုသတ်လိုက်ဗျာ။ ကုဋ္ဌေ ထက်သာ ဆိုတာ အရာရာမှာ မာနကြီးခဲ့တဲ့ကောင်။ 'မ'နဲ့ကျမှ ကျွန်တော့်မာနတွေ အရည်ပျော်ကျခဲ့တာ။ 'မ' ကျွန်တော့်ကိုသတ် လိုက်"

ကုဋ္ဌေ ပေါက်ကွဲလေပြီ၊ မကြည့်ရက် မမြင်ရက်ဘူး ကုဋ္ဌေ၊





ဒါပေမဲ့ –

"အဟင့်"

ဖြူစင် သူ့ရှေ့ကနေ ပြေးထွက်လာခဲ့တော့သည်။ မဖြစ်နိုင် တော့လို့ပါ မောင်ရယ်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဟင်"

နဖူးပြင်လေးနဲ့ ပါးပြင်တစ်ဖက်မှာ နွေးခနဲဖြစ်သွားတာကြောင့် ဖြူစင် မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။

"မောင်"

"ဟာ . . . 'မ' လန့်နိုးသွားတာလား။ ဆောရီးပါ မောင်က 'မ' ကို နိုးနမ်းတာပါ။ ဒီလောက်အအိပ်ဆတ်မယ် မထင်ဘူး"

"အအိပ်ဆတ်တာ မဟုတ်ပါဘူး မောင်ရဲ့။ မအိပ်သေးတာပါ"





"ဟုတ်လား။ အိပ်ရေးပေါ့ 'မ' ရဲ့။ တစ်နေကုန် ပင်ပန်းထားတာကို"

"အိပ်လို့မှ မပျော်တာ"

"ဘာတွေ တွေးနေလို့လဲ"

"ဒီလိုပါပဲ အရင်ကအကြောင်းတွေပေါ့"

"ဘာ"

ကုဋေ နှုတ်မှ 'ဘာ' ဆိုတဲ့အသံက မာမာထန်ထန်မို့ ဖြူစင် အိပ်ရာကနေ ထထိုင်လိုက်သည်။

"ဘာဖြစ်လို့လဲ မောင်"

"မဖြစ်ဘူး"

ဒါပဲပြောပြီး ကုဋေ ဖြူစင်အနားကနေ ထသွားလေတော့သည်။ ပြီးတော့ သူဘာသာ အဝတ်အစားလဲဖို့ ပြင်လေတော့ ဖြူစင် သူ့ဆီသို့ လျှောက်သွားပြီး သူ့အင်္ကျီ ကြယ်သီးကို ဖြုတ်ပေးလေလျှင်

"ရတယ်"

သူ ဖြူစင်လက်ကို ဖယ်ချပစ်လေသည်။ ဘာဖြစ်ရပြန်ပါလိမ့်။ သူ့စိတ်နဲ့တော့ခက်ပြီ။ ဖြူစင် ဘာအမှားလုပ်မိလို့လဲ။ ဘာပြောမိလို့လဲ။ သူ အဲဒီလို ဖြစ်သွားတော့ ဖြူစင်စိတ်ထဲမှာ နိုးလို့ခုလုနေပြီပါ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"-----"

"မောင် ဆို"

"ပြော"

"အဲဒါ ဘာဖြစ်တာလဲ"

ကုဋ္ဌေက ဘာမှပြန်မဖြေပေ။

" 'မ' မေးနေတယ်လေ။ ဂရုမစိုက်တော့လည်း ဂရုမစိုက်လို့၊ အခု ဂရုစိုက်ပေးတော့လည်း မကြိုက်။ မောင် ဘာဖြစ်နေတာလဲ။ ပွင့်ပွင့်လင်းလင်းပြောပါ"

"ဘာဖြစ်သွားတယ်လို့ မင်းထင်လဲ"

"မသိလို့ မေးနေတာပေါ့။ မောင်နော်၊ မောင့်မေမေက 'မ' ကို ကြည်ဖြူလို့ လက်ထပ်ပေးထားတာမဟုတ်ဘူး။ 'မ' က မောင့်တစ်မျက်နှာနဲ့ ဒီအိမ်မှာ လာနေရတာ"

"အဲဒီတော့ ဘာဖြစ်လဲ"

မေးရက်လိုက်တာလို့ ဖြူစင် ဝမ်းနည်းကာ မျက်ရည်ကဝေ့တက်လာသည်။ ချစ်တယ်ဆိုပြီး ဖြူစင် ဘာပဲပြောပြော ဘာပဲလုပ်လုပ် အပြစ်မြင်နေတော့မှာလား။ အခုလည်း ဖြူစင် ဘာမှ ထွေထွေ





ထူးထူး ပြောမိတာ မရှိပေ။ ဒါကို ဘာအလိုမကျဖြစ်ရပြန်တယ် မသိပါဘူး။ သူ မရှိတော့ တစ်ယောက်တည်းမို့ အတိတ်တွေကို ပြန်တွေးမိပြီး သတိရနေမိတာ။

အဲဒါအပြစ်လား။

ဖြူစင်လည်း သူ့ကို ဘာမှမပြောတော့ပေ။ မဂ်လာဝတ်စုံကို လဲလိုက်၏။ စောစောက မလဲဖြစ်သေးဘဲ အတွေးနယ်လွန်နေမိတာ။ အခုတော့ အပြစ်ဖြစ်ပြီပေါ့။

"မ"

"------"

"ခေါ်နေတယ်လေ"

"ကြားသားပဲ၊ ပြောပါလား"

"မောင် ဘာဖြစ်သွားတယ်ဆိုတာ 'မ' တကယ်မသိဘူးလား"

"မသိဘူး"

"ကျုတ် . . . တော်တော်တုံးတဲ့မိန်းမ"

"ဘာ"

ဖြူစင် ညဝတ်အင်္ကျီ ကြည်ပြာရောင်လေးကို လဲထားပြီးပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ ‘ဘာ’ ဆိုတဲ့အသံရဲ့နောက်မှာ သတို့သမီး ဝတ်စုံကို အိပ်ရာပေါ်သို့ ပစ်တင်လိုက်သည်။ ပြီးတော့ ကုမ္မေနဲ့ မျက်နှာချင်းဆိုင်လိုက်ပြီး–

“တုံ့နှုန်းသိရင် ဘာလို့ယူလဲ၊ ဟုတ်တယ် ‘မ’က ခပ်တုံးတုံး ခပ်အအမိန်းမ၊ ဘာမှမသိ နားမလည်တဲ့ မိန်းမ”

“ ‘မ’ ကျွန်တော်ပြောချင်တဲ့ ဆိုလိုရင်း၊ အဲဒါမဟုတ်ဘူး”

“ဒါဆို ဘာလဲ”

“ ‘မ’ အရင်က အကြောင်းတွေကို ပြန်တွေးနေတယ်ဆိုတာ ဟိုလူ့အကြောင်းတွေ မဟုတ်လား။ အဲဒါကို မကျေနပ်တာ။ မောင့်ရင်ခွင်ထဲ ရောက်နေပြီး သူများအကြောင်း တွေးတာ မောင် မကြိုက်ဘူး”

“ဟင်”

ဖြစ်မှဖြစ်ရလေလို့ပဲ ပြောလိုက်ချင်တော့သည်။ ငိုအားထက်ရယ်အားသန်ရမလား မပြောတတ်တော့ပါဘူး။ တစ်ဖက်လူ ဘာတွေးလဲဆိုတာကိုမသိဘဲ ပြောလိုက်ပုံက အတိအကျဆိုတော့ ကိုယ့်စိတ်ကို သူ ကွက်ကွက်ကွင်းကွင်း မြင်နေရသလို ပြောတာလေ။

ခက်တယ်။

ချစ်လို့ သဝန်တိုတာကို လက်ခံပါတယ်။ ဒါပေမဲ့ အလွန်





အကျွံဆိုရင် တစ်ဖက်သားကို မထိခိုက်ပေဘူးလား။

“မောင်”

“ပြော”

“မောင် သံသယမျက်မှန်ကြီးကို ချွတ်သင့်ပြီနော်။ အရင်က ချစ်လို့သဝန်တိုတာထားတော့။ ‘မ’ နားလည်ပေးလို့ရတယ်။ အခု ‘မ’ က မောင့်မိန်းမဖြစ်နေပြီ မောင်ရဲ့။ မောင် အဲဒီလိုပဲ ‘မ’ ကို သံသယမျက်လုံးနဲ့ ကြည့်နေတော့မှာလား”

“ဘယ်လို ‘မ’ ”။

“ဟုတ်တယ်၊ အရင်ကအကြောင်းဆိုတာ ‘မ’ နဲ့မောင် တွေ့ခဲ့ရာကနေ အခုအချိန်အထိ။ အဲဒီအချိန်နှစ်ခုကြားက အကြောင်းတွေကို တွေးနေတာ မောင်ရဲ့။ သိလား”

ကုမ္မေ ဖြူစင်ကို ဆင်ကြည့်ကြည့်လိုက်ပြီး –

“ကာလနှစ်ခုကြားဆိုကတည်းက ဟိုလူနဲ့ပတ်သက်ခဲ့တဲ့ အကြောင်းလည်း သေချာပေါက်ပါမှာ”

“မောင်”

“–––––”

“အဟင့်”



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုပဲပြောပြော မရလေတော့ ဖြူစင် ငိုပါလေတော့သည်။ သံသယဆိုတာ နုတ်ရခက်တဲ့ဆူးပါပဲ။ ဒီလိုပဲ သံသယမျက်လုံးနဲ့ အကြည့်ခံနေရမယ်ဆိုရင် သေတာကမှ ကောင်းသေး။ အိမ်ထောင်ရေးသာယာဖို့ဆိုတာလည်း မလွယ်ပေ။ စိတ်ညစ်ညစ်နှင့် ဖြူစင် ခုတင်စွန်းမှာဝင်ထိုင်ပြီး သူ့ကိုကျောပေးထားလိုက်သည်။

ပြီးတော့ –

တသိမ့်သိမ့် ရှိုက်ငိုလေတော့ –

"မ"

သူ ဖြူစင်နောက်ကျောကို ရောက်လာပြီး ခေါ်လေသည်။ ဖြူစင် လှည့်မကြည့်ပါဘူး။

" 'မ' တကယ်ပဲ မောင်တို့နှစ်ယောက်အကြောင်း တွေးနေတာလား။ ဟုတ်လား"

ဖြူစင် မဖြေ။

"မိန်းမ"

ကုဋေ ဖြူစင်နောက်မှာဝင်ထိုင်ပြီး နောက်ကနေ ဖြူစင်ကိုယ်လေးကို သိုင်းဖက်လိုက်သည်။ ပြီးတော့ ဖြူစင်ပခုံးပေါ်မှာ မေးတင်ထားလိုက်၏။ သူလွန်သွားသည်လေ။ ချစ်လို့ သဝန်တိုတာ





ပေမယ့် အတွေးက စလိုက်ပြီးမချုပ်ချယ်သင့်ပါဘူး။

ကိုယ့်စိတ်ကလည်း အခက်သား။

'မ' ကိုချစ်တဲ့စိတ်ကြောင့် ဘာတွေဖြစ်နေမှန်းကိုမသိတော့ပါဘူး။ 'မ' နဲ့ပတ်သက်လာရင် သွေးဆူလွယ်သည်။ အခုလို 'မ' ငိုတာမြင်ရပြန်တော့ စိတ်မကောင်းဖြစ်ရပြန်ရော။ ဒါကြောင့် ပြန်ချော့ရဦးမည်သာ။

"မိန်းမခဆို"

"–––––?"

"ချစ် ချစ်ဆုံး"

"မခေါ်နဲ့"

"ခေါ်မှာပဲ ချစ်ဆုံး"

"အဲအတိုင်းပဲ ဆုံးပြီသာမှတ်"

"ဘာ"

"အဟင့်"

"မိန်းမကလည်းကွာ။ မောင်က ချစ်လို့သဝန်တိုတာကို မိန်းမ မသိဘူးလား။ ရန်ဖြစ်လိုက် ပြန်ချစ်လိုက်က ပျော်စရာကောင်းတယ်။ အဲဒါမှ အချစ်က ပိုပြီးခိုင်မြဲတာတဲ့၊ မငိုနဲ့တော့နော်"



www.burmeseclassic.com

www.burmeseclassic.com



"______"

"မိန်းမ"

"_______"

"လိမ္မာပါတယ်ကွာ၊ မငိုနဲ့တော့နော်။ မောင့်ကို နားလည်ပေးပါ။ မောင် 'မ' ကို အရမ်းချစ်တယ်။ ချစ်လို့ မနည်းရအောင် ယူထားရတာ မသိဘူးလား"

"ဒါလား ချစ်တာ"

"စိတ်မကောက်နဲ့တော့ အာဘွားပေးမယ်"

"နောက် လူကို အပြစ်ရှာဦးမှာလား။ ပြော"

ကုဋေက နမ်းမည်လုပ်တော့ ဖြူစင်က သူ့ရင်ဘတ်ကို တွန်းရင်း မေးလေလျှင် –

"ချစ်က အပြစ်မရှိအောင်နေပေါ့။ မဟုတ်ဘူးလား"

"နေတာပဲလေ။ မောင်က အပြစ်မရှိဘဲ အပြစ်ရှာနေတာ"

"ဟား ... ဒီမိန်းမ တော်တော်စကားများပါလား။ အ, အမလေး မှတ်နေတာ မအဘူး"

"မောင်နော်"

"ဒီပါးစပ်ကို ပိတ်ပေးမှ ဖြစ်တော့မှာပါ။ လာခဲ့"





ဖြူစင့်ကိုယ်လေး ကုဋေ့ရင်ခွင်ထဲမှာ နစ်မြုပ်သွားလေတော့သည်။

ပြီးတော့ –

အလွမ်းရယ်

အနမ်းရယ်

ပေါင်းစည်းခြင်းဆုံမှတ်က ညကလေးကို ရင်ခုန်ကြည်နူးစေခဲ့သည်။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၄)

မိန်းမရပြီဆိုကတည်းက ကုရွှေ အရင်ကလို ကားတစ်စီးနဲ့ လျှောက်သွားပြီး လတ်လျားလတ်လျား အချိန်ဖြုန်းမနေတော့ပေ။ အိမ်ထောင်ဦးစီးဆိုတဲ့ တာဝန်ကျေဖို့ စီးပွားရေးလောကထဲမှာ ခြေဆန့်ပြီပေါ့။ မိခင်ဖြစ်သူကလည်း မဖြစ်ခင်က သဘောမတူလို့ တားခဲ့သည်လေ။

အခု –

မြစင်နဲ့လက်ထပ်ပြီးတော့လည်း သားဖြစ်သူ မျက်နှာမငယ်ရအောင် စိတ်မညစ်ရအောင် လိုအပ်သမျှ ဖြည့်ဆည်းပေးခဲ့သည်သာ။ သားနဲ့ပတ်သက်ပြီး တော်ရတဲ့ချွေးမကို ရင်းရင်းနှီးနှီး မနေ။ စကား





မပြောတာသာရှိတာ။ အခြား ဘာညာကွိကွိကွကွ မပြောတော့ပေ။

"မေမေ"

"ဟင်"

"မေမေ နေမကောင်းဘူးဆို"

"ဟုတ်တယ် သား။ မေမေ ဖော်ကြောတွေတက်ပြီး ခေါင်းထဲမှာ မရှင်းဘူးဖြစ်နေတာ"

"အဲဒါဆို အလုပ်မသွားနဲ့ မေမေ၊ ဆေးခန်းသွားလိုက်။ 'မ' လိုက်ပို့ပေးလိမ့်မယ်"

"ရပါတယ် သားရယ်"

"မရနဲ့ မေမေ။ အလုပ်မသွားနဲ့တော့။ မေမေ အနားယူသင့်နေပါပြီ။ သားတစ်ယောက်လုံး ရှိနေတာပဲ ဥစ္စာ။ မေမေ နားပါတော့။ ဒီနေ့ ဆေးခန်းသွားလိုက် နော်"

"ကဲပါ။ သား စိတ်ချမ်းသာအောင် မေမေ သွားလိုက်ပါ့မယ်"

မြစင် သူတို့သားအမိစကားပြောနေတဲ့ကြားမှာ ဘာတစ်ခွန်းမှ ဝင်မပြောပေ။ စားတာ၊ သောက်တာ အတူတူ စားကြသောက်ကြပေမယ့် ယောက္ခမနဲ့ ချွေးမကြား၊ ပြောစရာစကားလုံးက ရှားပါး၏။ ပြောစရာရှိရင် ဒီအတိုင်းပဲ ပြောလိုက်ကြပြီး–



www.burmeseclassic.com

www.burmeseclassic.com



ယောက္ခမက ချွေးမကို ဘယ်လိုမှ မခေါ်ပေ။ ချွေးမကလည်း ယောက္ခမကို အန်တီလည်း မခေါ် မေမေလည်းမခေါ်၊ ဘယ်လိုမှ မခေါ်ပေ။

"မ"

"ဟင်"

"မေမေ့ကို ဆေးခန်းလိုက်ပို့ပေးနိုင်မလား"

"လိုက်ပို့ပေးပါ့မယ် မောင်။ 'မ' မှာ အလုပ်မှမရှိတာ။ တစ်နေ့တစ်နေ့ အိမ်မှာ စာပဲရေးနေရတာ။ အပြင်ထွက်ရတော့ ကောင်းတာပေါ့"

"အဲဒါဆို မောင် စိတ်ချမယ်နော်"

"အင်းပါ ... မောင် စိတ်ချလက်ချသွားပါ။ 'မ' က မိဘမဲ့ပဲ လေ။ မောင့်မေမေက 'မ' မေမေပဲပေါ့။ 'မ' ဂရုစိုက်ပါ့မယ်"

ဖြူစင် စကားကြောင့် ကုဗ္ဗေရင်ထဲမှာ လှိုက်ခနဲဖြစ်သွားလေသည်။ ဟုတ်တာပေါ့ 'မ' မှာ မိဘမှမရှိတာ။ ဒီစကားကြားရတာ ဝမ်းသာစရာပါ။ မေမေ့မျက်နှာကို ကြည့်လိုက်တော့ နှုတ်ခမ်းက ပြုံးယောင်သမ်းနေသည်။

ဟူး။





အရင်က အဆင်မပြေမှုတွေကြောင့် အမေနဲ့ မိန်းမကြား ဘာတွေများ ဖြစ်ဦးမလဲလို့ စိတ်ပူခဲ့ရတာ။ အခုတော့ စိတ်အေးရပြီ ပေါ့လေ။

"ဒါဆို မောင် သွားတော့မယ်"

ဖြူစင် ခေါင်းညိတ်ပြီး ကုဗ္ဗေကို အိမ်ရှေ့အထိ လိုက်ပို့တော့ ဒေါ်ခင်မာညိုလည်း လိုက်ပါလာခဲ့သည်သာ။ အခုလိုကျပြန်တော့ လောကကြီးက သာယာလှပလို့နေပါရောလား။ ဒါ ကုဗ္ဗေလိုချင်ခဲ့တဲ့ မိသားစုရဲ့ နွေးထွေးမှုပဲလေ။

"မေမေ သားသွားတော့မယ်နော်၊ 'မ' မောင် သွားတော့ မယ်"

"အေးပါ၊ ကားကို ဖြည်းဖြည်းမောင်းနော် သား"

"ဟုတ်ကဲ့ မေမေ၊ သားအတွက် မစိုးရိမ်ပါနဲ့"

ပြောပြီး ကုဗ္ဗေကားပေါ်သို့တက်ပြီး မောင်းထွက်သွားလေ တော့သည်။ ဖြူစင်တို့ရပ်ကြည့်နေတုန်းမှာပဲ ခြံထဲသို့ ကားတစ်စီးဝင် လာပြီး ကားပေါ်က ဆင်းလာသူကတော့ သက်ထားချိုပါ။

"အန်တီ"

"ဟယ် ... သက်ထား"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ နေကောင်းရဲ့လား။ မရောက်တာကြာလို့ လာခဲ့တာ အန်တီရဲ့။ ဒါနဲ့ အန်တီပိန်သွားသလိုပဲနော်။ စိတ်ထောင်းလို့ ကိုယ်ကြေ ဖြစ်နေပြီနဲ့တူတယ်"

"ဟင်"

ဖြူစင် သက်ထားကို ဖျတ်ခနဲပဲကြည့်ပြီး ချက်ချင်းမျက်နှာ ပြန်လွှဲပစ်လိုက်သည်။ မြင်မြင်ချင်း ခေါက်နဲ့ထွင်းဆိုသလိုပါလား။ သူ့စကားက ဘာစကားလဲ။ ကုဋေနဲ့ဖြူစင် လက်ထပ်ပြီးကတည်းက ဒေါ်ခင်မာညို ခေါင်းထောင်မကိုက်ပေ။

ဒီနေ့မှသာ နေမကောင်းဘူးပြောသံကြားရတာ။ သက်ထား ပြောချင်တာက ဒေါ်ခင်မာညို စိတ်ဆင်းရဲနေရတဲ့သဘောပါ။ ဒေါ်ခင် မာညို ချွေးမဖြစ်သူကိုကြည့်ပြီး မျက်နှာမကောင်းတာမြင်ရတော့ စိတ် ထဲမှာ တစ်မျိုးပါပဲ။

ဒါကြောင့် –

လူကြီးဆိုတော့ ဖြေပြောပဲပြောလိုက်ရပါသည်။

"အန်တီ နေကောင်းပါတယ်ကွယ်။ ကျန်းမာရေးက အမြဲ ဒေါင်ဒေါင်မြည်နေတာ။ ဒီနေ့မှပဲ ဘာဖြစ်တယ်မသိပါဘူး"

"ဟင် . . . ဘာဖြစ်လို့လဲ အန်တီ"





"ခေါင်းကြောတက်ပြီး ခေါင်းထဲ မကောင်းလို့ပါ။ အဲဒါကြောင့် ဆေးခန်းသွားမလို့လေ"

"ဟုတ်လား အန်တီ၊ ဒါဆို ဆေးခန်းသွားမှာလား။ သက် ထားလိုက်ပို့ပေးမယ်လေ"

"နေပါစေ သက်ထား။ အန်တီ သမီးနဲ့သွားမှာပါ။ သားက သမီးနဲ့သွားဖို့မှာသွားလို့ပါ။ သက်ထားလည်း အလုပ်ပိုနေပါ့မယ်"

အမလေး။ လျှာယားလိုက်တာ။ သက်ထားရှေ့မှာမို့လို့ သမီး လို့ ခေါ်လိုက်တာ။ ခေါ်ဖူးတာမရှိတော့ စိတ်မလုံပေ။ ဒါကြောင့် ဖြူစင့်ကို ခိုးကြည့်လိုက်တော့ ဖြူစင်ကလည်း သူမကို အံ့ဩသလို လေး ကြည့်နေသည်။ အို ဘာရှက်စရာရှိလဲ။ ကိုယ့်သားရဲ့ဇနီးကျ ကိုယ့်သမီးပဲပေါ့။

ကိုယ့်ချွေးမ ကိုယ်ခေါ်တာပဲဟာ။ သက်ထားရှေ့မှာ အဆင် မပြေတဲ့ပုံစံမျိုး ရှိမနေချင်ပါဘူး။

"ဪ . . . သမီးတဲ့လား"

"စကားပြောနေတာ မတ်တတ်ကြီးကွယ်။ လာ အိမ်ထဲဝင်ရ အောင် သက်ထား"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲဝင်ပြီး ထိုင်မိကြတော့ –

“မေမေ”

“_____”

“မေမေ”

“ဟင်”

သူက သမီးဆိုတော့ ဖြူစင်လည်း မေမေလို့ အရဲစွန့်ပြီး ခေါ်လိုက်သည်။ ဒေါ်ခင်မာညိုက လှည့်ကြည့်လေလျှင် –

“မေမေ အဝတ်လဲဦးမလား။ သမီး အဝတ်သွားလဲလိုက်ဦး မယ်နော်”

“အေး ... အေး။ သမီးသွားလဲလေ။ မေမေက လူကြီးပဲ၊ အဝတ်မလဲတော့ပါဘူးကွယ်။ နေလည်းမကောင်းတော့ ဒီအတိုင်းပဲ လိုက်ခဲ့တော့မယ်”

“ဟုတ်ကဲ့”

ဖြူစင်ထွက်သွားတော့ ဒေါ်ခင်မာညို လိုက်ကြည့်နေမိသည်။ မထင်မှတ်တဲ့ အခေါ်အပြော အဆင်ပြေသွားတာ သက်ထားကြောင့်လို့ ပြောရမလား။ သက်ထားကိုပင် ကျေးဇူးတင်ရမလိုလိုပါ။ အရင်တာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ အခုက မခေါ်ချင်လို့သာရမယ် မတော်ချင်လို့





မရတော့ပဲလေ။

“အဟွန်း”

“ဟင်”

“အန်တီက သမီးသာခေါ်တယ်၊ မသိရင် ညီအစ်မအတိုင်းပဲ။ အသက်လည်း သိပ်ကွာမယ် မထင်ဘူးနော်”

“ဒါတော့ကွယ် ... ကိုယ့်သားနဲ့ပတ်သက်ပြီး ကိုယ့်သမီးဖြစ် နေပြီဆိုတော့ အသက်တွေ တွက်ချက်ပြီး ခွဲခြားနေဖို့မှ မလိုတော့တာ”

“အန်တီလည်း ဆေးမိသွားပြီထင်တယ်”

“ဘယ်လိုကွဲ့”

သက်ထားက မဲ့ပြုံးပြုံးကာ –

“အရင်က ခါးသလောက်၊ အခု အရမ်းချိုနေလို့ပါ”

“ဒါကတော့”

“ဖြူစင်ဆီမှာ ဆေးကောင်းဝါးကောင်းလေးတောင်းဦးမှ ထင်ပါတယ်။ လူတွေကို ဘယ်လိုညို့ယူ ဖမ်းစားတတ်သလဲဆိုတဲ့ နည်းလမ်းလည်း အလင်းပြနိုင်းရမယ်”

“သက်ထား”

“ရှင်”



www.burmeseclassic.com

www.burmeseclassic.com



"သက်ထားစကားက မြူစင်သိက္ခာကို အရှမ်းထိခိုက်နေပြီနော်"

"ဟုတ်လား။ အဲဒီသဘော သက်ရောက်သွားလား အန်တီ။ သက်ထား မရည်ရွယ်ပါဘူး။ စိတ်ထဲရှိတာကို ပြောလိုက်မိတာပါ။ အန်တီပြောင်းလဲသွားတာကို အံ့ဩတာလည်း ပါတာပေါ့"

ဒေါ်ခင်မာညို့မျက်နှာ တင်းခံနေဖြစ်သွားလေသည်။ အရင်က သက်ထားနဲ့ သားကို သဘောတူခဲ့တာမှန်ပါတယ်။ ဒါပေမဲ့ အခု သားနဲ့ ပေါင်းနေတာက မြူစင်ပဲလေ။ ဘာပဲဖြစ်ဖြစ်လက်ရှိ တော်စပ်နေသူကိုပဲ သူမ ကာကွယ်ပေးရမှာပေါ့။

"မပြောင်းလဲလို့မှမရဘဲ သက်ထားရဲ့။ လက်ရှိမှာ မြူစင်က အန်တီ့ချွေးမ။ သဘောမတူဘူးဆိုပြီး ခွဲရလောက်အောင် အန်တီ မရက်စက်တတ်ဘူး။ ဒါ အန်တီကိုယ်တိုင် လင်ပစ်ခံရလို့ ကိုယ်ချင်းစာတာလည်းပါတယ်။ အန်တီ့စကားလုံးကြမ်းသွားတဲ့အတွက်တော့ ခွင့်လွှတ်ပါ" ခေတ္တရိုးပါ''

"သြော် သြော် ... ရပါတယ်အန်တီ။ တောင်းပန်စရာမလိုပါဘူး။ သက်ထားက အန်တီ ဒီလောက်အပြောင်းအလဲ မြန်လိမ့်မယ် မထင်လို့ လာခဲ့မိတာပါ။ အခုစိတ်ခါတ်ကိုသိရတော့ တော်ပါပြီ"





"ဘယ်လို"

"အဟွန်း ... မိဖုရားဖြစ်မယ့်ဇာတာပါတဲ့လူကို သူတောင်းစားက ကန့်ထုတ်တာခံရတာ မဆန်းပါဘူး"

"သက်ထား"

"သွားလိုက်ပါဦးမယ် ဒေါ်ခင်မာညို"

"တောက်"

ဒေါ်ခင်မာညို ဒေါသဖြစ်၍ ကျန်ခဲ့တော့သည်။ ကိုယ် အထင်ကြီး ဦးစားပေးခဲ့တဲ့ မိန်းကလေးက အခုကိုယ့်ကို ပြောသွားလိုက်တာ ကြည့်စမ်း။ မိုက်မိုက်ရိုင်းရိုင်းပါပဲ။

ဟွန်း။

ဒီလောက်မိုက်ရိုင်းလိမ့်မယ်လို့ ထင်ကိုမထားတာ။

*

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

"မေမေ"

"ဟင်"

"သမီး ဝင်လာခဲ့မယ်နော်"

"အေး အေး . . . ဝင်လာခဲ့"

ရေဖန်ခွက်ကို လင်ဗန်းထဲထည့်လာသည်ဆိုကတည်းက ကိုယ့်ကို ဆေးလာတိုက်သည်ဆိုတာကို ဒေါ်ခင်မာညိုသိပါသည်။ ဩော် အရင်တုန်းကတော့ သဘောမတူလို့ ပက်ပက်စက်စက် ပြောခဲ့ပြီး အခု ဒီချွေးမလိမ္မာမှန်းသိတော့ ချစ်စိတ်ဝင်ခဲ့သည်သာ။

သူ့ခမျာ –





စာရေးတစ်ဖက်နဲ့ ကိုယ့်ကိုလည်းပြုစု၊ အိမ်မှုကိစ္စတွေလည်း ဝင်ပါ။ တစ်ခါတလေ သနားမိတာအမှန်ပါ။ သက်ထားနဲ့ဆိုရင် ကိုယ့်သားချမ်းသာသည့်ထက် ချမ်းသာမှာလေ။ ဒါပေမဲ့ စိတ်ချမ်းသာမှာတော့ မဟုတ်ပါဘူး။

"ဆေးသောက်ရအောင် မေမေ"

"သမီးရယ် . . . သမီးလည်း ပင်ပန်းနေပါပြီ။ မေမေ့အခုပဲ ဆင်းလာတော့မလို့ဟာ။ ဆေးသောက်တာ မေမေ့ဘာသာသောက်ပါ့မယ်။ သမီးက စာရေးတစ်ဖက်နဲ့ နားပါဦးလား"

"ရပါတယ် မေမေ၊ သမီးမပင်ပန်းပါဘူး။ လူပင်ပန်းတာထက် စိတ်ပင်ပန်းတာကိုသာ မခံနိုင်တာ။ အခုလို မေမေနဲ့ နားလည်မှုရှိပြီး ပြုစုခွင့်ရတာကိုပဲ သမီးက ဝမ်းသာနေတာပါ"

"ဩော် . . . သမီးရယ်"

"ဆေးသောက်လိုက်ပါဦး မေမေ"

"အေး အေး"

ဒေါ်ခင်မာညို ရေဖန်ခွက်ကိုယူပြီး ဆေးသောက်နေစဉ်–

"မြူစင်"

"–––––"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်"

"ရှင် ဒေါ်စီ"

"ညွှန့်သည်ရောက်နေတယ်ကွဲ့။ ဖြူစင်နဲ့တွေ့ချင်လို့တဲ့"

"ဟုတ်လား။ ဘယ်သူတဲ့လဲ ဒေါ်စီ'

"ဝေယံစိုးတဲ့ ဖြူစင်။ ဖြူစင်စာအုပ် ဒီလစထုတ်လို့ လာပို့တာတဲ့"

"ဟင် . . . ဟုတ်လား"

ဖြူစင့်မျက်နှာလေး ဝင်းပသွားလေသည်။ ကိုယ့်စာမူလေးတွေကို ပထမဦးဆုံး ပုံနှိပ်စာလုံးနဲ့မြင်ခွင့်ရတုန်းက မျက်ရည်ကျတဲ့အထိ ဖြူစင်ဝမ်းသာခဲ့ဖူးပါသည်။ အခုလည်း ကိုယ့်စာမူကို လုံးချင်းအဖြစ် မြင်ခွင့်ရတော့မှာမို့ ရင်ထဲမှာ ဝမ်းသာမှုကြောင့် လှိုက်တက်လာသည်အထိပါ။

"မေမေ"

"ဟင်"

"သမီးစာအုပ် လုံးချင်းထွက်ပြီတဲ့ မေမေရဲ့"

"အေး . . . ဝမ်းသာပါတယ်ကွယ်။ မေမေပါ လိုက်မယ်လေ။ ညွှန့်သည်ကိုသွားတွေ့ရအောင်"





"ဟုတ်ကဲ့ မေမေ"

ဖြူစင်နဲ့ ဒေါ်ခင်မဲ့ညို အောက်ထပ်သို့ ဆင်းလာခဲ့ကြသည်။ ကိုဝေယံကိုယ်တိုင်လာရတဲ့အတွက်တော့ ဖြူစင် အားနာမိတာ အမှန်ပါပဲ။ ဖုန်းဆက်ပြောဖို့ကျတော့ သူ့ခမျာ အခွင့်မပြောဘူးလေ။ ကုမ္ဘေက ဖြူစင်ဖုန်းကို ဆင်းကာတ်အတိအကျ မထားဘဲ ခဏခဏ ပြောင်းပစ်သည်ဆိုတော့ ဆက်သွယ်လို့မရဘူးပေါ့။

ကုမ္ဘေက အဲဒီလိုလေ။

ဖြူစင်ကို ချစ်လွန်းတော့ သူ့မှာ အခုထိ စိတ်မချနိုင်ဘူးဖြစ်နေတာပေါ့။

"ကိုဝေယံ"

"ဖြူစင်"

"ဖြူစင် စာအုပ်ထွက်ပြီဆို ဟုတ်လား"

"ဟုတ်တယ် ဖြူစင်၊ ဖြူစင့်ကို ဖုန်းဆက်မရတာနဲ့ ကိုယ်တိုင်ပဲလာခဲ့ရတာ။ ဒီမှာလေ စာအုပ်တွေ"

ကိုဝေယံက သူ့ရှေ့မှာချထားတဲ့အထုပ်ကို ရှေ့တိုးပေးလေသည်။ ဖြူစင် အငမ်းမရဘဲ အထုပ်ကိုဖွင့်ပြီး စာအုပ်တစ်အုပ်ကို ယူလိုက်ကာ –



www.burmeseclassic.com

www.burmeseclassic.com



"ဟယ် ... မျက်နှာဖုံးဒီဇိုင်းလေးက ချစ်စရာကောင်းလိုက်တာ။ ဖန်ခွက်ကလေးဆိုတော့ ဆွဲဆောင်မှုတစ်မျိုးပေါ့နော်"

"ဟုတ်တယ် မြူစင်။ စာအုပ်တစ်အုပ်၊ အဲ့ အချစ်ဝတ္ထုတွေက ခေါင်းစဉ်ဆွဲဆောင်မှု လိုသလို မျက်နှာဖုံးဒီဇိုင်းကလည်း ဆွဲဆောင်မှု ရှိမှ ပိုပြီး စိတ်ဝင်စားကြတာလေ"

"အင်း ... ဟုတ်တာပေါ့"

"ခဏလောက်"

ဒေါ်ခင်မာညို စာအုပ်ကို လက်ကမ်းပြီး တောင်းလေတော့ မြူစင် တစ်အုပ်ယူပြီးပေးလိုက်လေသည်။ ဒေါ်ခင်မာညို စာအုပ်ကို ဟိုလှန်ကြည့် ဒီလှန်ကြည့်လုပ်ပြီး နောက်တော့ ငြိမ်သက်စွာနှင့် စာဖတ်နေလေလျှင် –

"ကိုဝေယံကိုယ်တိုင် အိမ်တိုင်ရာရောက်လာပို့ရတာ အားနာလိုက်တာရှင်"

"ရပါတယ် မြူစင်ရဲ့၊ အပန်းကြီးတာမှမဟုတ်တာ။ စာအုပ်ထွက်ပြီဆိုတာနဲ့ စာရေးတဲ့သူက သူ့ပုံနှိပ်စာအုပ်လေး မြင်ချင် ပိုင်ချင်ကြတာ စာရေးဆရာတိုင်းရဲ့ ဆန္ဒပါ။ ကျွန်တော် နားလည်ပါတယ်"

"ကျေးဇူးတင်ပါတယ် ကိုဝေယံ၊ ခဏနော် ကိုဝေယံ အပူ



သောက်မလား၊ အအေးသောက်မလား"

"ဟာ ဘာမှ မလုပ်နဲ့မြူစင်၊ ကျွန်တော် ဗိုက်ပြည့်နေလို့ပါ"

"ကိုဝေယံကလည်း တစ်ခုခုလေးတော့ သောက်ပါ။ မဟုတ်ရင် မြူစင်ဘက်က ဧည့်ဝတ်မကျေသလို ခံစားရလို့ပါ"

"ဟား စာရေးဆရာမကတော့ လုပ်ပြီ။ စကားလုံးနဲ့ ချုပ်တော့တာပဲ။ တကယ်ဗိုက်ပြည့်နေလို့ပါ မြူစင်ရဲ့။ စိတ်ထဲမှာ ဘာမှ မထားပါနဲ့"

"ကဲ ဟုတ်ပါပြီရှင်"

မြူစင် ကိုယ့်ရဲ့ ပထမဆုံးထွက်တဲ့ လုံးချင်းဝတ္ထုစာအုပ်လေးကို ကြည့်မဝနိုင်ရှိနေစဉ် ဝေယံက အတက်ချိုချိုကော့စ်လေးရဲ့ သေတ္တာခလုတ်ကို နှိပ်ပြီးဖွင့်လိုက်ကာ ပိုက်ဆံတွေကို ထုတ်ယူလိုက်သည်။

"မြူစင်"

"ရှင်"

"ရော့ မြူစင်၊ ဒီငွေသုံးသိန်းကို မြူစင်ရဲ့ ပထမဦးဆုံး ခြေလှမ်းအတွက်ပေးတဲ့ စာမူခပါ။ အခု မြူစင်အပ်ထားတဲ့ ငါးအုပ်အတွက်တော့ တစ်အုပ် သုံးသိန်းစီပဲ ကိုယ်ပေးနိုင်ဦးမယ်။ ဒါလည်း အောင်မြင်မယ်လို့ ယုံကြည်ထားလို့ ပေးတာပါ။ နောက် စာအုပ်တွေ



www.burmeseclassic.com

www.burmeseclassic.com



အတွက်တော့ အဆင်ပြေရင် ပြောသလို ကျွန်တော် ဈေးတိုးပေးပါ့မယ်"

"ရပါတယ်ကိုဝေယံ၊ စာမူခက ဖြူစင်အတွက် အရေးမကြီးပါဘူးရှင်၊ အခုလို ကိုဝေယံ စင်တင်ပေးတဲ့အတွက် ဖြူစင်က ကျေးဇူးတင်ရမှာပါ"

ဖြူစင် ဝမ်းသာလွန်းလို့ မျက်ရည်တွေ ဝဲလာလေတော့သည်။ အောင်မြင်ခြင်း မအောင်မြင်ခြင်းကတော့ ကံပဲပေါ့။ အခုဆိုတော့ ပြောလို့မရသေးဘူးလေ။ ဒါပေမဲ့ ဖြူစင် ဒီထက် ကြိုးစားသွားမှာပါ။ စာရေးခွင့်ရနေရင် ဖြူစင်က ပျော်နေတတ်သူမို့ အိပ်မက်တွေ အကောင်အထည်ဖော်နိုင်ခြင်းသည် –

သူမအတွက်

ဘုရားပေးတဲ့ ဆုလာဘ်ပါပဲ။ ပျော်လိုက်တာ။

"ဖြူစင် ထပ်ရေးနေတယ် မဟုတ်လား"

"ဟုတ်ကဲ့ ရေးနေပါတယ် ကိုဝေယံ။ ဖြူစင် တတ်နိုင်သလောက် ကြိုးစားသွားမှာပါ"

"ဖြူစင်"

"ရှင်"





"တစ်လ တစ်အုပ် ပုံမှန်ထုတ်နိုင်အောင်တော့ ကြိုးစားပေးပါနော်။ ဖြူစင် စာအုပ်တွေ အောင်မြင်မယ်လို့ ယုံကြည်လို့ ကျွန်တော် တိုက်တွန်းတာပါ"

"ဟုတ်ကဲ့ပါ ကိုဝေယံ၊ အဲဒီအတွက် စိတ်ချပါ။ ဖြူစင် ကြိုးစားပါ့မယ်"

ဝေယံ ခေါင်းညိတ်လိုက်ပြီး –

"ကဲ ... ဒါဆို ကျွန်တော့်ကိုခွင့်ပြုပါဦး ဖြူစင်၊ အောင်မြင်ပါစေလို့ ဆုတောင်းပေးပါတယ်ဗျာ"

"ကျေးဇူးပါ ကိုဝေယံ"

"သမီး"

"ရှင်"

"ညီမသည်ကို လိုက်ပို့လိုက်ဦးလေ"

"ဟုတ်ကဲ့ပါ မေမေ"

ယောက္ခမခွင့်ပြုချက်ဖြင့် ဖြူစင် ကိုဝေယံကို ကားနားအထိ လိုက်ပို့လိုက်လေသည်။ ကြော် အခုတော့လည်း သူစိမ်းတွေပါပဲလား။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

ကုရွှေ သူ့ ခြံထဲကို ကားကွေ့ဝင်ကာနီး ခြံထဲကနေ ထွက်လာတဲ့ ကားတစ်စီးကြောင့် ကိုယ့်ကားကို စက်ရှိန်သတ်၍ ရပ်ပေးလိုက်သည်။ ဘယ်သူများပါလိမ့်။ ကိုယ်က အိမ်ရှင်မို့ ဧည့်သည်ကားကို ဦးစားပေးလိုက်တာပါ။ ထိုကားကလည်း ကုရွှေကားနားသို့ အရောက်မှာ ရပ်သွားလေသည်။

ဟိုဘက်ကားနဲ့ ဒီဘက်ကား

ခေါင်းပြူကြည့်လို့ရတဲ့အနေအထားမှာ ဟိုဘက်က ပြူကြည့်လာတဲ့ မျက်နှာက –

"ကုရွှေ"





"ဟင်"

"ပြန်လာပြီလား။ အစ်ကိုတောင် အခုမှ မင်းတို့အိမ်က ပြန်လာတာကွ။ ဒီလ ဖြူစင်လုံးချင်းစာအုပ် စထုတ်တယ်လေ၊ အဲဒါ လာပို့တာ"

"ကျေးဇူး ခင်ဗျားကို"

တစ်ဖက်လူက ရှည်လျားသောစကားတွေနဲ့ နှုတ်ဆက်ပေမယ့် ကုရွှေက တိုတိုပြတ်ပြတ်ပြောပြီး မောင်းထွက်လာခဲ့တော့သည်။ အိမ်ကိုရောက်လို့ ကားပေါ်ကဆင်းပြီးတာနှင့် –

"မ"

"––––"

"မ"

"ဟော . . . မောင်ပြန်လာပြီ"

"မင်း လာစမ်း"

"ဟဲ့ ဟဲ့ သား . . . ဘယ်လိုဖြစ်လာတာလဲ"

ဒေါ်ခင်မာညို တားချိန်ပင်မရလိုက်ပေ။ ကုရွှေက ဖြူစင်လက်ကိုအတင်းဆွဲပြီး ခေါ်သွားတာ။ လိုက်သွားတဲ့သူမှာ ခြေချင်းခလုတ်တိုက်လုမတတ်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"——————"

"မောင် လွှတ်ပါဦး။ ဘယ်လိုဖြစ်လာတာလဲ"

"———————"

"မောင်"

မြူစင် ခေါ်တာ ပြောတာကို ကုရှေက မကြားသည့်အလား နှယ် လုံးဝ ဂရုမစိုက်ပေ။ မြူစင်ကို ဆွဲခေါ်ဆဲ ခေါ်မြဲပါပဲ။ အိပ်ခန်းထဲ ကိုရောက်မှ မြူစင့်ကိုယ်လေးကို တွန်းပစ်လိုက်တာ။ မြူစင် ခုတင်ထက် မှာ ဖင်ထိုင်ကျသွားလေတော့သည်။

"မင်း အဲဒါ ဘာအချိုးချိုးတာလဲ 'မ'။ ပြောစမ်း။ မင်း ဘာလုပ်တာလဲ။ ငါ့ကို သောက်ဂရုမစိုက်တဲ့ သဘောလား 'မ'။ ပြောစမ်းပါ"

"မောင် မောင် ဘာဖြစ်လာတာလဲ။ 'မ' ဘာမှ နားမလည် ဘူး။ 'မ' ဘာလုပ်လို့လဲ"

"ဘာ"

ကုရှေ့အကြည့်တွေက စူးစူးရဲရဲနှင့်၊ မသိရင် မြူစင်ကို စား တော့ ဝါးတော့မတတ် ပုံစံမျိုးပါ။ ဝေယံစိုးကို တွေ့လိုက်ရတာ သူ့





နှလုံးသားကို တစ်ခြမ်းဖဲ့ယူသွားသလို ခံစားရတာလေ။ တစ်ချိန်က မြူစင်နဲ့ မရိုးသားစွာ ပတ်သက်ခဲ့ဖူးသူမို့ အသံလည်းမကြားချင်၊ မျက်နှာလည်း မမြင်ချင်ပေ။ ဒါ မှန်သောသစ္စာစကားပါပဲ။

" 'မ' ဘာလုပ်လို့လဲ၊ ဟုတ်လား 'မ' "။

"ဟုတ်တယ်လေ၊ မောင် ဒီလောက် ဒေါသထွက်နေရ အောင် 'မ' ဘာလုပ်မိလို့လဲ"

"တောက် ပြောလိုက်ရ မကောင်းရှိရော့မယ်။ ကိုလှ ကိုယ့် အိမ်လိုက်လာတဲ့အထိ ကျွန်တော် သဘောထားကြီးမပေးနိုင်ဘူး ဒေါ် မြူစင်ကြယ်။ ပတ်သက်ခဲ့ဖူးတာ သာမန်မိတ်ဆွေအဆင့် မဟုတ်လို့ နားလည်မပေးနိုင်ဘူး။ အဲဒါ ရှင်းရှင်းပဲပြောတာ"

"မောင်"

"တောက်"

"အရင်က ဘာပဲဖြစ်ခဲ့ ဖြစ်ခဲ့။ အခု 'မ' က မောင့်မိန်းမ ဖြစ်နေပြီလေ။ မောင် ဒီလောက်အထိ သဘောထားမသေးသိမ်သင့် ဘူး ထင်တယ်"

"ဘာကွ"

ကုရှေ့ ချက်ချင်းပဲ မြူစင်အနားသို့ ရောက်သွားကာ မြူစင့်



www.burmeseclassic.com

www.burmeseclassic.com



ပခုံးနှစ်ဖက်ကို တင်းနေအောင်ဆုပ်ပြီး ခါယမ်းပစ်လေသည်။

"ဖြူစင်ကြယ် . . . မင်း ဘာပြောလိုက်တာလဲ။ ပြန်ဖြေစမ်း အဲဒီစကားကို"

"ဟုတ်တယ်လေ၊ အခု ကိုဝေယံလာတာ စာအုပ်ကိစ္စ အတွက် ရိုးရိုးသားသားပဲ။ မေမေလည်းရှိတယ်၊ မယုံရင်မေးကြည့်။ ဒီလ 'မ' စာအုပ်ထုတ်လို့ လာပို့တာ။ မောင် ဒီလောက်ကလေး တောင် နားလည်မပေးနိုင်ဘူးလား"

"နားလည်မပေးနိုင်ဘူးကွာ။ မင်းနဲ့ပတ်သက်လာရင် ငါက လူကြမ်းပဲ။ အဲဒီကောင်မျက်နှာကို ငါ မမြင်ချင်ဘူး။ နောက်ထပ် မင်း ပတ်သက်ရဲ ပတ်သက်ကြည့်"

"မပတ်သက်လို့မှမရတဲ့"

"ဖြူစင်ကြယ်"

ဖြူစင် သူ့ကို သူလိုပဲ စူးစူးရဲရဲ ပြန်ကြည့်ပစ်လိုက်သည်။ ချစ်တယ်ဆိုပြီး နားလည်မပေးနိုင်တဲ့လူ။ နေရာတကာ သူ့အတ္တ၊ သူ့မာနတွေနဲ့ ဖြူစင့်အပေါ် အနိုင်ယူချင်နေတာ။ ဒါလား ချစ်တာ။ ဒီလိုချစ်နည်းမျိုးနဲ့တော့ ဖြူစင် အချစ်မခံချင်တော့ပါဘူး။

နားလည်မှုမရှိတဲ့လူကို –





တန်ပြန်သက်ရောက်မှုတွေ ပေးချင်သည်။ ဒါ သူ့ကို မချစ်လို့ မဟုတ်ပါဘူး။ ချစ်ပေမယ့် သူခတ်တဲ့သောင်တွေကို ဖြူစင်မှ မကြိုက်ပဲ လေ။ ဖြူစင် နားလည်ထားတဲ့အချစ်က တစ်ယောက်ကိုတစ်ယောက် နားလည်ပေးပြီး ယုံကြည်မှုရှိဖို့ပါပဲ။

အခုတော့ –

အချစ်ရဲ့ကြားမှာ သူ့လုပ်ရပ်တွေကြောင့် နာကျင်မှုတွေ သွား ကြားညှပ်လာပြီလေ။

"မင်း ဒီနေ့ကစပြီး လုံးဝ စာမရေးရဘူး။ မင်း စာရေးနေရင် ဒီကောင်နဲ့ပတ်သက်နေဦးမှာပဲ။ အဲဒါကြောင့် မင်း လုံးဝ စာမရေးရ ဘူး"

"ရေးမှာပဲ"

"မရေးရဘူး"

"ရေးမှာပဲ။ နင် ငါ့ဝါသနာကို မတားနဲ့ ကုဋေ၊ နင့်အတ္တတွေ နဲ့ ငါ့ကို သောင်မခတ်နဲ့။ ငါက ဆေးရောင်စုံခြယ်ထားတဲ့ ပန်းချီကား ချပ်မဟုတ်ဘူး။ ဘယ်သူ့ကိုမှလည်း မပုတ်ခတ်နဲ့။ ငါ ဝါသနာပါတဲ့ အလုပ်ကို ငါ ဆက်လုပ်နေမှာပဲ"

"မင်း အဲဒီစာကို တော်တော်ရေးချင်နေလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်"

"မရေးရဘူးလို့ ငါပြောထားပြီးပြီနော်။ တမရေးရတော့ မင်း ငတ်သေသွားမှာမို့လို့လား။ ရေးစရာမလိုဘူး။ မင်းရမယ့်စာမူခကို ငါ ပို့ရှာမယ်"

ဖြူစင်ရင်ထဲမှာ ဆစ်ခနဲ နာကျင်သွားလေသည်။ ဒါ စာပေ ကို အထင်သေးတာ။ ကိုယ့်ဝါသနာနဲ့ကိုယ် အလေးထားမှုကို စော်ကား လိုက်တာပါပဲ။ သူပြောတဲ့စကားက ဓားသွားလိုပါ။ ကိုယ့်ရင်ဘတ်ကို ထုတ်ချင်းပေါက် သွားသလို နာကျင်စေပါသည်။

"ငါ စာရေးတာ စီးပွားရေးကြောင့် မဟုတ်ဘူး ကုရွှေ။ ငွေလိုချင်လို့ ရေးနေတာ မဟုတ်ဘူး။ စာရေးပြီးစီးပွားရှာချင်တာ မဟုတ်ဘူး။ စာပေကိုချစ်လို့ မြတ်နိုးလို့ လေးစားလို့ မရေးရ မနေနိုင် လို့ ရေးတာ ရှင်းလား"

"ဪ . . . ဟော၊ မင်းက အဲဒီစာပေကို ငါ့ထက် ချစ်မြတ်နိုး ပြီး လေးစားတယ်ပေါ့လေ။ ဟုတ်လား ဖြူစင်ကြယ်"

"ဟုတ်တယ်"

"တောက် . . . ဒီလောက်တောင်ရေးချင်တာ၊ ကဲကွာ"

"မြန်း"



"အား"

"သား"

"------"

"သား မလုပ်နဲ့၊ မင်း လွန်မယ်နော်"

ဖြူစင်ကို အတင်းဆွဲခေါ်သွားကတည်းက ပြဿနာဖြစ်တော့ မယ်ဆိုတာသိလို့ ဒေါ်ခင်မာညို လိုက်လာခဲ့တာပါ။ ဒီရောက်တော့ ထင်တဲ့အတိုင်းပါပဲ။ မြင်လိုက်ရတဲ့မြင်ကွင်းကြောင့် ဒေါ်ခင်မာညို မျက်လုံးထဲ ပြာသွားလေသည်။ ဒါကြောင့် သားကို အတင်းပြေးဆွဲပြီး နှစ်ယောက်ကြားမှာ ရပ်လိုက်ကာ –

"မင်း ဘာလုပ်တာလဲ ကုရွှေ၊ ပါးရိုက်ရအောင် ဖြူစင်က ဘာအပြစ်လုပ်လို့လဲ ပြောစမ်း"

"အလကား သစ္စာမရှိတဲ့မိန်းမ။ ငါ့အချစ်နဲ့ မတန်တဲ့မိန်းမ"

"ကုရွှေ"

ဒေါ်ခင်မာညို သားဖြစ်သူရဲ့ရင်ဘတ်ကို ဆောင့်တွန်းပစ်လိုက် သည်။ တစ်ဖက်သားမှာ အပြစ်မရှိဘဲ ရိုက်တော့ မခံနိုင်။ သူမ မောက်မာတတ်တာမှန်ပေမယ့် ဒီလိုမတရားလုပ်တာကျတော့ သူလူ ကိုယ့်လူ ရွေးမနေချင်ပေ။ မှန်ရာဘက်ကပဲ ရပ်တည်ရမှာပေါ့။

www.burmeseclassic.com

www.burmeseclassic.com



"သစ္စာမရှိတဲ့မိန်းမ ဆိုရအောင် ဖြူစင်က ဘယ်သူနဲ့ ဖောက်ပြန်နေလို့လဲ"

"ဟိုကောင် . . . အိမ်အထိရောက်လာတာ မေမေ မတွေ့ဘူးလား"

"ရောက်လာတာ စာအုပ်ကိစ္စအတွက်လေ။ ပြီးတော့ သူတို့နှစ်ယောက်တည်း စကားပြောနေတာလည်း မဟုတ်ဘူး။ ငါ တစ်ယောက်လုံး ငုတ်တုတ်ကြီးရှိနေတာ"

"မသိဘူး မေမေရာ။ အဲဒီကောင်နဲ့ လုံးဝပတ်သက်တာ မမြင်ချင်ဘူး"

ဒေါ်ခင်မာညို သားကို မျက်စောင်းထိုးပြီး ဖြူစင်ဆီသို့ သွားလိုက်သည်။ ပြီး ဖြူစင့်ပခုံးလေးကို ဖက်ပြီး –

"သမီး"

"အဟင့်"

"ဒီမှာကရွှေ"

ဒေါ်ခင်မာညို သားကိုပြန်လှည့်ကြည့်ပြီး မာဆတ်ဆတ်အသံနှင့် ခေါ်လိုက်ကာ –

"မေမေ့မှာလည်း အတ္တတွေ၊ မာနတွေနဲ့ပါ။ သားအတွက်





မိခင်တစ်ယောက်ရဲ့ အတ္တနဲ့ ဖြူစင့်အပေါ် ရင့်ရင့်သီးသီး မေမေ ဆက်ဆံခဲ့ဖူးတယ်။ ဖြူစင့်ကို မုန်းခဲ့တယ်။ ဖြူစင့်ကို မင်းချစ်လို့ မရမက ယူခဲ့တာပဲလေ။ အိမ်ထောင်တစ်ခုတည်ဆောက်ပြီးပြီဆိုတော့ မေမေ ကိုယ်ချင်းစာပေးတယ်။ ဖြူစင်အပေါ် ချစ်နိုင်အောင် ကြိုးစားခဲ့တယ်။ အခု မိသားစုတွေ နွေးနွေးထွေးထွေး နေရမယ့်အချိန်မှာ မင်းက ဘာဖွေဖောက်တာလဲ။ မေမေက နားလည်ပေးတဲ့အချိန်မှာ မင်းက ဝမ်းသာအားရဖြစ်ပေးရမယ့်အစား အခုလိုလုပ်တာ မကောင်းပါဘူး။ ဖြူစင်က မင်းတစ်မျက်နှာကို တစ်ကမ္ဘာထင်ပြီး ဒီမှာလာနေတာနော်။ မေမေကသာ အရင်လို ဆက်ဆံနေရင် အခုအချိန်မှာ ဖြူစင် ဘယ်လိုနေမလဲ။ မင်းစဉ်းစားကြည့်ပါ"

ဒေါ်ခင်မာညို ဒေါသဖြစ်ဖြစ်နှင့် စကားတွေ ရှည်လျားစွာ ပြောနေမိတော့သည်။ ကိုယ့်သားဘက်က လွန်နေတော့ ပြောရမှာပဲလေ။ ဆုံးမရမှာ ကိုယ့်တာဝန်။ ကိုယ့်သားဆိုပြီး အမှန်အမှား မခွဲခြားဘဲ ကိုယ့်သားဘက်ကပဲ ပါနေရအောင် ဖြူစင်က အရုပ်ကလေး တစ်ရုပ်မှ မဟုတ်တာ။

သွေးသားနှင့်တည်ဆောက်ထားတဲ့လူသားမို့ ကိုယ်ချင်းစာတရား ထားပေးရမည်သာ။



www.burmeseclassic.com

www.burmeseclassic.com



"ပြောမနေပါနဲ့တော့ မေမေရယ်။ သူ နိုင်စက်ချင်သလောက် နှိပ်စက်ပါစေ။ ဖြူစင် ခံနိုင်သလောက်ခံပါ့မယ်။ ဝဋ်ကြွေးလို့ပဲ သတ်မှတ်ရမှာပေါ့။ ဝဋ်ကြွေးကြေတဲ့နေ့ဆိုတာ ရှိလာမှာပါ"

"ဘာ"

"ကုဋ္ဌေ မင်း လူလိုပြောနေတာ နားမလည်ဘူး။ နောက်ထပ် မင်း ဖြူစင့်ကို ထိရဲထိကြည့်"

"ကျွတ်"

ကုဋ္ဌေ မေမေ့ကို စောဒကမတက်ချင်တော့တာကြောင့် အခန်းထဲကနေ ထွက်လာခဲ့တော့သည်။

နောက်မှ သေသေချာချာ ပြန်စဉ်းစားတော့ သူ မှားသွားပြီလား။

❋



## အခန်း (၂၇)

ရင်ခွင်ပျောက်

++++++++

အလွမ်းကိုသယ်ဆောင်လာလို့

ပန်းဟာ အရောင်မပြယ်ဘူးဆိုပေမယ့်

ငါက

လရောင်မျှော်တဲ့ကုမုဒြာ။

ချစ်သူက ကောင်းကင်ကြီးဖြစ်ချင်သတဲ့လား။

ကြယ် လ နေ ထင်ပေါ်စေဖို့

အရာရာကို ထွေးပိုက်ထားတယ်ဆိုလည်း

www.burmeseclassic.com

www.burmeseclassic.com



လမင်းရဲ့အလင်းကို ရပ်တန့်ပေးပါ ကောင်းကင်။
ငါ မပွင့်လန်းရရင် နေပါစေ
ကမ္ဘာမြေရဲ့ အခင်းအကျင်းတစ်နေရာက
နှင်းဆီလေးအဆင်းလှစေဖို့
နေ့ရော ညရော
နေမင်းကြီးကိုသာ ကန့်လန့်ကာဖွင့်ပေးပါ။
အချစ်တဲ့လား။
အဲဒီအရာ ဘဝမှာတိုက်တစ်ခုဖြစ်ခဲ့ရင်
ငါ ဖောက်ထွင်းဝိဇ္ဇာမဖြစ်ချင်လို့
ကောင်းကင်ရဲ့ရင်ခွင်ထဲကနေ
ငုပ်လျှိုးပျောက်ကွယ်သွားပါရစေ။

**ဖြူစင်ကြယ် (ရင်တွင်းဖြစ်)**



ကုဋေ 'မ' ရေးထားတဲ့ကဗျာလေးကို ဖတ်ကြည့်ပြီး စိတ်တွေက နူးညံ့လာသည်။ စာပေဆိုတာ လူတစ်ယောက်ရဲ့စိတ်ခာတ်ကို ခွန်အားတွေဖြည့်ပေးပြီး သတ္တိတွေမွေးမြူပေးသလို တစ်ခါတစ်ခါ နူးညံ့သိမ်မွေ့ခြင်းကို ဖြစ်စေသည်။

ဒါကြောင့် –

စိတ်တွေ မနူးညံ့ချင်တော့လို့ ကုဋေ ကဗျာမဖတ်ဖြစ်ခဲ့တာ ကြာပါပြီ။ အရင်ကဆို ကုဋေ ကဗျာတွေဖတ်ရတာကို ကြိုက်သည်။ ကိုယ်တိုင်လည်း တိုတိုထွာထွာ ကဗျာနှင့် ဒသသနတွေလည်း ရေးကြည့်ဖူးသည့်လေ။ သုတ ရသစာအုပ်တွေလည်း ဖတ်တာပါပဲ။

အခုတော့ –

စာဖတ်ချိန်မပေးနိုင်သလို ဖတ်ချင်စိတ်လည်းမရှိတာကြောင့် စာနဲ့ဝေးနေခဲ့တာ ကြာပေါ့။ အခုက ကိုယ့်မိန်းမရေးထားတဲ့ ကဗျာလေးမို့ ယူဖတ်ကြည့်လိုက်တာ။ ဖတ်ပြီးတာနှင့် စိတ်ထဲမှာ နူးညံ့သိမ်မွေ့ခြင်းတို့ ဖြစ်တည်လာပြီလေ။

"မ"

သူခေါ်လိုက်တော့ ဖြူစင် စာရေးနေရင်းမှ မော့ကြည့်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီကဗျာက တကယ်ပဲ 'မ' ရဲ့ခံစားချက်လား။ ဘာအဓိပ္ပာယ်လဲ 'မ' "

"ကဗျာကို ကဗျာလိုပဲ ဖတ်ပြီး ခံစားပေးပါ။ ကဗျာဆိုတာ ခံစားချက်နဲ့ ရေးဖွဲ့ရတာမှန်ပါတယ်။ ဒါပေမဲ့ စာရေးသူတွေရဲ့ ရင်ဘတ်က အငှားလည်းခံစားပေးတတ်ပါတယ်"

ဖြူစင် စကားပြောသံက တိုတိုပြတ်ပြတ်ပါ။ တွေးမိလိုက်တိုင်း ပါးတစ်ဖက်က နာနေတုန်းပဲလေ။

"မ"

ကုမ္ဘေ မျက်နှာချင်းဆိုင်ထိုင်နေရာကနေ ထသွားပြီး ဖြူစင်ထိုင်နေတာကို နောက်ကနေ သိမ်းဖက်လိုက်သည်။ ဖြူစင် သူ့လက်ကို ဖယ်ချပေမယ့် မရပါဘူး။ သူက ခပ်တင်းတင်း ဖက်ထားလေတော့–

"ဒီမှာ စာရေးနေတယ်လေ"

"ခဏထားလိုက်ပါ 'မ' ရဲ့။ ပြီးမှ ဆက်ရေးလေ၊ နော်။ မောင့်အတွက် နည်းနည်းလောက်အချိန်ပေးပါလို့ မောင် တောင်းပန်ပါတယ်"

ဖြူစင်အချိန်ပေးခဲ့သားပဲ။ သူ့အတွက် အချိန်တွေ အများကြီး ပေးခဲ့ဖူးပါသည်။ အခုလို ဥပေက္ခာပြုတတ်အောင် ဘယ်သူသင်ပေးခဲ့





တာလဲ။ သူက အတ္တကြီးတော့ ကိုယ်က မာနကြီးပြရတာပဲလေ။ လင်မယားကြားမှာ ဒါတွေ မလိုအပ်ဘူးဆိုပေမယ့် –

ကိုယ့်မာနနဲ့ ကိုယ့်သိက္ခာအတွက် –

ဖြူစင် နေရာတကာ အလျှော့ပေးမနေနိုင်တော့ပေ။ ကြိုးဆိုတာ လျှော့လွန်းရင် ပတ်သလို တင်းလွန်းရင် ပြတ်တဲ့အကြောင်း သူ သိမှကိုဖြစ်မှာဆိုတော့ ဒီလိုနေတာပဲ ကောင်းပါတယ်လေ။

"ချစ်"

"_____"

"နော်လို့"

"ကုမ္ဘေ"

"ဟာ ...မောင့်ကို ဘယ်လိုခေါ်လိုက်တာလဲ 'မ' ရဲ့။ အခုထိ စိတ်မပြေသေးဘူးလား"

"ဖြစ်နိုင်ရင် 'မ' ရင်ထဲမှာ အမုန်းမရှိသလို အချစ်ဆိုတာကို လည်း မရှိစေချင်တော့ဘူး"

"မ"

ကုမ္ဘေ ဖြူစင်စကားကြောင့် ပါးချင်းကပ်ထားတာကို ခွာလိုက်ပြီး ဖြူစင့်မျက်နှာလေးကို ဆွေးဆွေးငေးငေးကြည့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်လွန်းလို့ သဝန်တိုမိတာကို နားလည်မပေးနိုင်ဘူးလား 'မ' ရယ်။ အေးလေ ကိုယ့်ဘက်လွန်ခဲ့တာကို။

ဒါကြောင့် –

"မောင့်အပေါ် အငြိုးအတေးထားနေတာလား 'မ' "

"မထားပါဘူး"

"ဒါဆိုလည်း 'မ' ရယ်၊ အဲဒီလောက်တင်းမနေပါနဲ့တော့။ မောင် မနေတတ်ဘူး။ မောင်တောင်းပန်တယ်ကွာနော်။ စိတ်ကောက်တာ ပြေပါတော့"

ကုဋ္ဌေအသံက နူးညံ့ပျော့ပျောင်းနေသည်။ တတ်လည်း တတ်နိုင်ပါ့လို့ မပြောချင်တော့ပါဘူး။ နောက်တော့ ကုဋ္ဌေ သူ့ရိုက်ခဲ့မိတဲ့ ဖြူစင် ပါးတစ်ဖက်ကို ညင်သာစွာပွတ်သပ်ပေးရင်း –

"မောင်ရိုက်မိတာ တော်တော်နာသွားလားဟင် ချစ်။ ချစ် မကျေနပ်ရင် မောင့်ကိုပြန်ရိုက်ကွာ။ အခုလိုကြီးတော့ မနေပါနဲ့။ မောင် ခံစားရလွန်းလို့ပါ"

"ဒီမှာ ကုဋ္ဌေ"

"အဲဒီလိုမခေါ်ပါနဲ့၊ 'မ' အဲဒီလိုခေါ်ရင် မောင် အရမ်းနာကျင်ရလွန်းလို့ပါ။ မောင် နောက်ကို ဆင်ခြင်ပါ့မယ်။ စိတ်ပြေတော့နော်"





ပြောပြီး ကုဋ္ဌေ ဖြူစင်လည်တိုင်လေးကို နမ်းလိုက်လေတော့ ဖြူစင် မျက်လုံးကိုမှိတ်ပြီး သက်ပြင်းချလိုက်မိသည်။ ဒါ စိတ်ကိုလျှော့ချလိုက်ခြင်းပါပဲ။ ဆက်တင်းနေရင်လည်း လင်မယားဖြစ်နေတော့ ရမှာမှ မဟုတ်ဘဲလေ။ ဖြူစင် ထပ်ပြီးစိတ်မညစ်ချင်တော့ပါဘူး။

ပြီးတာတွေ ပြီးပါစေတော့။

လျှာနဲ့သွား အခန့်မသင့်လို့ ကိုက်မိတယ်လို့ပဲ သဘောထားရတော့မှာပေါ့။

"မ"

"____"

"မောင်လေ 'မ' နဲ့ ဝေးရမှာ ခွဲရမှာ အရမ်းကြောက်တာပဲ သိလား။ အဲဒါကြောင့် အကြောက်ကြီးပြီး အခုလိုတွေ ပြောမိဆိုမိ လုပ်မိတာပါ။ မောင်တို့နှစ်ယောက်ကို ခိုင်မြဲအောင်ချည်နှောင်နိုင်မယ့် ကြိုးတစ်ချောင်းတော့လိုနေပြီ"

"ဘယ်လို"

"မောင် သားလေးဖြစ်ဖြစ်၊ သမီးလေးဖြစ်ဖြစ် လိုချင်တယ်။ ချစ် ကလေးယူတော့ကွာ"

"______"



www.burmeseclassic.com

www.burmeseclassic.com



"နော် . . . နော်လို့"

ဖြူစင် ခေါင်းညိတ် ခေါင်းခါမလုပ်ခင်မှာပဲ လည်တိုင်နဲ့ ပါးပြင်ဆီမှာ အနမ်းတွေက နွေးခနဲ နွေးခနဲပါ။

တတ်လည်းတတ်နိုင်ပါပေ့ မောင်ရယ်။

❋



## အခန်း (၂၈)

"မေမေ"

"ပြောလေ သမီး"

"သမီး ဒီနေ့ စာမူတွေသွားအပ်ချင်တယ်။ အဲဒါ ဘယ်လို လုပ်ရမှန်းမသိလို့ အကြံပေးပါဦးမေမေ။ ဖြူစင်သွားရင် မောင် ထပ်ပြီး ပြဿနာရှာမှာစိုးလို့ပါ"

ဒေါ်ခင်မာညို တွေခနဲဖြစ်သွားလေသည်။ သားက ဟိုကောင်လေးနဲ့ သူ့မိန်းမကို မပတ်သက်စေချင်လို့ ဆက်သွယ်တာ မကြိုက်။

ဖြူစင်က သူ့ဝိသနာကို မစွန့်လွှတ်နိုင်။ ဒါကြောင့်ပဲ ခဏ



www.burmeseclassic.com

www.burmeseclassic.com



ခဏ စကားများနေကြတာမဟုတ်လား။ ဒီကိစ္စ ကိုယ်ဝင်ပါမှ ဖြစ်တော့မှာပါ။

ကိုယ်လည်း –

အခုဆိုရင် သားအလုပ်လုပ်နေလို့ အနားယူနေပြီပဲလေ။ အလုပ်မရှိဘူးဆိုတော့ ဖြူစင် နောက်ကို ကိုယ်လိုက်သွားပေးမှပါ။ ဒါမှ အဆင်ပြေမှာပေါ့။ ဖြူစင်တစ်ယောက်တည်းသွားရင် ကြိမ်းသေ ပြဿနာတက်မှာပဲလေ။

"ဒါဆို ဒီလိုလုပ်လေ"

"ဘယ်လိုလဲ မေမေ"

"သမီး သွားပါ။ မေမေ အဖော်လိုက်ခဲ့ပေးမယ်။ မေမေပါ နေတာပဲ၊ သား ဘာပြောလို့ရမှာလဲ"

"မေမေ မေမေ တကယ်လိုက်မှာလားဟင်"

ဒေါ်ခင်မာညို ခေါင်းညိတ်ပြလိုက်သည်။ ဖြူစင် မေးလိုက်ပုံက ဝမ်းသာအားရဟန်နှင့်လေ။ ကိုယ့်ကိုကြည့်လိုက်တဲ့ မျက်လုံးကလည်း အားကိုးတကြီးဟန်ပါ။

"သမီး ဘယ်အချိန်သွားမှာလဲ"

"ဆယ်နာရီလောက် သွားမယ် မေမေ"





"အေး အေး ... သွားကြတာပေါ့"

ဖြူစင်မျက်နှာလေးက ပြုံးချိုနေလို့ပါ။ ယောက္ခမဖြစ်သူက ကိုယ့်အပေါ် အခုလို နားလည်ပြီး နွေးထွေးမှုတွေ ပေးလာတော့ ဟိုအရင်က ပဋိပက္ခတွေကြောင့် ပြောခဲ့လုပ်ခဲ့မိတဲ့ လုပ်ရပ်တွေအတွက် မျက်နှာပူမိတာ အမှန်ပါပဲ။

မာနလေ မာနကြောင့်ပေါ့။

သူ့ဘက်က တင်တင်စီးစီးဆက်ဆံလို့ ကိုယ်လည်း မခံချင်စိတ်နဲ့ တုံ့ပြန်လိုက်မိတာပါ။

ဆယ်နာရီထိုးတော့ –

ဖြူစင်နဲ့ ဒေါ်ခင်မာညို အိမ်ကနေထွက်လာခဲ့ကြသည်။ စာအုပ်တိုက်ရောက်တော့ ဝေယံနဲ့ စာအုပ်ကိစ္စတွေပဲပြောပြီး ဝေယံက တစ်ခုခုလိုက်ကျွေးပါရစေဆိုတာနှင့် သုံးယောက်သား ထွက်လာခဲ့ကြသည်။

Restaurant ထဲ ဝင်ကာနီးမှာတော့ –

"ဟယ် ... ညို ညို"

"ဟယ် ... မျိုး"

"တူပါတယ်လို့ ကြည့်နေတာ ညိုရဲ့။ တကယ်ပဲ ညိုကိုး။

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတာတောင်ကြာပြီဟယ်။ ငါ နှင့်ကို အရှမ်းသတိရနေတာ ညိုရဲ့"

"ဟုတ်လား။ ငါလည်း နှင့်ကို သတိရပါတယ် မျိုးရဲ့။ ဒါနဲ့ နှင် ဂျပန်ကို နှင့်သားနောက်လိုက်သွားတယ်ဆို"

"ဟုတ်တယ်၊ အခုပြန်ရောက်တာ မကြာသေးဘူးလေ့ညို့ ရဲ့"

"အေးပါ ... နှင်ပြန့်ပြန်တွေ့ရတာ ငါ ဝမ်းသာလိုက်တာဟယ်"

တစ်ဖက်ကိုပြောပြီး ဒေါ်ခင်မာညို ဖြူစင်တို့ကို အားနာသလို လှည့်ကြည့်ကာ –

"သမီး"

"ရှင်"

"သမီးတို့ သွားနှင့်လိုက်လေ။ မေမေလိုက်လာခဲ့မယ်။ ဒီမှာ မျိုးနဲ့ ခဏစကားပြောချင်လို့"

"ဟုတ်ကဲ့ပါ မေမေ"

မျိုးဆိုတဲ့ အမျိုးသမီးက ဖြူစင့်ကို အခုမှ သတိထားမိဟန် ရှိကာ –

"သူလေးက ဘယ်သူလေးလဲ ညို"



ဒေါ်ခင်မာညိုက အပြုံးနှင့်သာ –

"ညို့ချွေးမလေ မျိုးရဲ့၊ သား ကုရှေရဲ့ဇနီးပေါ့"

"ဩော် ... ဟုတ်လား"

ယောက္ခမက သူ့သူငယ်ချင်းနှင့် မိတ်ဆက်ပေးလေသည်။ အပြန်အလှန် ပြုံးပြနှုတ်ဆက်ကြပြီး ကိုဝေယံနှင့် ဖြူစင် ထွက်လာခဲ့ကြစဉ် –

လှမ်းနေရင်းပဲ ...

ဖြူစင့်ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားလေသည်။

"အား"

"ဟင်"

ဖြူစင် ခြေလှမ်းတွေရပ်တန့်သွားလို့ ဝေယံ လှည့်အကြည့်မှာ ဖြူစင် နားထင်နှစ်ဖက်ကို ညှပ်ကိုင်ပြီး မျက်လုံးကိုမှိတ်ထားတာ မြင်ရ လေလျှင် –

"ဖြူစင်"

"––––––"

"ဖြူစင် ဘာဖြစ်လို့လဲဟင်"

"မူးတယ် မူးလိုက်တာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား။ ဒါဆို ကိုယ့်ပခုံးကို ခဏမှီထား"

ဝေယံ ဖြူစင်လဲကျသွားမှာစိုးလို့ ကမန်းကတမ်းပဲ ကိုယ့်ပခုံးကို မှီစေလိုက်တာပါ။ ဒါ ရိုးရိုးသားသား ကူညီလိုတဲ့စိတ်နဲ့ပါလေ။ ဒါကို အခွင့်ကောင်းယူပြီး တစ်ဦးတစ်ယောက်က ဓာတ်ပုံတဖျတ်ဖျတ် ရိုက်နေတာကို သူတို့ သတိမထားမိကြဘေ။

ဓာတ်ပုံရိုက်တဲ့သူကတော့ –

သက်ထားချိုပါပဲ။ ဖြူစင်တို့ ဝင်လာကတည်းက သူမမြင်သည်လေ။

ဆိုင်ထဲမှာရှိနေတဲ့ သက်ထားကိုတော့ ဖြူစင်တို့က မမြင်။

"အန်တီ အန်တီ . . . ဒီမှာ ဖြူစင်မူးလို့တဲ့။ လာပါဦးဗျ"

"ဟင်"

"အန်တီ လာပါဦးဗျ"

"သမီး"

ဒေါ်ခင်မာညိုရော မျိုးဆိုတဲ့အမျိုးသမီးရော သုတ်သီးသုတ်ပျာနှင့် အနားသို့ရောက်လာကြလေသည်။ ဝေယံ ပခုံးကို မှီထားတဲ့ ဖြူစင်ခေါင်းကို ဒေါ်ခင်မာညို သူမရင်ဘတ်သို့ လွှဲပြောင်းမှီစေပြီး–

"သမီး ဖြူစင်"





"——————"

"ဖြူစင်"

"မေမေ"

"သမီး ပြောလေ၊ ဘာဖြစ်တာလဲ သမီး"

"မူးတယ်"

"မောင်ဝေယံ"

"ဗျာ အန်တီ"

"ကူညီပါဦးကွယ်၊ သမီးကို နီးစပ်ရာဆေးခန်းပို့မှ ဖြစ်မယ်ထင်တယ်"

"ဟုတ်ကဲ့ပါ အန်တီ"

ပြောပြီး ဝေယံက ဖြူစင်ကို ပွေ့ချီပြီး ထွက်သွားကြလေတော့ ကောက်ကျစ်သော အပြုံးနှင့် ဝိတိဖြစ်ကျန်ခဲ့တာ သက်ထားချိုပါ။

အပတ္တနီး။

တော်တော်အပြောင်းအလဲမြန်တဲ့ ဒေါ်ခင်မာညို။ အစကတော့ သက်ထားမှသက်ထား။ သက်ထားကလွဲရင် အခြားမိန်းကလေးနဲ့ သူ့သားကို သဘောမတူပါဘူးတဲ့။ အခုတော့လည်း ချွေးမကို ချစ်နေလိုက်တာ။ အမြင်ကတ်စရာကောင်းလောက်အောင်ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com



ဖြူစင်က ကိုယ့်မျှော်လင့်ချက်တွေကို ရိုက်ချိုးပစ်ခဲ့သူ။ ကိုယ် စိတ်ထိခိုက်ခဲ့ရသလို ဒင်းတို့လည်း စိတ်အနှောင့်အယှက်ဖြစ်ရမှ ကျေနပ်မှာ။

ဒါကြောင့် –

တွေ့ကြသေးတာပေါ့။

❋



## အခန်း (၂၉)

"ဒုတ်"

ကုရှေ့ သက်ထားပြတဲ့ဖုန်းထဲက ဓာတ်ပုံတွေကြည့်ပြီး ဒေါသတွေ အလိပ်လိုက်တက်လာသည်။

ဒါကြောင့် ဖုန်းကို စားပွဲပေါ် ပစ်တင်လိုက်တဲ့အသံက ဒုတ်ခနဲ မြည်သံထွက်လာတာပါ။

"တောက်"

"ဘယ်လိုလဲကုရှေ့။ နင် သိပ်ချစ်ပါတယ်ဆိုတဲ့ မိန်းမက နင် ချစ်သလောက် နင့်ကိုမချစ်ဘူးဆိုတာ ယုံပြီမဟုတ်လား။ ဖြစ်နိုင်ရင် မျက်မြင်ကိုယ်တွေ့ဖြစ်အောင် နင့်ကို ခေါ်ပြချင်တာ"



www.burmeseclassic.com

www.burmeseclassic.com



"တော်တော့ သက်ထား။ သူ့အကြောင်း ငါ့ကို ထပ်မပြောနဲ့တော့"

ကုမ္မေပြောပြီး နှုတ်ခမ်းကို တင်းတင်းစေ့ထားမိသည်။ သစ္စာမရှိတဲ့မိန်းမ။ ကိုယ်ကတော့ ရူးမတတ်ချစ်လိုက်ရတာ။ သူကတော့ ကိုယ့်ကွယ်ရာမှာ အခြားယောကျ်ားနဲ့ဖောက်ပြန်ပျော်မြူးလို့။ မတန်လိုက်တာ။ မင်း ငါ့အချစ်နဲ့မတန်ဘူး ဖြူစင်ကြယ်၊ ငါ့ဘဝထဲကို စဝင်လာတုန်းကတော့ နာမည်နဲ့လိုက်အောင် ဖြူစင်ပြီး –

အခုတော့ –

မင်းက သိုးရေခြုံထားတဲ့ ဝံပုလွေမှန်း ငါသိလိုက်ပါပြီ ဖြူစင်ကြယ် အချစ်တဲ့။ ရူးရူးမိုက်မိုက် ကိုးကွယ်လိုက်တာနဲ့ အမှားဆိုတဲ့ စက်ကွင်းထဲကို တိုးဝင်မိသလိုပါပဲ။ ပိုချစ်မိတဲ့သူက ပိုခံစားရတာ သိလိုက်ပါပြီ။ ငါ့ကို မာယာတွေနဲ့ သိမ်းသွင်းခဲ့တာ။ ဖြားယောင်းသွေးဆောင်ပြီး လှည့်စားခဲ့တာ။ တွေးလိုက်တိုင်း ဒေါသတွေထွက်။ ဒေါသကနေ နာကျင်မှုတွေပါ ပါလာပြီပေါ့။

"မပြောနဲ့ဆိုပေမယ့် ပြောသင့်တာကိုတော့ ပြောရဦးမယ် ကုမ္မေ။ စေတနာနဲ့ပြောမှာပါ။ စေတနာကို နားမလည်ရင်တော့ နင့်အကြောင်းပေါ့"





"ဘာလဲ"

မေးသံက မာဆတ်ဆတ် တိုပြတ်ပြတ်ပါ။

"ဝေယံစိုးဆိုတဲ့လူကလည်း အကြံနဲ့ပဲ။ သူက စာအုပ်ထုတ်လုပ်သူဆိုတော့ စာရေးဆရာမကို အပိုင်ချည်ချင်တာလေ။ ဖြူစင် စာအုပ်တွေက အခုတောင် နာမည်ရစပြုလာပြီ။ နောက်ဆို ဒီထက် အများကြီးပိုအောင်မြင်လာနိုင်တယ်။ သူက ဒါကို ကြိုတွက်မိလို့ နင့်မိန်းမကို ကပ်ခဲ့တာ အစကတည်းကပဲ။ ဝတ္ထုတိုတွေမှာကတည်းက ဖြူစင်က နာမည်ရနေတာဆိုတော့ လုံးချင်းဆိုင်ရာ ပိုလူကြိုက်များမယ်ဆိုတာ သူတွက်ပြီးသားလေ"

"တောက်"

"နင် ဖြူစင်ကို အရမ်းချစ်လို့ မစွန့်လွှတ်နိုင်ဘူးဆိုရင် သူ့ကို စာမရေးခိုင်းနဲ့တော့၊ မဟုတ်ရင်တော့"

သက်ထားစကားကို အဆုံးမသတ်ဘဲ ခနဲ့ပြုံးရော မဲ့ပြုံးရော ရောယှက်ကာ ပြုံးလိုက်သည်။ နောက် အသံကို ချိန်ပြီး။

"နင့်မိန်းမ ဟိုလူနောက်ပါဖို့က ရာနှုန်းရှစ်ဆယ်ပဲနော်"

"တော်တော့သက်ထား"

"ငါက စေတနာနဲ့ပြောတာနော်"



www.burmeseclassic.com

www.burmeseclassic.com



"ကျေးဇူးတင်တယ်၊ နှင်ပြန်တော့"

"ပြန်မှာပါ။ နှင် နှင်စရာမလိုဘူး။ လာလည်းမပြောရသေး။ စေတနာကို နားမလည်ဘူး"

သက်ထားပြန်ဖို့ ထရပ်လိုက်မှ ကုဋေ တစ်ခုခုကို သတိရသွားလေသည်။

ထို့ကြောင့် –

"သက်ထား ခဏနေဦး"

"ဟင်"

သက်ထားကလည်းမသွားဖြစ်သေးဘဲ –

"ဘာလဲ ကုဋေ"

"နှင့်ဖုန်း ခဏပေး"

သက်ထားဆီက ဖုန်းတောင်းပြီး ကုဋေ သူ့ဖုန်းထဲသို့ ဖြူစင်နဲ့ဝေယံတို့ပုံကို ကူးယူထားလိုက်သည်။ ဒါ နိုင်လုံတဲ့သက်သေပါပဲ။ ကိုယ့်အပေါ် သစ္စာမရှိတဲ့ မိန်းမ၊ ကိုယ့်အချစ်ကို တန်ဖိုးမထားတဲ့မိန်းမ ကိုယ့်ကို တန်ဖိုးမထားတဲ့အတွက် –

ထိုက်တန်တဲ့ဆုတော့ ပြန်ပေးရမှာပေါ့။

ကုဋေဆိုတဲ့ကောင်က ကိုယ့်လက်ကို သူများဖြုတ်ချခဲ့တိုင်း





ရပ်ကျန်ခဲ့မယ့်သူမဟုတ်ပေ။ နလို့မှမရရင် ကြမ်းပြရုံပဲပေါ့။

"ရပြီ၊ ရော့။ ကျေးဇူးတင်ပါတယ်"

ကုဋေ ဖုန်းကိုပြန်ပေးပြီး သက်ထားကို ကျောခိုင်းရပ်လိုက်တော့သည်။ မြင်နေရရင် စကားတွေ ထပ်ပြောမှာစိုးလို့သာ။ သက်ထားဆီက ဘာစကားသံမှ ထပ်မကြားချင်တော့ပါဘူး။

မကောင်းရာမကောင်းကြောင်းတွေ ပတ်သက်ခဲ့ကြပြီးမှ သက်ထားရှေ့မှာမှ ဒီလို တွေ့ရတယ်ဆိုတော့ ကိုယ့်အဖြစ်က သက်ထားအတွက် ခနဲ့စရာ ရွဲ့စရာဖြစ်သွားပြီပေါ့။

❋



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

"ဖြူစင်ကြယ်"

"ဟင်"

ဖြူစင် နေမကောင်းဘူးဆိုပြီး လူမမာကြီးလို အိပ်ရာထဲမှာ အိပ်မနေချင်ပေ။ ဒီရက်ပိုင်းမှာ စာပဲဖိရေးနေလို့ အိပ်ရေးတွေကပျက်၊ အိပ်ရေးပျက်တော့ အစားပါပျက်။ ဒါကြောင့် အားနည်းနေတာတဲ့။ ခေါင်းထဲမှာ သိပ်မကြည်သေးတာနှင့် ညှော်ခန်းထဲက ဆိုဖာပေါ်မှာ ငုတ်တုတ်ကလေး မှီနေတာပါ။

မောင့်ရဲ့ ခပ်ရှုးရှုးခေါ်သံကြောင့်

ဖြူစင် မျက်လုံးလေးမှိတ်ထားရာမှ ဖွင့်ကြည့်လိုက်သည်။





မောင်က သူ့မရှေ့မှာ ခါးထောက်ရပ်နေပြီး ကြည့်နေပုံက ရူးရူးရဲရဲပါ။ ဘာဖြစ်လာပြန်ပါလိမ့်လို့တွေးရင်း –

"မောင်"

"_____"

"မောင် ပြန်လာပြီ"

"မင်း ငါ့ကို မောင်လို့မခေါ်နဲ့။ အဲဒီအခေါ်နဲ့ မင်း ပါးစပ် မတန်တော့ဘူး ဖြူစင်ကြယ်။ ဟန်ဆောင်အချစ်က ပိုချိုတယ်ဆိုတာ ငါ အခုမှပဲ သိတော့တယ်။ တောက်၊ စကားလုံးချိုချိုတွေနဲ့ အပြစ်ကို ဖုံးကွယ်တတ်တဲ့မိန်းမ"

"မောင်"

"_______"

"မောင် ဘာတွေပြောနေတာလဲ။ မောင် ဘာဖြစ်လာတာလဲ"

"ဘာဖြစ်လာတာလဲ ဟုတ်လား"

"ဟုတ်တယ်"

"သိချင်ရင် ဒီမှာကြည့်၊ မင်းနဲ့ဝေယံ ချွေးဖာတ်ခင်နေတဲ့ပုံတွေ"



www.burmeseclassic.com

www.burmeseclassic.com



ကုဋေ ဖုန်းကိုဖွင့်ပြီး သူ ကူးယူလာခဲ့တဲ့ပုံတွေကို ပြလိုက်သည်။ ပုံတွေကို မြင်တော့ ဖြူစင်မယုံနိုင်ခြင်းများစွာနှင့်သာ–

"ဟင်"

အံ့ဩလွန်းလို့ မျက်လုံးလေးဝိုင်းကာ ပါးစပ်ကို လက်ဖြင့်ပိတ်လိုက်မိတော့၏။ ကိုဝေယံနဲ့ဖြူစင်ပုံတွေ။ ဖြူစင်က ကိုဝေယံရင်ခွင်ထဲမှာပါ။ ဒါ ဒါတစ်ယောက်ယောက်ချောင်းရိုက်ပြီး လုပ်ကြံတာပဲ ဖြစ်မှာ။ ဖြူစင် ခေါင်းမူးလို့ ကိုဝေယံက ကမန်းကတန်း လှမ်းထိန်းပြီး သူ့ကို မှီစေခဲ့တာ။

ဒါကို –

တစ်ယောက်ယောက်က အခွင့်ကောင်းယူပြီး ဓာတ်ပုံရိုက်တာ ဖြစ်မှာပေါ့။

"မောင်"

"လက်ပူးလက်ကြပ်မိနေတာကို မင်း ဘာငြင်းဦးမလဲ ဖြူစင်ကြယ်"

"မဟုတ်ဘူး မောင်။ မဟုတ်ပါဘူး။ 'မ' အဲ ဒါ ရှင်းပြပါရစေ"

"မရှင်းနဲ့"

ကုဋေ အော်ပစ်လိုက်သည်။ သူ စိတ်ကိုထိန်းနေတဲ့ကြားက





နေ စိတ်က လွှတ် လွှတ်သွားလေသည်။ မြင်လိုက်တုန်းကဆို ဖြူစင်သာ အနံ့ ့မှာရှိရင် သူသတ်မိမှာ ကြိမ်းသေပါ။ အခုလည်း ဒေါသက တလိပ်လိပ်နှင့်တက်နေပြီး –

"မင်း ဘာမှ ရှင်းပြနေစရာမလိုဘူး ဖြူစင်ကြယ်။ ပုပ်လို့ပေါ်ဟုတ်လို့ကျော်တာ။ ငါ ရွှားမဟုတ်ဘူး။ မင်းက ငါ့အချစ်နဲ့ မတန်တဲ့မိန်းမ။ သစ္စာမရှိတဲ့မိန်းမ"

"မောင်"

"––––"

"မဟုတ်ဘူးလို့ ပြောနေတယ်နော်"

"ဘာ မဟုတ်ရမှာလဲ။ သစ္စာမရှိတဲ့မိန်းမ။ နင်နဲ့ထိုက်တန်တာက ဒါပဲ"

"ဖြန်း"

"အား"

"ဟင်"

မီးဖိုချောင်ဘက်ကနေ ထွက်လာတဲ့ ဒေါ်စီ မြင်လိုက်ရသည့်မြင်ကွင်းကြောင့် ယောင်ပြီး ကိုယ့်ပါးကို လက်နှင့်အုပ်ကိုင်မိသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"တောက်"

"ဖြန်း"

"အား"

"အမလေး"

ဖြူစင် ဆိုဖာပေါ်မှာ ခွေခွေလေးလဲကျသွားတော့သည်။ ဒီတော့မှ ဒေါ်စီ သတိရပြီး အပြေးလာကာ –

"ကုရှေ့မလုပ်နဲ့ ဖြူစင် ညိုရေ ညိုလာပါဦး။ ဖြူစင်"

"_________"

"ညိုရေ လာပါဦး"

"ဒေါ်စီ ဘာလို့အော်နေတာလဲ။ ခင်ဗျားပါးစပ်ကိုပိတ်"

"ဖြူစင် ဖြူစင်"

ဒေါ်စီ ကုရှေ့အော်တာကို ဂရုမစိုက်နိုင်ဘဲ ဖြူစင်မေးလေးကို သာ ကိုင်လှုပ်၍ ခေါ်နေမိသည်။

"ဂရုစိုက်မနေနဲ့။ ဒီမိန်းမသေမှအေးမှာ။ ထားလိုက် သေပါစေ"

"ဖြူစင် သမီး"

"မစီ ဘာဖြစ်လို့လဲ"





ဒေါ်စီအော်သံကြောင့် သုတ်သီးသုတ်ပျာနှင့် ရောက်လာတဲ့ ဒေါ်ခင်မာညိုကို ဒေါ်စီ လှည့်ကြည့်လိုက်ကာ –

"လုပ်ပါဦး ညို၊ ဖြူစင် ခေါ်လို့မရတော့ဘူး"

"ဘာဖြစ်တာလဲ မစီ"

"ဟို ဟို"

ဒေါ်စီ ကုရှေ့ကို မော့ကြည့်လိုက်စဉ် ကုရှေ့က –

"သစ္စာမရှိတဲ့မိန်းမကို သား ဆုံးမတာ မေမေ"

"ဘာ"

"သစ္စာမရှိတဲ့မိန်းမ၊ ဖောက်ပြန်တတ်တဲ့မိန်းမ သေမှအေးမှ သေပါစေ"

"ကုရှေ့"

ဆုံးမလိုက်တာဆိုကတည်းက ဒေါ်ခင်မာညို နားလည်လိုက် ပါပြီ။ ထို့ကြောင့် သားဖြစ်သူကို စူးစူးရဲရဲကြည့်ရင်း လျှောက်လာကာ မျက်နှာချင်းဆိုင်ရပ်မိကြတော့ –

"သစ္စာမရှိတဲ့မိန်းမကို ဆုံးမတာ ဟုတ်လား ကုရှေ့"

"ဟုတ်တယ်"

"ပြောပါဦး။ ဖြူစင်က ဘယ်လိုသစ္စာဖောက်ပြီး ဘယ်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဖောက်ပြန်ခဲ့တာလဲ။ တစ်ယောက်တည်း အပြင်ထွက်ရင် မင်း ပြဿနာ ရှာမှာစိုးလို့ စိတ်ရှုပ်ခံပြီး ငြိမ်နေတဲ့ မိန်းကလေးက ဘယ်သူနဲ့ဘယ်မှာ ဖောက်ပြန်ခဲ့တာလဲ။ ပြောစမ်းပါ”

“သားမှာ သက်သေအနိုင်အလုံရှိတယ် မေမေ။ သူ ဝေယံ ဆိုတဲ့ကောင် ရင်ခွင်ထဲမှာ တောက် မပြောလိုက်ချင်ဘူး”

“ဘာ”

“ရော့ ဒီမှာ မေမေကြည့်လိုက်။ ဒီထက်ပိုပြီး ခိုင်လုံတဲ့ သက်သေ မရှိတော့ဘူး”

ကုဋေ ဖုန်းထဲက ပုံတွေကို ဖွင့်ပြပြန်လေသည်။ ဒေါ်ခင်မာညို ဖုန်းထဲကပုံတွေကိုကြည့်ပြီး မျက်မှောင်ကြုတ်သွားရ၏။ ဒါ ဘယ်သူ ချောက်ချလိုက်တာလဲ။ ချောက်ချတာလည်း မပိရိပါလားလို့ တွေးပြီး အဲဒီလူကို သနားလိုက်တာ။ အယုံလွယ်တဲ့သားကိုလည်း ဒေါသထွက်ပြီး –

“ဒါတွေကြောင့် မင်းက စွပ်စွဲတယ်ပေါ့ ဟုတ်လား ကုဋေ”

“သက်သေက ခိုင်လုံနေတာပဲ မေမေ”

“ဖြန်း”

ကုဋေ ပါးတစ်ဖက်ပူသွားလေသည်။ မေမေ့ကို အံ့ဩသလို





ပြန်ကြည့်ရင်း ပါးတစ်ဖက်ကို ပွတ်လိုက်မိသည်သာ။ ပြီးတော့–

“မေမေ”

“------”

“မေမေ ကျွန်တော့်ပါးကို ရိုက်တယ်”

မေမေက ပါးရိုက်လိုက်တာ။ ပါးက နာကျင်မှုထက် ရင်ထဲမှာ ပိုပြီး နာကျင်သွားရလေသည်။ ဒါ ဟိုမိန်းမကြောင့် အရိုက်ခံရတာ။ အရင်က မေမေ ကုဋေကိုပါးရိုက်ဖို့မပြောနဲ့ ခေါင်းတောင်ခေါက်ခဲ့ဖူးတာ မရှိပေ။ အလိုမကျမှုတွေများခဲ့ပေမယ့် ရိုက်ဖို့နေနေသာသာ အရာရာ ပြည့်စုံအောင် ဖန်တီးပေးခဲ့တဲ့မေမေပါ။

မကျေနပ်တာရှိရင်

ပါးစပ်ကသာပြော၊ ပါးစပ်ကပဲဆုံးမခဲ့တဲ့မေမေ။ အခု ဖြူစင်ကြယ်နဲ့ ပတ်သက်မှ မေမေက ကုဋေ့ပါးကိုရိုက်တာ။

ဒီမိန်းမ

သူ့ကို လူတကာချစ်အောင် ခင်အောင် ဘာဆေးတွေများ ဆောင်ထားပါလိမ့်။ ဒေါသထွက်လိုက်တာ။

“ရိုက်တယ်၊ မင်းကို ငါရိုက်သင့်လို့ ရိုက်လိုက်တာပဲကုဋေ။ အရာရာကို မစူးစမ်း မဆင်ခြင်ပဲ သူများပြောတိုင်း ယုံတတ်တဲ့မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ငါ ရှိသွားပြီ၊ သိလား ကုရွှေ"

"မေမေ"

"နောက်ဆုံးပုံကို မင်း သေသေချာချာပြန်ကြည့်လိုက်။ ငါ့ပုံ တစ်ခြမ်းပါနေတယ်"

"ဟင်"

"အဲဒီနေ့က ဖြူစင်နဲ့အတူတူ ငါလိုက်သွားတာ၊ ငါ ညည်းသည် နဲ့စကားပြောနေတဲ့အချိန်မှာ ဖြူစင်မူးလဲလို့ ဝေယံက ထိန်းပေးထား တာလေ။ ဖြူစင်ကို ချက်ချင်းဆေးခန်းပို့ပေးရတာ မင်းသိလား"

"ဗျာ"

"ယုံချင်ယုံ မယုံချင်နေ။ ဒီထက်ပိုပြီး မင်းကို ငါရှင်းမပြတော့ ဘူး ကုရွှေ၊ အခုလို မစူးစမ်း မဆင်ခြင်တဲ့ မင်းရဲ့လုပ်ရပ်အတွက် ရလဒ်က ဘာဖြစ်မလဲ။ ဖြူစင်သတိရလာရင် မင်းသိရမှာပေါ့"

"ဟာ"

ဒေါ်ခင်မာညိုပြောပြီး ကုရွှေကို လှည့်မကြည့်တော့ပေ။ ဖြူစင်ဆီသို့သာ သွားပြီး –

"သမီးဖြူစင် သမီး"

"ဖြူစင်"





"သမီး ဖြူစင်"

ဖြူစင်ကိုလှုပ်၍ လှုပ်၍ ခေါ်ပေမယ့် ဖြူစင်က ဘာမှမသိ တော့ပေ။

"မ"

ကုရွှေ ဖြူစင်အနားသို့ရောက်လာပြီး ခေါ်လေ –

"မင်း ဖြူစင်အသားကို လုံးဝထိစရာမလိုဘူး ကုရွှေ၊ သစ္စာ မရှိတဲ့မိန်းမ၊ ဖောက်ပြန်တတ်တဲ့ မိန်းမရဲ့ အသားကိုမထိနဲ့၊ သွားစမ်း"

ကုရွှေ ကိုယ့်ရဲ့မစူးစမ်း မဆင်ခြင်ပဲ ပြုခဲ့မိတဲ့ အမှားကြောင့် နောင်တနှင့်အတူ ရင်ထဲမှာ နာကျင်ရပါသည်။ အခု မေမေကာ ကိုယ့်ကို ဖြူစင့်အနား အကပ်မခံတော့ပဲ တွန်းလွှတ်နေပါရောလား။

✻



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

ဖြူစင် မျက်ဝန်းထောင့်မှ စီးကျလာသော မျက်ရည်တွေကို လက်ချောင်းလေးများနှင့် ပွတ်သုတ်ပစ်လိုက်သည်။ ရင်ထဲမှာ နာကျင်မှုတွေက ရှုးခနဲ ဆစ်ခနဲပါပဲ။ အခုမှတော့ နောင်တလည်းမရချင်တော့ပေ။ ဖြူစင်သိထားတဲ့အချစ်က နူးညံ့သိမ်မွေ့ခြင်းနဲ့ နားလည်မှုတွေပါပဲ။

တစ်ယောက်ကိုတစ်ယောက် နားလည်ပေးပြီး အေးအတူ ပူအမျှနဲ့ မျှဝေခံစားကြမယ်။ ယုယကြင်နာကြမယ်ပေါ့။ အခုတော့ အချစ်ဆိုတာ ကိုယ့်အပေါ် ရက်စက်ခြင်းတွေပဲ ဖြစ်လာခဲ့သည်။

"မ"





"_____"

"မ"

အသံနှင့်အတူ ကုဋ္ဌေ ဖြူစင်အနားသို့ လျှောက်လာလေသဖြင့် ဖြူစင် သူမ ကိုယ်ကို တစ်ဖက်သို့စောင်းပြီး ကျောခိုင်းပစ်လိုက်တော့သည်။

" 'မ' ဘယ်လိုနေသေးလဲ။ နေရတာ သက်သာရဲ့လား"

ဖြူစင် ဘာမှပြန်မဖြေပေ။ ကုဋ္ဌေ ဖြူစင် ပခုံးလေးကို ဖက်လိုက်ပြီး –

"မ"

"_____"

"မောင့်ကို စိတ်ဆိုးနေတုန်းလား 'မ' ရယ်။ မောင် တောင်းပန်ပါတယ်ကွာနော်။ မောင်မှားပါတယ်။ နောက် ဒီလိုမဖြစ်စေရပါဘူးလို့ မောင်ကတိပေးတယ်။ 'မ' ကို နားလည်ပေးနိုင်အောင် မောင်ကြိုးစားပါတော့မယ်"

"______"

"မ"

"______"



www.burmeseclassic.com

www.burmeseclassic.com



"မောင့်ကို အရမ်းစိတ်နာနေပြီလားဟင်"

"————"

"ပြောပါဦး 'မ' ရဲ့။ မောင့်ကို စကားပြန်ပြောပါဦး။ မောင် မှားပါတယ်။ 'မ' ကို အရမ်းချစ်လို့ မှားခဲ့တဲ့အမှားပါ။ ဒါကို 'မ' ခွင့် မလွှတ်နိုင်ဘူးလား။ မောင့်ကို စကားပြန်မပြောချင်လောက်အောင် မုန်းနေပြီလား။ တစ်ခုခု ပြန်ပြောပါ 'မ'။ 'မ' ကျေနပ်အောင် မောင် ဘာလုပ်ပေးရမလဲ"

"စာရေးတဲ့ စားပွဲပေါ်မှာ"

"ဟင်"

ဖြူစင်ရဲ့ တိုတိုပြတ်ပြတ်စကားသံကြောင့် ကုဋေ မျက်မှောင် ကြုတ်သွားလေသည်။ စာရေးစားပွဲပေါ်မှာဆိုတာက ဘာလဲ။ သူ စာရေးစားပွဲဆီသို့ ပြန်ငဲ့ကြည့်လိုက်တော့ စာအုပ်တွေနဲ့ စာရွက်စာတမ်း တွေပဲ ရှိသည်လေ။

" 'မ' ဘာကိုပြောတာလဲ။ စားပွဲပေါ်မှာ ဘာလဲ 'မ' "

ဖြူစင်ဆီမှ ရှိုက်သံထွက်လာပြီး –

"ကွာရှင်းစာချုပ်"

"ဟင်"



ကုဋေ ဖက်ထားမိတဲ့ ဖြူစင်ကိုယ်လေးကို လွှတ်ပေးလိုက်မိ သည်။ ကွာရှင်းစာချုပ်ဆိုသောကြောင့် ရင်ဘတ်ကြီးပွင့်ထွက်သွား သလို ခံစားရတာ တကယ်။ ချစ်လွန်းလို့ အမှားတွေလုပ်ခဲ့မိတာ အတွက် 'မ' ခွင့်မလွှတ်နိုင်ဘူးတဲ့လား။ ကုဋေ ရင်ဘတ်တွေ အောင့် တက်လာသည်အထိ ခံစားမှုက ပြင်းပြင်းရှရှပါ။

" 'မ' 'မ' အဲဒီလိုလားဗျာ။ မောင့်ကို အဲဒီလောက်တောင် မုန်းသွားပြီလား"

ဖြူစင် အိပ်နေရာမှ ထထိုင်လိုက်သည်။ ပြီးတော့ ဖရိုဖရဲ ကျနေသည့် ဆံပင်တွေကို စုသိမ်းပြီး ပခုံးရှေ့သို့ ချလိုက်၏။

"နင့်ကိုငါ မမုန်းဘူး ကုဋေ။ ဒါပေမဲ့ ငါ့ရင်ထဲမှာ နင့်အတွက် အချစ်လည်းမရှိတော့ဘူး။ ငါ့ရင်ထဲက ချစ်ခြင်းမုန်းခြင်းတွေကို နင် ဖယ်ထုတ်ပစ်လိုက်တာပါ။ နင့်ကိုငါ ဘယ်တော့မှ မမုန်းဘူး"

"မ"

"———"

"ပြောထွက်ရက်လိုက်တာ 'မ' ရယ်။ မောင် အခုလို အမှား တွေ တစ်ခုပြီးတစ်ခုလုပ်မိတာ 'မ' ကိုချစ်လွန်းလို့ပါ။ 'မ' ကို ဆုံးရှုံး ရမှာကြောက်တာ။ 'မ' နဲ့ ဝေးရမှာကို မခံစားနိုင်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



“တော်ပါတော့ ကုဋေ။ မင်းအချစ်တွေကို ငါ ကြောက်လွန်းလို့ပါ”

“မရယ်”

ဖြူစင် သူမျက်နှာကို လုံးဝမကြည့်ဘဲ အိမ်ရာထက်ကနေ ဆင်းလိုက်သည်။ ပြီးတော့ ကွာရှင်းစာချုပ်ကို သွားယူလိုက်ပြီး–

“အချစ်ဆိုတာကို သေမလောက်ကြောက်သွားအောင် ချစ်တတ်တဲ့ မင်းအချစ်ကို ငါ လေးစားပါတယ် ကုဋေ။ အသိအမှတ်လည်း ပြုပါတယ်။ ဒါပေမဲ့ ငါက ဘောင်ခတ်မှ ပိုလှတဲ့ပန်းချီကားမဟုတ်၊ ဘောင်ကိုရိုက်ချိုးမိတဲ့အတွက် ခွင့်လွှတ်ပါ။ ငါ မင်းအချစ်ရဲ့ဒဏ်ကို မခံနိုင်တော့ဘူး။ အဲဒါကြောင့် ကွာရှင်းစာချုပ်မှာ ငါ လက်မှတ်ထိုးထားပြီးပြီ”

“မ”

“––––––”

“မောင့်ကို ပြုပြင်ခွင့် ပြင်ဆင်ခွင့်တောင် မပေးတော့ဘူးလား ‘မ’ ရယ်။ မောင်နားလည်ပါပြီ။ နောက်မဖြစ်စေရဘူးလို့ မောင် ကတိပေးပါတယ်။ မောင့်ကို ပြုပြင်ခွင့်ပေးပါ”

“တော်ပါ၊ မင်းတင်ထားတဲ့ သံသယမျက်မှန်ကြီးက ဘယ်တော့





မှ ကျွတ်မှာ မဟုတ်ဘူး။ မင်း ‘မ’ ကို တကယ်ချစ်တယ်ဆိုရင် ‘မ’ ကို လွှတ်လပ်ခွင့်ပေးပါ။ မင်းခတ်ထားတဲ့ အတ္တဘောင်ကို ဖြုတ်ပေးပါ။ ‘မ’ မွန်းကျပ်လွန်းလို့ပါ ကုဋေ”

“မ ရယ်”

“ရော့ ယူလိုက်ပါ။ ‘မ’ လက်မှတ်ထိုးပြီးပြီ”

ကုဋေ စာချုပ်ကို လှမ်းယူလိုက်သည်။ လက်တွေက တဆတ်ဆတ်တုန်နေလို့ပါပဲ။ အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းလား။ ခွင့်လွှတ်ပေးဆပ်ခြင်းလား ကုဋေ ဝေခွဲမရတော့ပေ။ အခုတော့လည်း ‘မ’ စိတ်ချမ်းသာဖို့အတွက် စွန့်လွှတ်ပေးဆပ်ရတော့မည်ပေါ့လေ။

ဟိုအရင်ကတော့ –

ကိုယ်က ရယူပိုင်ဆိုင်ခဲ့သူပါ။ ကိုယ့်ရင်ခွင်မှာ နေရတာ မပျော်တော့ဘူးဆိုမှတော့ ထွက်သွားခွင့်ပေးရတော့မှာပေါ့။ ဒါကမှ အချစ်လို့အမည်တွင်မတဲ့လား။

“ကောင်းပါပြီ ‘မ’။ ‘မ’ စိတ်ချမ်းသာစေရပါ့မယ်။ သွားပါ။ ကျွန်တော့်ရင်ခွင်ထဲမှာ ‘မ’ မပျော်တော့ဘူးဆိုမှတော့ မောင် ထွက်သွားခွင့်ပြုရတော့မှာပေါ့”

ဖြူစင် ကိုယ့်မျက်ရည်တွေကို ကုဋေ ဆက်မမြင်စေချင်



www.burmeseclassic.com

www.burmeseclassic.com



တာကြောင့် ကျောနိုင်းကာ ထွက်လာခဲ့တော့သည်။

"မရယ်"

ကုဋ္ဌေ စာချုပ်ကို ကိုင်ထားလျက်မှ အိပ်ရာထက်မှာ မျက်နှာကို မှောက်ချလိုက်တော့သည်။ မျက်ရည်တွေ၊ ကျချင်သလောက် ကျပါစေတော့။ ကိုယ့်အတ္တတွေ ပြန်ရူးခံရတဲ့ နှလုံးသားက တကယ်ပဲ သေဆုံးသွားတော့မှာပေါ့လေ။

"မရယ် . . . ဟင့်"

မရယ်လို့ တမ်းတမ်းတတ ခေါ်မိရင်း –

"မောင်မှားတာပါ။ မောင်မှားခဲ့တာပါကွာ။ မောင် 'မ' ကို ချစ်လွန်းလို့ အတ္တကြီးခဲ့မိတာပါ"

မှားမှန်းသိလို့လည်း ကိုယ့်မှာ ပြင်ဆင်ခွင့်မရ၊ ဩော် ဆိုးလိုက်တဲ့ဘဝရယ်။

✻



## အခန်း (၃၂)

ဖြူစင် အဝတ်သေတ္တာကို ဘေးမှာချပြီး ဒေါ်ခင်မာညီရှေ့မှာ ဒူးထောက်၍ထိုင်လိုက်သည်။ အရင်က ပဋိပက္ခတွေနဲ့ အဆင်မပြေခဲ့တဲ့ ဒေါ်ခင်မာညီက နောက် သူ့ချွေးမဖြစ်လာတဲ့ ဖြူစင်အပေါ် ကောင်းပြီး

အရင်က သိပ်ချစ်ပါတယ်ဆိုတဲ့လူက –

အခု ဖြူစင်အပေါ် ရက်စက်ခဲ့သည်လေ။ ဒါကြောင့် လမ်းခွဲကြဖို့ ဆုံးဖြတ်လိုက်ပေမယ့် ရင်ထဲမှာတော့ နင့်နေအောင် ခံစားရသည်သာ။ တကယ်တော့ 'မ' မောင့်ကို မမုန်းပါဘူးမောင်။ ချစ်ဆဲ ချစ်နေပြီပါ။

"မေမေ"



www.burmeseclassic.com

www.burmeseclassic.com



"သမီး"

ဖြူစင် လက်အုပ်ချီလိုက်ပြီး –

"မေမေ့အပေါ်မှာ သမီး ကာယကံ၊ ဝစီကံ၊ မနောကံနဲ့ ပြစ်မှားမိတာရှိရင် ခွင့်လွှတ်ပါ မေမေ။ သမီး မေမေ့ကို ကန်တော့ခဲ့ပါတယ်"

"သမီးရယ်"

ဒေါ်ခင်မာညို ငိုလေတော့သည်။ တကယ်သံယောဇဉ်ရှိပြီဆိုမှ ခွဲခွာရတော့မည်။ ဒါ ကိုယ့်သားရဲ့ အသုံးမကျမှုတွေပါပဲ။ ဖြူစင်ကို မသွားစေချင်ပေမယ့် သူမလေးနေရာကနေ ဝင်ခံတားကြည့်တော့ မတားရက်ပေ။ သွားပါစေတော့။

ကိုယ့်သားနှိပ်စက်သမျှ ခံနေရတာ။ တစ်ခါမဟုတ် နှစ်ခါ မဟုတ်ဆိုတော့ သူ့ခမျာ နာကျင်နေရှာမှာပေါ့။ ဒါကြောင့် မတားတော့ ဘူးလေ။ လွှတ်မြောက်ပါစေတော့။

"မေမေ ခွင့်လွှတ်ပါတယ်သမီးရယ်။ ငါ့သမီးလေး လူတိုင်း ပါးစပ်ဖျားမှာ ရေပန်းစားပြီး ဒီထက် အဆပေါင်းများစွာ အောင်မြင်တဲ့ စာရေးဆရာမကောင်းတစ်ယောက် ဖြစ်ပါစေ။ စိတ်သွားလို့ကိုယ်ပါ လိုရာရနိုင်ပြီး ဆန္ဒနဲ့ဘဝ တစ်ထပ်တည်းကျပါစေကွယ်"





"ပေးတဲ့ဆုနဲ့ပြည့်ပါစေ မေမေ့"

"သမီး"

"ရှင်"

"ကျန်းမာရေးကို ဂရုစိုက်နော်။ ညည့်နက်အောင် စာမရေးနဲ့ ကြားလား။ အအိပ်ပျက်ရင် အစားပါပျက်တယ်။ ကျန်းမာရေးထိခိုက်မယ် သမီး"

"ဟုတ်ကဲ့ပါ မေမေ"

"မ"

ခြေသံက ကိုယ့်နောက်မှာရပ်သွားခြင်းနှင့်အတူ ကုဋေခေါ်သံကိုပါ ကြားလိုက်ရသည်။ ဖြူစင် လှည့်မကြည့်တော့ပါဘူး။ မြင်ရင် သံယောဇဉ်တွေ အမျှင်မပြတ်မှာစိုးလို့ပါလေ။

"တကယ်ပဲ သွားတော့မှာလား 'မ' ရယ်။ တားလို့မရတော့ ဘူးလားဗျာ"

"တွယ်မိတဲ့သံယောဇဉ်နဲ့ ချစ်ခဲ့တဲ့အချိန်တွေကို မငဲ့တော့ဘူး လား 'မ'။ မောင့်ကို တကယ်ပဲ ရက်စက်တော့မှာလား 'မ' ရယ်"

"အဟင့်"

"မ"



www.burmeseclassic.com

www.burmeseclassic.com



"အဟင့်"

" 'မ' မောင့်ကို တကယ်ပဲ ထားခဲ့တော့မှာလား။ တကယ်ပဲ ခွဲသွားတော့မှာလားဗျာ"

ကုဋေ ဖြူစင်လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး ငိုသံပါကြီးနှင့် ပြောလေသည်။ ဖြူစင် သူ့လက်ထဲကနေ သူမလက်ကလေးကို ဆွဲနုတ်ယူလိုက်မိ၏။ ပြီးတော့ စိတ်ကိုတင်းပစ်လိုက်သည်လေ။

"မင်း ဘာမှထပ်မပြောပါနဲ့တော့ ကုဋေ။ ငါ တောင်းပန်ပါတယ်။ ငါ့ကို သွားခွင့်ပြုပါ"

ကုဋေ ဖြူစင့်မျက်နှာလေးကို ငေးမောစွာကြည့်မိပြီး –

"ကောင်းပြီလေ . . . သွားပါ။ 'မ' သွားပါ။ မောင် မတားတော့ပါဘူး"

မောင် မတားတော့ပါဘူးဆိုပြီး ကုဋေ သူ့ပဲ ဖြူစင်အနားက နေ ထသွားလေတော့သည်။ အချစ်ဆိုတာ ပေးဆပ်ခြင်းလား၊ ရယူခြင်းလား။ ကုဋေပေးဆပ်ပါတော့မည်လေ။ 'မ' စိတ်ချမ်းသာဖို့အတွက် စွန့်လွှတ်လိုက်ပါတော့မည်။ သူပျော်ပါစေတော့၊ လွတ်လပ်ပါစေတော့။

"မေမေ"





"ဟင်"

"သမီးသွားတော့မယ်နော်"

"တားလို့မရတော့ဘူးလား သမီးရယ်။ တကယ်ပဲ သွားတော့မှာလား"

"သမီးကိုနားလည်ပေးပါ မေမေ။ သမီးကို သွားခွင့်ပြုပါ"

ပြောပြီး ဖြူစင် ထရပ်လိုက်တော့သည်။ ပြီး သေတ္တာကို ဆွဲပြီးထွက်လာခဲ့တော့၏။ ဒီအချိန်မှာ ရွှေပဒေသာပင် ငွေပဒေသာပင် ပေါက်ပေးမယ်ဆို ဖြူစင်မလိုချင်ပါဘူး။ မေ့ပင်ပေါက်ပေးမယ်ဆိုရင် မေ့ပင်အောက်ကိုပဲ ဝင်ပါရစေတော့။

"သမီး"

ဒေါ်ခင်မာညို ခေါ်သံကြောင့် ခြေလှမ်းတွေ ရပ်မလိုဖြစ်ပြီးမှ ဖြူစင် မရပ်တော့ပေ။ နောက်ကိုလည်း လှည့်မကြည့်ချင်တော့ပါဘူး။ ဒါကြောင့် ခြေလှမ်းသွက်သွက်နှင့် ဖွတ်တိုးထွက်လာခဲ့သည့်တွင်–

"ဖြူစင် ဖြူစင်"

"_____"

"ဖြူစင် နေပါဦး လုပ်ပါဦး ကုဋေသေတော့မှာပဲ ကယ်ပါဦး"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဖြူစင်တားမှရမှာ။ ဖြူစင် ကုရှေကို ကယ်ပါဦး"

ဖေါ်စီစီအော်သံကြောင့် ဖြူစင်လှည့်မကြည့်ပဲ မနေနိုင်တော့ပေ။

"ဟဲ့ မစီ သား ဘာဖြစ်လို့လဲ ပြောစမ်း"

"ဖြူစင်ကို ရိုက်မိတဲ့လက်ခိုပြီး နံရံကို လက်သီးတွေနဲ့ထိုးနေတာ လုပ်ပါဦး"

"ဒုက္ခပါပဲ၊ ဒါဆိုသွားရအောင် မစီ။ လာ မြန်မြန်"

"ဟုတ်ကဲ့"

ဒေါ်ခင်မာညိုနဲ့ ဒေါ်စီစီ ပျာပျာသလဲနှင့်ထွက်သွားကြလေတော့ ဖြူစင်မနေနိုင်တော့ပေ။ နံရံကိုလက်သီးနဲ့ထိုးနေတယ်တဲ့။ အဲဒီလိုလုပ်ရင် မောင့်လက်တွေ နာကျင်ဒဏ်ရာရကုန်မှာပေါ့။ ပြီးတော့ နောက်ထပ် သူ့အသက်ကို သူပြန်ပြီးရန်မရှာဘူးလို့ ပြောလို့ရမလား။

မောင်

မောင်ရယ်လို့ နှုတ်မှ ဖွဖွခေါ်မိခြင်းနှင့်အတူ စိုးရိမ်စိတ်တို့ကြောင့် လက်ထဲမှ သေတ္တာကို လွှတ်ချမိလျက်သား ဖြစ်သွားလေသည်။ ပြီးတော့ တိုက်ထဲသို့ ပြန်ပြေးဝင်လာခဲ့မိသည်သာ။

"မောင်"



"____"

"မောင်"

မောင် မောင်လို့ခေါ်ပြီး ပြေးလာမိတဲ့ခြေလှမ်းတွေက အပေါ်ထပ်သို့တက်ကာ လှေကားထစ်ရုံအောင် နင်းမိရဲ့လားတောင့်မသိပေ။ ဖြစ်နိုင်ရင် ခြေတစ်လှမ်းတည်းနဲ့ မောင့်ဆီရောက်သွားသည်အထိ စိတ်က အလျှင်စလိုပါ။

"သား မလုပ်နဲ့၊ မလုပ်ပါနဲ့"

"ကုရှေ စိတ်ထိန်းပါဦး"

"ဒီလက်တွေနဲ့ 'မ' ကိုရိုက်ခဲ့မိတာ။ အခု 'မ' ကျွန်တော့်ကိုထားခဲ့ပြီဗျ။ ဒီလက်တွေကြောင့် ဒီလက်တွေကြောင့်"

"သား"

ဒေါ်ခင်မာညိုနဲ့ ဒေါ်စီစီ ကုရှေကို အတင်းပဲ ဆွဲလွဲနေရသည်မှာ မနိုင်မနင်းပါ။

ဖြူစင်ရောက်လာတော့ ကုရှေလက်မှာ သွေးသံရဲရဲနှင့်မို့ ဖြူစင် မူးမိုက်လဲမတတ် နာကျင်ခံစားရပါသည်။ ဒါပေမဲ့ အတတ်နိုင်ဆုံး စိတ်ကိုထိန်းပြီး –

"မောင်"

www.burmeseclassic.com

www.burmeseclassic.com



“ ‘မ’ ကိုရိုက်မိတဲ့လက်ကို ကျွန်တော် အပြစ်ပေးပါရစေ။ ဖယ်ကြပါ၊ ဖယ်ပေးကြပါဗျာ”

“သား မလုပ်ပါနဲ့ သားရယ်”

“မောင်”

“ဟာဗျာ . . . ဟီး”

“မောင် မလုပ်နဲ့”

ဖြူစင် အတင်းပြေးပြီး ကုဋေ ခါးကိုဝင်ဖက်ထားလိုက်ပါတော့သည်။

“မလုပ်ပါနဲ့ မောင်ရယ်၊ ‘မ’ တောင်းပန်ပါတယ်။ မလုပ်ပါနဲ့ အဟင့် ဟင့်”

ကုဋေ ကျောမှာမျက်နှာကပ်ပြီး ဖြူစင် ငိုပါလေတော့သည်။ အစကတည်းက မချစ်လို့ပစ်ထားခဲ့တာမှ မဟုတ်ပဲလေ။ ချစ်လို့မှ ကိုယ့်ဘက်က နွေးထွေးကြင်နာခဲ့တာ။ သူ့အတ္တဘောင်ကို ချိုးပစ်ချင်လို့ ဥပေက္ခာပြုဖို့ ကြိုးစားကြည့်တာ။

မရဘူး –

မရခဲ့ဘူးလေ။ ဥပေက္ခာမပြုနိုင်ခြင်းတွေ မျက်ရည်ကို အတားအဆီးမဲ့ စီးဆင်းစေပြီး –





“မလုပ်ပါနဲ့ မောင်ရယ်။ မောင် လက်တွေ နာကျင်ကုန်မှာပေါ့။ ‘မ’ အဲဒီလောက်အထိ ဥပေက္ခာမပြုနိုင်ပါဘူးကွယ်”

“မ”

ကုဋေ သူ့ခါးကို ဖက်ထားတဲ့ဖြူစင်လက်ကို ဖယ်ချပြီး ဖြူစင်နဲ့ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။ ဖြူစင် လက်ချောင်းသွယ်သွယ်လေးတွေမှာ ကုဋေလက်က သွေးတွေပေစွန်းသွားပေမယ့် ဂရုမစိုက်နိုင်ပေ။

“ ‘မ’ မောင့်ကိုထားခဲ့ပြီး ဘယ်မှမသွားတော့ပါဘူး မောင်ရယ်။ ‘မ’ လည်း မောင့်ကိုချစ်ပါတယ်”

“ ‘မ’ ‘မ’ တကယ်ပြောတာနော်”

“တကယ်ပါ မောင်”

“မ ရယ်”

ကုဋေ ဖြူစင် ကိုယ်လေးကို လွတ်ထွက်သွားမှာစိုးသည့်အလား တင်းကျပ်စွာ ပွေ့ဖက်ထားလိုက်မိတော့သည်။ ‘မ’ ကထားခဲ့တော့မယ်ဆိုတော့ သူ့မှာ ခံစားလိုက်ရတာ ကမ္ဘာပျက်မတတ်ပါပဲ။ အဲဒီလောက် ချစ်သလားလို့မေးရင် အဲဒီလောက်ကိုပဲ ချစ်ခဲ့ပါသည်လေ။

“မောင် ဝမ်းသာလိုက်တာ ‘မ’ ရယ်။ မောင့်ကိုမထားခဲ့နဲ့။



www.burmeseclassic.com

www.burmeseclassic.com



နောက်ကို မောင် 'မ' စိတ်ဆင်းရဲအောင် ဘယ်တော့မှမလုပ်တော့ဘူး လို့ ကတိပေးပါတယ်"

"ကတိနော်"

"ကတိကွာ၊ ကတိ ကတိ။ မောင် 'မ' ကို မခွဲနိုင်ဘူး။ အဲဒါကြောင့် ပြုပြင်ပါ့မယ်"

"ခဏလွှတ်ပါဦး"

"မလွှတ်ဘူးကွာ"

"မောင်"

"နောက်ထပ် ထွက်ပြေးမှာစိုးလို့"

"မောင်နော် ... မေမေတို့ ရှိနေတာကို။ ပြီးတော့ မောင့်လက်မှာ သွေးတွေနဲ့"

ဖြူစင်က သူ့ရင်ဘတ်ကို အတင်းတွန်းလွှတ်နေသဖြင့် ကုဋေ ဖြူစင်ကိုယ်လေးကို လွှတ်ပေးလိုက်သည်။ ဒေါ်ခင်မာညိုကတော့ နှုတ်ခမ်းသားလေးတွေပြုံးလို့သာ။

"မစီရေ"

"ရှင် မညို"

"မုန့်တိုင်းစဲသွားပြီ တို့သွားရအောင်"



"ဟုတ်ကဲ့ မညို"

ဒေါ်ခင်မာညိုနဲ့ဒေါ်စီ အလိုက်သိစွာနှင့် ထွက်သွားကြလေတော့သည်။ ဖြူစင်က သွေးတွေရဲနေတဲ့ ကုဋေ့လက်ကို ကိုင်ပြီး–

"မောင်ရယ် ... သွေးတွေရဲနေတာပဲ ဆေးထည့်ရအောင်နော်"

"အခု တန်သွားပြီလေ၊ ဆေးမထည့်လည်း ရတယ်။ မိန်းမက မောင့်အတွက် ဆေးပဲဟာ"

"မောင်နော် ... အကဲမပိုနဲ့"

"မပိုပါဘူးဗျာ၊ လိုတောင်လိုနေသေးတယ်"

"ဟွန်း ... မပြောလိုက်ချင်ဘူး"

ဖြူစင် မျက်စောင်းထိုးပြီး ပြောလိုက်တော့ ကုဋေက ရယ်နေသည်။

"ကဲ ... ဆေးထည့်ရအောင် လာ"

"နေဦး"

"ဟင်"

"လိုတာတွေ ဖြည့်ပေးမယ်လေ"

"မောင်နော်"



www.burmeseclassic.com

www.burmeseclassic.com



" 'မ' နော်"

"ဘာမှန်းမသိဘူး"

"ဟင် . . . အခုထိ ဘာမှန်းမသိသေးဘူးလား"

"မသိဘူး"

"အရမ်းချစ်တယ်"

"ဘယ်လိုဖြစ်နေတာလဲ"

"အား"

ကုရှေ့က မြူစင်ကို အတင်းဖက်လေတော့ မြူစင် သူ့လက်ကို အတင်းဆွဲဖယ်လိုက်ရာ လက်ကဒဏ်ရာကို ကိုင်မိပြီး ကုရှေ့ အော်လေတော့သည်။

ဩော် . . . အခုမှပဲ နာရကောင်းမှန်း သိတော့တယ်။ အချစ်က အဲဒီလောက်တောင် အစွမ်းထက်သတဲ့လားကွယ်။

**ပရိသတ်များအားလုံးကို ချစ်ခင်လေးစားလျက်**

**မိုးစက်ပွင့်**



## မပြီးဆုံးနိုင်သော အလွမ်း

ငါ့နှလုံးသား
နွေသံလျက်ထန်လို့
မြူနှင်းများနှင့် ဒီ ဆောင်း
မှအေးချမ်းနိုင်ခဲ့ဘူး။
မနက်စောစော မိုးသောက်မှာ
ခပ်စိပ်စိပ်ကျတဲ့ မြူနှင်းများက
သူ့ပုံတူ ဆေးပန်းချီတွေရေးခွဲလို့
ဝမ်းသာအားရ လှမ်းခေါ်မိတယ်။
ဒါပေမဲ့

www.burmeseclassic.com

www.burmeseclassic.com

ငါ နွေကို ရောက်ခဲ့တယ်။
ဒီနွေမှာ
သစ်ရွက်ခြောက်တွေကို
ကြောက်လန့်ရင်း
လေပူတွေကို ပင့်သက်ရှိုက်မောမိတယ်။
ညည်းတွန်ကြူးသံကြားရယ်
သူ့ခေါ်သံနှင့်တူလို့
ဝမ်းသာအားရ လိုက်ကြည့်မိတယ်။
ဒါပေမဲ့
ငါ မိုးကိုရောက်ခဲ့တယ်။
ဒီမိုးမှာ
မိုးရနံ့ နှင်းဆီခပ်သင်းသင်းနှင့်
တိမ်ညိုတွေ အော်ငိုရင်း
မြက်စိမ်းလေးတွေ လှိုင်းထန်စေခဲ့တယ်။
သို့သော်
ငါးလေးတွေ ပျော်ရွှင်နေခဲ့ကြတယ်။
ဒါပေမဲ့
ဗျိုင်းလေးတွေ ချောင်းမြောင်းလို့
ငါးလေးတွေပုန်းခဲ့ကြတယ်။
ငါလည်း ပုန်းခဲ့ရတယ်။
ပုစွန်ခုန်သံကြားရင်တော့
သူ့ ခြေသံလားလို့
ငါ တွက်ကြည့်မိတယ်။
ဒါပေမဲ့
ဆောင်းကိုရောက်ခဲ့ပြန်တယ်။

**သစ္စာလင်း**

ကဗျာလေးပေးပို့ပါသော မောင်လေး သစ္စာလင်း။ အိမ်အမှတ် – ၁၄၄၁၊ ရွှေစင်ညိုလမ်း။ ၁၀၄–ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန် အား အထူးကျေးဇူးတင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

၂၀၁၇ မတ်

တွင် ဖတ်နိုင်ပါပြီ . . .

**မမသန္တာမောင်**

ဆုံနိုင်ခွင့်သာ ရှိခဲ့လျှင်

**ကြယ်စင်မှုံးဝေ**

အိပ်မက်ဦးမို့ လွမ်းဆယ်နေ

**မိုးစက်ပွင့်**

အလင်းဇော်လမင်းရဲ့ချစ်ခြင်း

**လှိုင်းကြာဖြူ**

ဆူးစူးတဲ့လိပ်ပြာ

www.burmeseclassic.com

www.burmeseclassic.com

## "ချစ်ရူးတဲ့ ဆိပ်ကြာ"

❀ မောင်... မောင်ဟာ တော်တော်အရူးကြီးတဲ့ ယောကျ်ားတစ်ယောက်ပါလား။
သွန်းနေရာမှာ မောင့်ညီမဆိုရင် ...ကိုယ့်ညီမအပေါ်လေးလေးစားစား
မရှိတဲ့ ယောကျ်ားတစ်ယောက်ကို ဒီတိုင်းလက်ပိုက်ကြည့်နေတော့မှာလား။

သွန်းတင့်တယ်

❀ အပြာရောင်မျက်လုံးတွေက ပြောတယ် ငါ့ကိုချစ်ပါ မချစ်ရင် ငါသေလိမ့်မယ်တဲ့။
အနက်ရောင်မျက်လုံးတွေက ပြောတယ် ငါ့ကိုချစ်ပါ
မချစ်ရင် မင်းကိုငါသတ်မယ်တဲ့။

သိုင်းဝိုင်း

❀ ကိုယ့်စကားမဆုံးသေးဘူး။ ဘာမှမဖြစ်ခဲ့ဘူးဆိုတာ သွန်းပြောတာလေ။
သွန်းကို မယုံကြည်နိုင်တာမျိုးမတွေ့တော့ အခြေအနေအရပ်ရပ်ကြောင့်
သွန်းဘက်က လိမ်ညာလိုက်ရတာမျိုးရှိမှာပဲလေ။

ကျော်ဖုန်းမိုရ်

❤ ❤ ❤ ❤

လှိုင်းကြာဖြူ (လားရှိုး)

## ထုတ်ဝေပြီးသော စာစီစာကုံးများ

အလယ်တန်းအဆင့်

**ရွှေဆုရှင်၏ လက်ရာမွန်**

စာစီစာကုံးများ

စာစီစာကုံး အမှတ်(၁)

---

ဤဘာသာ ထုတ်ဝေရှင်

**ရွှေဝတီထွန်းလွင်**

**ပန်းမြားရောင်**

**အထက်တန်းအဆင့်**

စာစီစာကုံးများ

စာစီစာကုံး အမှတ်(၂)

---

ဤဘာသာ ထုတ်ဝေရှင်

**သိဒ္ဓိလွင်သူ**

**ပုလဲရောင်**

**အထက်တန်းအဆင့်**

စာစီစာကုံးများ

စာစီစာကုံး အမှတ်(၃)

[illegible]စာပေ
အမှတ် ၂၂ – [illegible] (ဗိုလ်ချုပ်အောင်ဆန်းကွင်းထိပ်အနီး)
[illegible] ဖုန်း – ၀၉ [illegible]

www.burmeseclassic.com